# ကျောက်ပန်း တောင်း မြို့နယ်၊ ဆည် ပေါက်ရွာ နေသူတို့၏ လူမှုရေး အခြေအနေများ ကို စီး ပွါး ရေး နှင့်ယှဉ်တွဲလျက် ကွင်း ဆင်း လေ့လာ သုံး သပ်ခြင်း။

(၁၉၅၃ မှ ၁၉၇၃၊ ခု နှစ် အထိ)

ပြု စု သူ - မောင် ကျော် ဟန်၊

(၁၉၇၃ ခုနှစ်)

မ နု သ ဗေ ဒ ဌာ န၊
ဝိ ဇ္ဇာ နှင့် သိပ္ပံ တက္ကသိုလ်၊ ရန်ကုန်။

# မာတိကာ။


| စဉ်။ | အကြောင်းအရာ ။ | စာမျက်နှာ ။ |
|---|---|---|
| ကျမ်းဦးစကား ။ | | ၁ |
| ကျမ်း၏နိဒါန်း ။ | | |
| (၁) | ကျမ်းပြုသူ၏ ရည်ရွယ်ချက်။ | ၄ |
| (၂) | ကျမ်း၏ ခေါင်းစဉ်ကို ရှင်းလင်း ဖော်ပြခြင်း။ | ၇ |
| ကျမ်း၏စာကိုယ်။ | | |
| အခန်း(၁)(၁) | ဆည်ပေါက်ရွာ၏ ဇာတာရ၊ ဝိသေသနှင့် နောက်ကြောင်းသမိုင်း ။ | ၁၄ |
| (၂) | ဆည်ပေါက်ရွာ၏ ပထဝီအနေအထား၊ ဖွဲ့စည်း အုပ်ချုပ်ပုံအဆိဝ်ခြေ၊ လူဦးရေနှင့်လူမျိုး ။ | ၂၀ |
| အခန်း(၂) | ဆည်ပေါက်ရွာနေသူတို့၏လက်ရှိစီးပွားရေး အခြေအနေများ ။ (က) အစိုးရဝန်ထမ်း၊ နေ့စား၊ လစားအဖြစ် လုပ်ကိုင်မှု ။ (ခ) လယ်ယာစိုက်ပျိုးမှုနှင့်ထန်းလျက် လုပ်ငန်း ။ (ဂ) ခြံဥယျာဉ်စိုက်ပျိုးမှု ။(ဃ) မွေးမြူရေး။ (င) အိမ်တွင်းစက်မှုလက်မှုလုပ်ငန်း။(စ) ရောင်းဝယ် ဖေါက်ကားမှု ။ (ဆ) မိသားစုများ၏တလပျမ်းမျှဝင်ငွေ။ | ၃၄ |

စဉ်။ | အကြောင်းအရာ ။ | စာမျက်နှာ ။

အခန်း(၃) ဆည့်ပေါက်ရွာ နေသူတို့၏ ၁၉၅၃ မှ ၁၉၆၂ ခုနှစ်အတွင်း၊ လူမှုရေးအခြေအနေများ(အစိုးရ၏ စီမံကိန်း ဆောင်ရွက်ချက်များအပါအဝင်)ကိုယင်းတို့၏ စီးပွားရေးနှင့်ယှဉ်တွဲလျက်အကျဉ်းချုပ်တင်ပြသုံးသပ်ခြင်း ။ ၅၅

အခန်း(၄) ဆည့်ပေါက်ရွာ နေသူတို့၏ ၁၉၆၂ မှ ၁၉၇၃ ခုနှစ်အတွင်း၊ လူမှုရေးအခြေအနေများ(အစိုးရ၏ စီမံကိန်း ဆောင်ရွက်ချက်များအပါအဝင်)ကိုယင်းတို့၏ စီးပွားရေးနှင့်ယှဉ်တွဲ၍ ဖေါ်ပြပါကဏ္ဍများအလိုက်အသေးစိတ် လေ့လာတင်ပြလျက်၊ ပတ်ဝန်းကျင် ကျေးရွာများ နှင့် နှိုင်းယှဉ်သုံးသပ်ပြခြင်း ။ ၇၆

(၁) လူမှုဆက်ဆံရေးနှင့် ဆောင်ရွက်မှုကဏ္ဍ ။ ၇၉

(က) မိသားစုဖွဲ့စည်းပုံ၊ နေထိုင်ဆက်ဆံရေး သွင်ပြင်၊ ခေါ် ဝေါ်သုံးနှုန်းပုံများ၊ တာဝန် ဝတ္တရားများ၊ အမွေဆက်ခံခြင်း၊ အိမ်ထောင်ရေး။

(ခ) ဆွေမျိုးရပ်ရွာဆက်ဆံပုံနှင့်လူမှုကိစ္စတာဝန် ဝတ္တရားများ(သာရေး၊ နာရေး ကိစ္စများနှင့် ရပ်ရွာဖွံ့ဖြိုးရေးကိစ္စများအတွက်၊ တဦးချင်းနှင့် စုပေါင်း ဆောင်ရွက်ခြင်းများ )။

(၂) ကျန်းမာရေးနှင့်အားကစားကဏ္ဍ ။ ၁၀၃

(က) တကိုယ်ရေကျန်းမာရေးနှင့်အားကစား ။

(ခ) အိမ်ထောင်စုအတွင်းကျန်းမာရေး ။

(ဂ) ရပ်ရွာ ပတ်ဝန်းကျင်ကျန်းမာရေးနှင့် အားကစား ။

(၃) ပညာရေး ကဏ္ဍ ။ ၁၁၃

(က) လောကုတ္တရာပညာ။

(ခ) ခေတ်ပညာ။

(၄) နိုင်ငံရေးသာသနာတရားကဏ္ဍ ။ ၁၂၃

မရှုမွန် နိုင်ငံရေးနှင့်သာသနာတရားခံယူချက်။

(၅) ဘာသာရေးနှင့်မိရိုးဖလာယုံကြည်မှုကဏ္ဍ ။ ၁၂၅

(က) ဘာသာရေးကိုးကွယ်ယုံကြည်မှုနှင့် ဆောင်ရွက်ချက်များ ။

(ခ) မိရိုးဖလာယုံကြည်မှုနှင့် ဆောင်ရွက်ချက်များ ။

(၆) တရားဥပဒေကဏ္ဍ ။ ၁၄၅

(က) တရားစီရင်ခြင်း ။

(ခ) ပြစ်မှု ကြိုတင်ကာကွယ်ခြင်းနှင့်တရားဥပဒေစိုးမိုးရေး ။

| စဉ်။ | အကြောင်းအရာ ။ | စာမျက်နှာ ။ |
|---|---|---|


ကျမ်း၏နိဂုံး ။

သုံးသပ်အကြံပေးခြင်း ။ ၁၅၁

ဖြေကြားသူများစာရင်း ။

ကျမ်းကိုးစာရင်း ။

မြေပုံများ ။

## ကျမ်းဦးစကား ။

ကျေးဇူးတော်ရှင်မိဘနှစ်ပါး နှင့်ဆရာသမား များအား ဦးထိပ်ထား၍၊ ကျွန်ုပ်သည် "ကျောက်ပန်းတောင်းမြို့နယ်၊ ဆည်ပေါက်ရွာ နေသူတို့၏ လူမှုရေး အခြေအနေများကို စီးပွားရေးနှင့် ယှဉ်တွဲလျက်၊ တွင်းဆင်း လေ့လာသုံးသပ်ခြင်း ၊ (၁၉၅၃ မှ ၁၉၇၃ ခုနှစ်အထိ)" ခေါင်းစဉ်ပါကျမ်းကိုတွင်းဆင်း လေ့လာပြုစုပြီး ၊ မဟာဝိဇ္ဇာ (မနုဿဗေဒ) ဘွဲ့ အတွက်ဖြည့်စွက်တင်သွင်းပါသည်။

ဤသို့ ကျွန်ုပ်၏ကျမ်းကို အောင်မြင်စွာပြုစုတင်သွင်းနိုင်ရန် တွင်းဆင်းသုတေသနပြုရာတွင်အဘက်ဘက်မှကြိုးစား ကူညီပေးကြသော–

(၁) ဆည်ပေါက်ရွာ၊ ဘုန်းတော်ကြီးများအား ၎င်း ၊

(၂) ဆည်ပေါက်ရွာအုပ်စု၊ ကျေးရွာလုံခြုံရေး နှင့်အုပ်ချုပ်မှုကော်မတီအဖွဲ့အစည်းများအား ၎င်း ၊

(၃) ဆည်ပေါက်ရွာလူကြီးများ နှင့်ရွာသူရွာသားများအား ၎င်း ၊

(၄) ဆည်ပေါက်ရွာအနီး ရဝေဖြစ်ခြံ၊ သစ်တောဌာန၊ မိုးလေဝသ၊ ထီးငွမ်းစက်၊ ဖွန်စက်စခန်း ၊ များမှ ကာယဉာဏလုပ်သားများအား ၎င်း ၊

(၅) ဆည်ပေါက်ရွာအုပ်စုပိုင် ကျောက်ပန်းတောင်း မြို့မြေစာရင်းဌာနအား ၎င်း ၊

(ဖ) ဈေးချိုင်က်ရှိ လူကြီးများ နှင့် ရှိသူ ရှိသားများ အား ငင်း၊

(ရ) အင်ချောင်းရှိ လူကြီး များ နှင့် ရှိသူ ရှိသား များ အား ငင်း၊

(ဂ) ကျောက် ပန်း တောင်း မြို့၊ အစိုးရ ဓါတ် မြေ ဩဇာ ဖြန့်ဖြူး ရေး ဌာန အား ငင်း၊

ဖိတ်ကြားလွှာ ကျေးဇူးတင် ၇ ကြံပြုပါကြောင်း။

(မောင် ကျော်ဟန်)

ကျမ်း ပြုသူ။

## ကျမ်း ၏ နိဒါန်း ၊

(၁) ကျမ်း ပြုသူ၏  ရည်ရွယ်ချက်။

(၂) ကျမ်း ၏ ခေါင်းစဉ်ကို ရှင်းလင်း ဖေါ်ပြခြင်း။

## (၁) ကျမ်းပြုသူ၏ရည်ရွယ်ချက်။

ပြည်ထောင်စုမြန်မာနိုင်ငံသည်၊ ၁၉၆၂- ခုနှစ်မှစ၍၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ဖြင့်သာယာဝပြောသောဆိုရှယ်လစ်လောကသစ်သို့အမြန်ဆုံး ရောက်ရှိအောင်၊အဘက်ဘက်မှအား သွန်ခွန်စိုက်ကြိုး စား ဆောင်ရွက်လျက်ရှိပေသည်။ သို့ဖြစ်ရာ၊ လှည်းနေလှေအောင်း၊မြင်းဇောင်းမကျန် ညွန့်ပေါ်တိုင်း ရင်းသား လုပ်သား ပြည်သူအားလုံး သည်လည်း နိုင်ငံအကျ ကိ ဝိဝိတို့တက်စွမ်း သည့်ဘက်မှ၊ ကိုယ်စွမ်း ၊ ဉာဏ်စွမ်း ငွေသမျှဦး လည်းမသုံပါဝင် ဆောင်ရွက် ကြိုး စား ကြရပေမည်။

ယင်း သဘောတရား ကို၊ မြန်မာ့ဆိုရှယ်လစ်လမ်း စဉ်ပါတီ၏ တွေး ခေါ် မြော်မြင် ရေး သဘောတရား စာတမ်း တွင်လည်း ပြည်သူတို့တာဝန်အခန်း ၌ အောက်ပါအတိုင်း ဖော်ပြတိုက်တွန်း ထား ပေသည်။

"နိုင်ငံတော်၊ တော်လှန် ရေး ကောင်စီသည် ပြည်သူတို့ကို ယုံကြည်၏၊ ပြည်သူတို့၏ ဖန်တီး နိုင် သော စွမ်း အား ကိုလည်း ယုံကြည်၏။

ထို့အတူ ပြည်သူတို့ကလည်း ၊ နိုင်ငံတော်၊ တော်လှန် ရေး ကောင်စီကဦး ဆောင်သွား အံ့ သောအမျိုး သား ခေတ် ပြောင်း တော်လှန် ရေး လုပ်ငန်း စဉ်ကြီး တွင် တာဝန်သိသိဖြင့်ပါဝင်ကြမည်ဟုယုံကြည် ပေသည်။

သို့ယုံကြည်သည့်အတိုင်း ၊ နိုင်ငံတော်၊ တော်လှန် ရေး ကောင်စီသည်ပြည်သူတို့နှင့်လက်တွဲတာ၊ သာယာဝပြော သောဆိုရှယ်လစ် လောကကြီး သို့ အရောက်သွား မည်ဖြစ် ကြောင်း ထပ် လောင်း ကျေညာအပ်ပါသည်။"[၁]

---

၁။ စာမျက်နှာ ၉၀၊ "လူနှင့်ပါတ်ဝန်းကျင်တို့၏အညမညသဘောတရား" မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၊ စာပေဗိမာန်ပုံနှိပ်တိုက်။

ထို့ပြင်၊ တက္ကသိုလ်ပညာရေး ခံယူချက်နှင့်ပတ်သက်၍လည်း၊ ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံတက္ကသိုလ်ပညာရေး ဥပဒေ၏ နိဒါန်းပိုင်း၌ အောက်ပါအတိုင်း ဖော်ပြထားပေသည်။

“ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေး ကောင်စီသည်မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်အရ၊ ပြည်ထောင်စုမြန်မာနိုင်ငံတွင် ဆိုရှယ်လစ်စီးပွားရေး၊ ပြည်သူ့ရေးရာစီမံခန့်ခွဲရေး၊ လူမှုရေး စနစ်များကိုထူထောင်လျက်ရှိရာ၊ ပြည်ထောင်စုမြန်မာနိုင်ငံတက္ကသိုလ်ပညာရေး စနစ်မှာထိုဆိုရှယ်လစ်စီးပွားရေး၊ ပြည်သူ့ရေးရာစီမံခန့်ခွဲရေး၊ လူမှုရေး တည်ဆောက်မှုကိုအထောက်အကူပြုသည့်ပညာရေး စနစ်သာဖြစ်ရန် လိုအပ်သောကြောင့်၊ တော်လှန်ရေး ကောင်စီသည် အောက်ပါဥပဒေကိုပြဋ္ဌာန်းလိုက်သည်။”[၁]

ယင်း ဥပဒေ၏အခန်း ၃၊ ရည်မှန်းချက်များ အပိုဒ် ၊ (ဃ) တွင်လည်း “ ဆိုရှယ်လစ်စနစ်တည်ဆောက်ရေး လုပ်ငန်း အောင်မြင်မှုကို ရှေးရှု၍ သုတေသန လုပ်ငန်းများ ဆောင်ရွက်ရန်” ဟူ၍အတိအလင်း ဖော်ပြတိုက်တွန်းထားပါသည်။

---

၁။ ၁၉၇၃ ခုနှစ်ပြည်ထောင်စုမြန်မာနိုင်ငံတက္ကသိုလ်ပညာရေးဥပဒေ။ (၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေး ကောင်စီဥပဒေအမှတ် ၁၃)၊ ၂၉-၁၀-၁၉၇၃။

ဖွံ့ဖြိုးစေသော နေပြည်တော်နိုင်ငံ၏အလျင်လိုအကျိုး ပြုလုပ်ငန်း စီမံကိန်း များ နှင့်ပညာရပ်(မနုဿဗေဒ)ဆိုင်ရာ ရေရှည်အကျိုး ပြုလုပ်ငန်း စီမံကိန်း များ အတွက်အနည်း နှင့်အများ အထောက်အကူဖြစ်စေရန် ရည်ရွယ်လျက်၊ `` ကျောက်ပန်း တောင်း မြို့နယ်သည် ပေါက်ရွာ နေသူတို့၏ လူမှုရေး အခြေအနေများ ကိုစီးပွားရေးနှင့်ယှဉ်တွဲလျက်ကွင်းဆင်းလေ့လာသုံးသပ်ခြင်း (၁၉၅၃၊ မှ ၁၉၇၃ ခုနှစ်အထိ) `` ခေါင်း စဉ်ပါကျမ်း ကိုကွင်းဆင်း လေ့လာပြုစုပါသည်။

နိုင်ငံ၏အလျင်လိုအကျိုး ပြုလုပ်ငန်း စီမံကိန်း များ အတွက် ထောက်ကူ စေရန်မှာ၊ ပြည်ထောင်စုမြန်မာ နိုင်ငံသည်သာယာဝပြော သောဆိုရှယ်လစ် လောကသစ်သို့အမြန်ဆုံး ရောက်ရှိ အောင်မြန်မာ့ဆိုရှယ် လစ် လမ်း စဉ်ဖြင့်အဘက်ဘက်မှအား သွန်ခွန်စိုက်ကြိုး စား ဆောင်ရွက်ခဲ့ရာ ၁၉၆၂ ခုနှစ်မှစ၍၊ ယခုအချိန်အထိ၊ ကာလသက်တန်း အား ဖြင့် ၁၁ နှစ် ကျော်၁၂ နှစ်အတွင်း သို့ရောက်ရှိခဲ့ပေပြီ၊ သို့ဖြစ်၍၊ ၎င်း အချိန်ကာလ အတွင်း၊ နိုင်ငံအတွက်ကြိုး စား ဆောင်ရွက်ချက်များ၊ စီမံကိန်း များ မည်မျှအထိ၊ အောင်မြင်ထိုး တက် ကြောင်း ကို ၁၉၆၂ ခုနှစ်မတိုင်မီက ရှိခဲ့သော အခြေအနေများ နှင့်နှိုင်း ယှဉ်လျက်၊ ခေတ်ပြောင်း တော်လှန် ရေး၊ တည် ဆောက် ရေး ကာလ၊ စဝ်ကူး မတ်ကူး အချိန် နှင့်ချင့်ချိန်ပြီး သုံး သပ်ပြ ပါမည်။ ဤတွင်၊ အကယ်၍ ပျော့ကွက်၊ ဟာကွက်များ တွေ့ရှိ နေပါကလည်း အချိန် မီပြုပြင်နိုင် ရန်တင်ပြအကြံ ပေး လိုသော ကြောင့်မြန်မာ့ ကျေး လက်( ကျောက်ပန်း တောင်း မြို့နယ်သည် ပေါက်ရွာ) နေသူတို့၏လူမှုရေး အခြေအနေများ ကိုယင်း တို့၏စီးပွား

ရေး နှင့်ယှဉ်တွဲလျက်ရှင်း လင်း လေ့လာသုံး သပ်ခြင်း ဖြစ်ပါသည်။

နိုင်ငံ၏ပညာရပ်(မနုဿဗေဒ)ဆိုင်ရာ ရေရှည်အကျိုး ပြုလုပ်ငန်း အဖြစ်ရည်ရွယ်သည်ကား ၊ ကျွန်ုပ်သင်ယူလိုက်စား နေသော မနုဿဗေဒပညာရပ်သည်လူမျိုး၏ ခန္ဓာကိုယ်ရုပ်ပိုင်း နှင့်လူမျိုး၏ မူ၊ နေထိုင်ကျင့်ကြံသည့်ယဉ်ကျေး မှုပိုင်း တို့ စနစ်တကျ လေ့လာပြီး ၊ လူ့အဖွဲ့အစည်း အတွက်ပြန်လည်အကျိုး ပြုပေး ရ သော ပညာရပ်ဖြစ်သည့်အား လျော်စွာမြန် မာလူမျိုး တို့၏လူမှုရေး ဆိုင်ရာယဉ်ကျေး မှုဓလေ့ထုံး စံများ (မြန်မာပြည် အလယ်ပိုင်း သည် ပေါက်ရွာ)ကိုမနုဿဗေဒနည်း စနစ်များ အရရှင်း သင်း သုတေသနပြုကာ မှတ်တမ်း တင် ပေး လျက် မဟာဝိဇ္ဇာသွဲ့ယူကျမ်း အဖြစ်ပြုစုတင် သွင်း ပြီး မနုဿဗေဒပညာရပ်ဆိုင်ရာ မှီငြမ်း ပြုကျမ်း တစ်စောင်အဖြစ်တည် ရှိ စေရန်ရည် ရွယ်ခြင်း ဖြစ်ပါသည်။

## (၂)ကျမ်း ၏ ခေါင်း စဉ်ကိုရှင်းလင်း ဖော်ပြခြင်း ။

ရှေ့တွင် ဖော်ပြ ခဲ့ပြီး သော၊ ကျွန်ုပ်၏ ရည် ရွယ် ချက် များ ကိုအ ကောင်အထည် ဖော် နိုင်ရန်၊ " ကျောက်ပန်း တောင်း မြို့နယ်၊သည်ပေါက် ရွာ နေသူတို့၏လူ မှုရေး အ ခြေအ နေ များ ကို စီး ပွား ရေး နှင့်ယှဉ်တွဲလျက်ရှင်း လင်း လေ့လာသုံး သပ်ခြင်း (၁၉၅၃ မှ ၁၉၇၃ ခုနှစ်အထိ) ဟူ သောကျမ်း ခေါင်း စဉ်ကိုကျွန်ုပ် ရွေး ချယ် ပါသည်။

ယင်း ခေါင်း စဉ်တွင် "လူ မှုရေး" နှင့် "စီး ပွား ရေး" ဟူ သော ဝေါဟာရ ၂မျိုး ပါရှိရာ၊ "လူ မှုရေး အ ခြေအ နေ များ" ဟူ သော အ သုံး အနှုန်း၌ လူ မှုဆက် ဆံ ရေး ၊ ကျန်း မာ ရေး ၊ ပညာ ရေး ၊ နိုင်ငံ ရေး အ

ဘောတရား ၊ ဘာသာရေး ၊ တရား ဥပဒေ စသည်တို့၏အခြေအနေများ ပါဝင်ပါမည်။

လေ့လာသည့်အချိန်အပိုင်းအခြားအားဖြင့်လည်း ၁၉၅၃ မှ ၁၉၇၃ ခုနှစ်အထိအနှစ် ၂၀ ကာလသတ်မှတ်ထားခြင်း မှာ ၁၉၆၂ ခုနှစ် တော်လှန်ရေး ကောင်စီတက်ပြီး သည့်မှာ ခုအချိန်အထိ ( ၁၀ ) နှစ်ကာလအတွင်း ၊ လူမှုရေး အခြေအနေများ ၊ မည်မျှတိုးတက်လာ ကြောင်းကို ၁၉၆၂ ခုနှစ် မတိုင်မီ ( ၁၀ ) နှစ်ကာလတွင်ရှိခဲ့သော လူမှုရေး အခြေအနေများ နှင့်နှိုင်းယှဉ်ရန် သတ်မှတ်လိုက်ခြင်းဖြစ်ပါသည်။

ယင်း ခေါင်းစဉ်အကြောင်း အရာနှင့်သည် ပေါက်ရှာလို ရွေးချယ်ရခြင်း အကြောင်း မှာယ နေ့မြန်မာနိုင်ငံသည် ခေတ်သစ်စနစ်သစ် ပြောင်းလဲလု ဆောင်ဆဲ၊ စပ်ကူး မတ်ကူး ကာလဖြစ်ကာ ၊ တနည်း အား ဖြင့် အရင်း ရှင်း စီး ပွား ရေး စနစ်မှဆိုရှယ်လစ်စီး ပွား ရေး စနစ်သို့ ပြောင်းလဲလု ဆောင် နေရာတွင်ပြည်တွင်း ပြည်ပအနှောင့်အယှက်အခက်အခဲအမျိုး မျိုး တို့ကြောင့်၊ နိုင်ငံ၏စီး ပွား ရေး မှာကြိုး စား သည်နှင့်အမျှတိုး တက်သင့်သလောက် မတိုး တက်ခဲ့ပေ။ ဤတွင် နိုင်ငံတရပ်၏စီး ပွား ရေး တိုး တက်မှလူမှုရေး တိုးတက်နိုင်သည်ဟု သော ယေဘုယျသဘောရှိသော်လည်း စီး ပွား ရေး မတိုး တက်၍လူမှု ရေး မတိုး တက်နိုင်ဟုတရား သေမှတ်မထား သင့်ပေ။ လူတိုင်းအသည်၊ စိတ်ဓာတ် ရှိမှ၊ သဒ္ဓါကိုယ်ရှိမှ ၊ ဥာဏ်ရှိမှ ၎င်းအမြဲ စား လုပ် ဆောင်လျှင်အနည်းနှင့် အများ တိုး တက် ကောင်း မွန်လာ နိုင် သော ကြောင့်လူသာလျှင်ပဓါန၊ လူသာလျှင်အဓိက ရှေ့ဆောင်ဖြစ်ပါသည်။ ယင်း သဘောတရား ကိုမြန်မာ့ဆိုရှယ် လစ်လမ်း စဉ်ပါတီ၏ ပျူး ဝေါ ပြောင်းပြန် ရေး သဘောတရား စာတမ်းတွင်လည်း

အောက်ပါအတိုင်း ဖေါ်ပြန်၊ ထား ပါသည်။

“ လူ့ဘောင်သဘိုင်း၏ ပြောင်း လဲမှုများ ကိုမပါနအား ဖြင့်ဆောင်ကြဉ်း အုပ်ချုပ်အသစ်၌ သောလူသား ပင်ဖြစ် လေသည်။ အဘိဓ ဝက် ၌ သောလူသား ပင်ဖြစ် လေသည်။

လူတို့၏ကြိုးစားအား ထုတ်ခြင်း များ သည်၊ လူတို့လုပ်ငန်း အား လုံး ဖြစ် ပြောက် ဆောင်ဖြစ်မှုများ တို့ဦး စီး ဦး ဆောင်ကြသည် ။

ထို့ကြောင့်လူ့သမိုင်း၏ဖြစ် ပေါ် ကိုး တက် ရေး ထွန်းလူ သည်သာလျှင်ပမါန ရှေ့ဆောင် ဖြစ် လေသည်။

ထို့ကြောင့်လူ့ဘောင်၏မြဲအနာ များ ကို ဖြေရှင်းရာတွင် လူသာပမါနထူ သော ဆောင်ပုဒ်ကိုလက်ကိုင် မြဲရမည်”[၁]

ယင်း သဘောတရား ကိုရည်ညွှန်း လျှက်လူ့သမိုင်း ကိုမနု သာ ဝေဒအမြင်အရသာန်း စစ်မြဲရ သော်၊ “လူ” ဟူသည်တည်ထွင်၊ ကြံဆ၊ လုပ်ကိုင်တတ် သည့်အဘိဓဝက်စွမ်း အား အရှိဆုံး သောသတ္တဝါတစ်မျိုး ပင်ဖြစ်ပါသည်။ ထို့ကြောင့် ဤသတ္တလောကကြီး တွင်၊ လူသည် စွမ်း ရည်အင်အား အရှိဆုံး ၊ အသုံး အဝင်ဆုံး ၊ အမှန်ပြတ်ဆုံး နှင့်ပမါနအကျဆုံး ဖြစ် ပေသည်။ ဤသို့ဖြစ်ရခြင်း မှာလည်း ၊ လူတွင် အခြား သတ္တဝါများ ထက်ပို၍ထူး ခြား စွာ စွမ်း ဆောင် နိုင် သောတိုက်အင်များ၊ ၌အတွဲ့အိုထူး ခြား သောအမြင်အ မှုများ ကိုပါတည်ထွင်မြဲလုပ် နိုင်ခြင်း ကြောင့် ဖြစ် ပေသည်။

---

[၁] စာ ၁ မျက်နှာ ၁၆ “ လူနှင့်ပတ်ဝန်း ကျင်တို့၏အညာပညာ သဘောတရား”မြန်မာ့ဆိုရှယ်လစ်လမ်း စဉ်ပါတီ၊ ဗဟိုဌာနချုပ်ပုံနှိပ်တိုက်။

ကိုယ်အင်္ဂါများ ထူးခြားစွာဖြစ်ပေါ်လာရခြင်း၊ ကိုရှင်ဖိုင်း မနုဿဗေဒအရ၊ သရုပ်ခွဲပြရသော်၊ လူသည်သတ္တလောကကြီး အတွင်း၊ အခြား သတ္တဝါများ နှင့်အတူသက်ရှိတို့၏ဆင့်ကဲဖြစ်စဉ်လမ်းကြောင်းအတိုင်း သဘာဝပတ်ဝန်း ကျင်နှင့်လိုက်လျော်ညီထွေ အောင်ကြိုး စား မှုဖြင့် ရှင်သန် နေထိုင်လာခဲ့ရခြင်း ဖြင့်၊ ထူး ခြား စွာ စွမ်း ဆောင်နိုင် သော ကိုယ်အင်္ဂါများ ဖြစ်ပေါ်ပိုင်ဆိုင်လာခဲ့ရခြင်း ဖြစ်ပေသည်။ ယင်း တို့မှာ–

(၁) သဘာဝပတ်ဝန်း ကျင်နှင့်လိုက် လျော်ညီ ထွေ အောင်ပြုပြင် မန်တီး နိုင်သည့်ကိုယ်ခံအ နေအထား များ၊ အခြား သတ္တဝါများ ထက်ပိုရှိခြင်း။

(၂) ထူး ထွေကြီး မား သောဦး နှောက်နှင့်အသိစွမ်း အား ရှိခြင်း ။

(၃) မိမိ၏ ခြေ ထောက် ပေါ်တွင်ကိုယ်ခန္ဓာကိုတည့်မတ်နိုင်ခြင်း၊ ကြာရှည်စွာ ရပ်တည် နေနိုင် ခြင်း ။

(၄) သေး ငယ် သောအရာမှ စ၍အရာဝတ္ထုများ ကိုဖြုံဖြန်းစွာဆုပ်ကိုင်ထား လှုပ်ရှားထိ ရောက်စွာအသုံး ပြုနိုင်ရန်လက်မ နှင့်အခြား လက် ချောင်း များ မျက်နှာချင်း ဆိုင်နှစ်ဘက်ယှဉ်အ နေအထား တွင် ရှိခြင်း ၊ စသည့်ထူး ခြားသော အင်္ဂါလက္ခဏာရပ်ကြီး များ ဖြစ်ပါသည်။

လူ၏အပြုအမူကိုယဉ် ကျေး မှုမနုဿဗေဒအရ၊ ဆန်း စစ်ပြရ သော်၊ လူသည်ထူး ခြား သောယဉ် ကျေး မှုကိုတည်ထွင်ပိုင်ဆိုင်ဖြန့် ဖြူး နိုင်ခြင်း ၊ ပိုမို ကောင်း မွန်တိုး တက်လာရန်အဆင့်ဆင့်ကြိုး စား မန်တီး လာ နိုင်ခဲ့ရာယ နေ့ ခေတ် အဆင့်အထိ ရောက်ရှိလာ ခဲ့ခြင်း ဖြစ်ပေသည်။ ဤသို့ ရောက်ရှိလာ ရန်အတွက်လည်း (၁) ကျောက် ခေတ်၊ (၂) ကြေး ခေတ် ၊ (၃) သံ ခေတ်၊ (၄) အနုမြူခေတ်၊ ထူး၍အဆင့်ဆင့်ဖြတ် ကျော်တိုး တက်လာ ရပြီး၊

လူတို့သည်၊ မိမိတို့ ကိုယ်စွမ်း ဉာဏ်စွမ်း ရှိသမျှနှင့် အရာရာ ကို ကြိုး စား ပြု ပြင် တီထွင် လာခဲ့ရခြင်း ဖြစ်ပေသည်။

လူသည် မိမိတို့ သက်ရှိ ပတ်ဝန်းကျင် နှင့် သဘာဝ ပတ်ဝန်းကျင် ကို အခက် အခဲ အမျိုးမျိုး ကြားမှ အခြား သတ္တဝါ များ ထက်ပို၍ ကြိုးစား ရုန်းကန် ပြု ပြင် တီ ထွင် လာ ခဲ့ ခြင်း၊ တနည်း အား ဖြင့် ကြိုးစား အလုပ် လုပ်ခဲ့ခြင်းဖြင့်၊ ကိုယ်အင်္ဂါနှင့် အပြု အမူတို့၏ တဆင့်ထက် တဆင့် ပိုမိုထူးခြား ကောင်းမွန် မှု ကို ရရှိ ပိုင်ဆိုင်လာခဲ့ရခြင်း ဖြစ် ပေ သည်။ ထို့ကြောင့် လူ တို့ အ တွက် ကြိုးစား ပြုပြင် တီထွင် လုပ်ကိုင်ခြင်း၊ သို့ မ ဟုတ် အလုပ်လုပ် ခြင်းသည် အားထား ရာ၊ မြတ် နိုး ရာ၊ အောင် မြင် တိုး တက် စေ ရာ ဖြစ်သကဲ့သို့ ရှေ့ ဆက် လက် ၍ လည်း တိုးတက် ကောင်း မွန် လာ ရန်၊ မိမိ တို့ ကိုယ်စွမ်း၊ ဉာဏ်စွမ်း ရှိ သ မျှ ကြိုး စား ၍ အလုပ် လုပ်ကြရ ပေမည်။ တနည်း အားဖြင့် မိမိ တို့၏ လူမှု ပြ သ နာများကို ကြိုး စား ဖြေရှင်း ပြု ပြင် ရုန်းကန် လျှက် သာ ယာဝပြောသော လော က သစ် သို့ ရောက်ရှိ အောင် ကြိုး စား ရန် မှာ လူသာလျှင် ပဓါန အဓိက ရှေ့ ဆောင် ဖြစ် ပေ သည်။

ယင်း သ ဘော တ ရား များ ကို လုပ်သားပြည်သူ များစွဲမှတ် လျက် အတုယူ ကြိုးစား နိုင်ရန် သာဓက အဖြစ် ပြသလို၍ စီးပွါး ရေး ခက် ခဲ မှု ရှိသည်ဟု ယူ ဆ နိုင်သော မိုးခေါင် ရေရှား ရပ် ဝန်း ဒေသရှိ ဆည်ပေါက်ရွာ ၏ လူ မှုရေး အခြေ အနေ များ ကို စံထား ရွေး ချယ် လျှက် အခြား ရွာများ နှင့် နှိုင်း ယှဉ် သုံး သပ် ပြ ခြင်း ဖြစ်ပါသည်။

ယနေ့ နိုင်ငံ၏ ခေတ် ပြောင်း တော်လှန် ရေး တည် ဆောက် ရေး ကာလ ၌ နိုင်ငံ သူ နိုင်ငံ သား တိုင်းသည်–

(၁) နိုင်ငံအပေါ်သစ္စာရှိရန်၊

(၂) နိုင်ငံအတွက် စိတ်ထိုက်ထိုက်စွမ်း ၊ ဉာဏ်စွမ်းရှိသမျှဖြင့် အလုပ်လုပ်ရန်။

(၃) လူသုံး ပစ္စည်း များ ကိုအဖြစ် နိုင်ဆုံး ဖြည့် ဆည်းပေးရန်၊

ဟူသော အချက်ကြီး (၃) ချက်ကို လေ့ လာသင်ယူကြခြင်း ဖြင့် ကျင့်သုံး ရန် အထူး လိုအပ်နေပါသည်။ သို့ရာ လျှောက်၊ သည် ပေါက်ရွာ နေသူတို့သည်၊ ယင်း အချက်ကြီး များ ကိုကြိုး ဖြင့် ကျင့်သုံး နေ ကြောင်း လေ့လာ တွေ့ရှိရ ပေ သည်။ ထို့ ကြောင့်ပင်း ဝေါင် ရေရှား ရပ်ဝန်း ရှိသည့် ပေါက်ရွာ၏ စီး ပွား ရေး အခြေအ နေထက်အနည်း ငှင်အများ သာ နိုင် သောမြန်မာပြည်အခြား အရပ် ဒေသများ တွင် နေထိုင်သူများ အ နေဖြင့်၊ သည် ပေါက်ရွာ နေသူများ ကိုစံ နမူနာယူကြ ဖြင့် နိုင် စေရန်ယင်း သည် ပေါက်ရွာကို ရွေး ချယ် လေ့လာ တင်ပြခြင်း ဖြစ်ပါသည်။

မန္တလေး ဒေသပညာရပ်ဆိုင်ရာယဉ် ကျေး မှုသ ဘောအရကြည့်မြန်လျှင်လည်း သည် ပေါက်ရွာသည်အခြား နိုင်ငံခြား သား လူမျိုး များ ၏၊ ယဉ် ကျေး မှု များ မှကင်း ဝေး သည့်မြန်မာပြည်အလယ် ပိုင်း ပိုး ဝေါင် ရေရှား ရပ်ဝန်း ရှိ၊ ကျောက်မန်း တောင်မြို့နယ်အတွင်း ၌တည် ရှိပြီး တရွာလုံး မှာ၊ သိုး ဘူး စဉ်ဆက် မှစ၍ယခုတိုင်မြန်မာလူမျိုး များ သာသက် ခံ နေထိုင်သဖြင့်၊ မြန်မာ့ယဉ် ကျေး မှုစ လေ့ထုံး စံ စ ဓလေ့ စ ဝ်များကိုတွေ့ ရှိ လေ့လာ မှတ်တမ်း တင်ထား နိုင်ခြင်း ကြောင့်သည် ပေါက်ရွာကို ရွေး ချယ်လေ့ လာ ရခြင်း ဖြစ်ပါသည်။

ဤသို့၊ လေ့လာတင်ပြနိုင်ရန်အညီ ပေါ်ထွက်လာသည့်မြန်မာ ပြည့်အလယ်ပိုင်း ရိုး ခေါင် ရေရှား ရစ်ဝန်း ၌တျမ်း ပြုသုဓ်ဇာတိ၊ ကျောက်မန်း တောင်း မြို့နယ်အတွင်း ၌တည်ရှိ၍၊ နိုင်ငံ၏ပြိုင်ဝ်ဝင်ပြေား ရေး ရို အဝ်ချက်အရ၊ ၁၉၅၄–ခုနှစ်တွင်၊ ပြင်း ရောင်း ၏အ ရွေ့ဘက်တမ်း မှာ နေ့ခက်ဘက်တမ်း ၌၊ ကျောက်မန်းဆောင်း ၊ မုဠ်၊ တား လမ်း မသိမြောင်း ရွေ့ဆောက်တည်ထား ခြင်း ကြောင့်တျမ်း ပြုသူသည်၊ ယင်း ရွာ၏အ ကြောင်း ကိုရွာတည်သည့်မှစ၍ယခုတိုင်း အကျမ်း နေပါသည်။ ထို့ပြင်၊ ယင်း ရွာ၌ နေထိုင်သူများ ၏လုပ်ကိုင်စား သောက်ပုံ၊ လုပ်ငန်း အသီး သီး မှာလည်း အရိုး ရဝန်ထမ်း နေ့စဉ် ၊ လစား ၊ လုပ်ငန်း များ အပြင်၊ ဝိုက်ပ်ရှု ရေး ၊ ရွေး ပြူး ရေး ၊ လက်မှုလုပ်ငန်း ၊ သမဝါယမလုပ်ငန်း ၊ စသည့်ဖြင့်အချို့ ချို့ပုံထင် ရှာ ရွေ့၌ နေရခြင်း ကြောင့်၊ စံနမူနာအဖြစ်ထား ၍ လေ့လာ ပေါ်ပြရန် အထူး သင့်လျော်သည်ဟုယူဆထား ခြင်း ဖြစ်ပါသည်။

* * * * * * * * * * * * * *

## ကျမ်း၏ စာကိုယ်၊

* * * * * * * * * * * * * *

* * * * * * * * * * * * * *

## အခန်း (၁)

* * * * * * * * * * * * * *

(၁) သည် ပေါက်ရွာ၏ ဝေါဟာရ၊ ဝိသေသနှင့် နောက်ကြောင်း သမိုင်း ။

(၂) သည် ပေါက်ရွာ၏ ပထဝီအနေအထား ၊ ဖွဲ့စည်း အုပ်ချုပ်ပုံ၊ အိမ်ခြေ၊ လူဦးရေနှင့်လူမျိုး ။

## (၁) ဆည်ပေါက်ရွာ၏ ဝေါဟာရ၊ ဝိသေသနှင့် နောက်ကြောင်းသမိုင်း ။

ဆည်ပေါက်ရွာသည် မူလက၊ ယခုရွာသစ်၏အရှေ့တောင်ဘက်၊ မြင်းချောင်း၏အရှေ့ဘက်ကမ်း မိုင်ဝက်ခန့်အကွာတွင်တည်ရှိခဲ့ပါသည်။ ၎င်းကို ၁၉၅၄ ခုနှစ်တွင်၊ တိုင်းပြည်ငြိမ်ဝပ်ပိပြားရေးလိုအပ်ချက်အရ၊ အစိုးရ၏အမိန့်ဖြင့်၊ မြင်းချောင်း၏အနောက်ဘက်ကမ်းရှိ၊ ကျောက်ပန်းတောင်း-ပုပ္ပါး မော်တော်ကားလမ်းမသို့တရွာလုံး ရွှေ့ပြောင်းလာရလျက်၊ ရွာသစ်တည်ပြီး နေထိုင်ခဲ့ရခြင်းဖြစ်ပေသည်။ ရွာ၏အမည်ကိုကား၊ မူလရွာဟောင်း၏အမည် "ဆည်ပေါက်ရွာ" ဟုပင် ဆက်လက်ခေါ်တွင်ခဲ့ပေသည်။

ဆည်ပေါက်ရွာဟောင်း၏အမည် ဝေါဟာရဖြစ်ပေါ်ရပုံကို ဖော်ပြရသော်၊ ဆည်ပေါက်ရွာဟောင်း၏အရှေ့ဘက်ကပ်လျက်၌ ဆည်ချောင်းငိုးတခုရှိ၏။ ထိုချောင်းငိုးတွင် မိုးတွင်းအခါ၊ ပုပ္ပါးတောင်ကလဝ်မှကျလာသော တောင်ကျမိုးရေများသည် တနှစ်လျှင် ၃ကြိမ်မှ ၁၀ ကြိမ်ခန့်အထိ အလုံးအရင်းနှင့်စီးဆင်းလာလေ့ရှိရာ၊ ထိုရေများကို ဆည်ပေါက်ရွာအနီးမှ တာပိတ်ဆို့လျက် သောက်သုံးရေနှင့် ရေသွင်းစိုက်ပျိုးရေး လုပ်ငန်းများ လုပ်နိုင်ရန် ရွာသားများ၏စွမ်းအားဖြင့် ကြိုးစားကြည့်ခဲ့၏။ သို့သော် ရေလုံးအင်အားကြောင့် ထိုတာပိတ်ဆို့မှုလုပ်ငန်း၊ ဆည်သည် မကြာခဏကျိုးပေါက်သွားလေ့ရှိခဲ့ပြီး မအောင်မြင်ခဲ့ပေ။ ထိုသို့ဆည် မကြာခဏ ပေါက်သွားသည်ကိုအကြောင်းပြု၍ "ဆည်ပေါက်" ဟု ခေါ်တွင်ခဲ့ခြင်း

ဖြစ်ပေသည်။

ဆည်ပေါက်ရွာ၏ဝိသေသနှင့်နောက်ကြောင်း သမိုင်းကို ဆည်ပေါက်၊ ဦးကံမင်း ရေးသား သောပုပ္ပါး တောင်သမိုင်း သစ်စာအုပ် နှင့်ဆည်ပေါက်ရွာဘုန်း တော်ကြီး များ ၊ လူကြီး သူမများ ဖြစ်သည့်- ဦးခင် မောင်၊ ဦး ညီပု၊ ဦး မောင်ကြီး ၊ ဒေါ်ညိုစိမ့်၊ စသူတို့၏ ပြောပြချက်များ အရ အောက်ပါအတိုင်း လေ့လာသိရှိရပါသည်။

ဆည်ပေါက်ရွာ တောင်း၏အရှေ့မြောက် ၂ မိုင်ခန့်အကွာ တွင် ဇေယျသိမ်မင်း တောထွက်လျက်ရသေ့အသွင်ဖြင့်တရား အား ထုတ်သီတင်း သုံး ခဲ့သော ဇေယျသိမ်ကုန်း ရှိ၏။ ထိုကုန်း မြင့်အနီး ၌ဆား များ ချက်ယူရရှိ သည့်ဆား မြေကျင်းကြီး များ ရှိခဲ့သောဆား ကျင်း ရွာတည်ရှိခဲ့ရာ၊ ၎င်းရွာ သည် နောင်တွင် ဆည်ပေါက်ရွာ ဖြစ်လာမည့် ရှေး ဦး ရွာဖြစ်ခဲ့၏။ ထိုဆား ကျင်း ရွာသူကြီး သည်ပုပ္ပါး ရွာ၊ အင်ချောင်း ရွာ၊ စသောပတ်ဝန်း ကျင်ရှိ ရွာများ ကိုအုပ်ချုပ်ရပြီး ၊ ဆား ကျင်း မြို့သူကြီး ၊ တိုက်သူကြီး ဟုပင်သမုတ်ခံရ ပေသည်။ ၎င်း ဆား ကျင်း သူကြီး အား မြန်မာမင်း များ လက်ထက် ရွှေတိုက် စာရင်း ဝင် “သီရိသဏ္ဍနော်ရထာအရွ တောင်ရာဇာ” ဟု သောဘွဲ့တံဆိပ်ဖြင့် ချီး မြှောက်ခြင်း ခံခဲ့ရဘူး လေသည်။

၁၂၄၇-ခုနှစ်၊ ပါတော်မူ နောက်ပိုင်း တွင်ဆား ကျင်း ရွာကြီး လည်း ပျက်စီး ခဲ့ရပြီး ၊ ထိုရွာသူရွာသား များ သည်အနောက်တောင် ဘက်တမိုင်ခန့်အကွာတွင် ခေတ္တရွာတည် နေထိုင် ခဲ့ကြ၏။ ထို့နောက်တိုင်း ပြည် ငြိမ်သက်လာ သောအခါ၊ ဆား ကျင်း ရွာ ဟောင်း နေရာသို့ပြန်လည် ပြောင်း ရွှေ့လာကြပြန်၏။ ထို့နောက်တဖန်တိုင်း ပြည်အခြေအနေဆိုး ဝါး လာပြန်သဖြင့်

လူရှုခဲ့ခါ၊ ပြင်း ချောင်း၏အရှေ့ဘက်နှင့်အနောက်ဘက်၊ တဘက်တချက်တွင် ဆည်ပေါက်ရွာ၊ ညောင်ကံရွာဟူ၍ ၂ ရွာခွဲတည်ပြီး နေထိုင်ခဲ့ကြပေသည်။

ထိုသို့၊ ၂ ရွာခွဲ၍ နေထိုင်ခဲ့ကြရာ၌ ၁၉၁၄ ခုနှစ်တွင် ဘိုင်း ပြည်ကြီးငြိမ်ဝပ်ပိပြား ရေး လိုအပ်ချက်အရ၊ သူပုန်မရှိ အောင်း နိုင်စေရန်ဆည်ပေါက်ရွာ ဟောင်း သည်၊ ယခုရွာသစ် နေရာ (ပြင်း ချောင်း၏ အနောက်ဘက်ကိုက် ၅၀၀ ခန့်အကွာ ကျောက်ပန်း တောင်း ပုပ္ပါး မော်တော်ကား လမ်း ဘေး ၌၊ အင်ချောင်း ရွာ ဟောင်း နေရာ) သို့တဖန်ပြောင်း ရွှေ့လာရပြီး ၊ ဆည်ပေါက်ရွာဟူ၍ပင်အမည်ဆက်ခံလျက် ရွာသစ်တည် နေထိုင်ခဲ့ ကြောင်း ဖြစ်ပေသည်။

ဆည်ပေါက်ရွာသား များ သည်၊ ယခုတိုင် မူလရွာ ဟောင်း ဆား ကျင်း ရွာ၊ ဇေယျာသိမ်ကုန်း ၌၊ ရွှေ သဒိုင်း ဝင်၊ သိတဂူဘုရားအား ရွာ၏ဘုရား အဖြစ်ဆက်လက်ကြည်ညိုပူဇော်ကြမြဲ၊ နှစ်စဉ်ဘုရား ပွဲကျင်း ပမြဲ ဖြစ်ပေသည်။ ညောင်ကံရွာ၊ အင်ချောင်း ရွာ၊ များ မှလည်း ထိုဘုရားအား ပူဇော်ပသကြ၏။ ထိုရွှေ သဒိုင်း ဝင် သိတဂူဘုရား မှာ အင်း ဝဆင်ဖြူရှင် ဘွဲ့ ခံမဟာသိတသူရလက်ထက်၌ ဆား ကျင်း ရွာသူကြီး ဘိုး ဦး ၏သား ဘိုးရ သည်၊ တရုပ်မြန်မာစစ်ပွဲတွင် ရှတ်ရှတ်ခုံ ခုံမပါဝင်တိုက်ခိုက် အောင်နိုင်လျက်တရုပ် တို့ နှင့်စစ်ပြေငြိမ်း နိုင်ခဲ့သော ကြောင့်၊ ပြည်စိုး စား ဘွဲ့ရ၍ပြီး ၊ ဆားကျင်း ရွာ နေပုပ္ပါးမြို့သူကြီး အဖြစ်ခန့်ထား ခံရပြီး ၊ ငြိမ်း ချမ်း ရေး စေတီ တည် ခွင့်ရ သော ကြောင့် ဇေယျာသိမ်ကုန်း တွင်ငြိမ်း ချမ်း ရေး စေတီသိတဂူဘုရား ကိုတည်ထား လျက်အမ်ကရကိုး ထွယ်ခဲ့ကြ လေသည်။

ထိုဘုရားနှင့်ပတ်သက်၍၊ အခြား ဝိသေသထူးခြားချက်မှာ၊ ထိုဘုရားပွဲကို နှစ်စဉ်ဝါဝင်ဝါကျွတ်ပွဲအဖြစ် ဝါဆိုလပြည့်ကျော် (၈) ရက်တွင်ပွဲဝင်၊ ဆွမ်းကပ်လှူပွဲပြုလုပ်ပြီး၊ သီတင်းကျွတ်လပြည့်ကျော် (၈) ရက်နေ့တွင်ပွဲပြီး အဖြစ်အက၊ အခုန်၊ မီးကြာ၊ မီးပုံး၊ လှူဘွယ်များဖြင့် ပူဇော်ကန်တော့လျက် စည်ကားစွာကျင်းပလေ့ရှိ၏။ ထိုဘုရားပွဲအခါများတွင် ရပ်နီး ရပ်ဝေး အရပ်တပါး၌ နေထိုင်ကြသူ ဆည်ပေါက်ရွာဇာတိသားများ ပင်လာရောက်ဆုံဆည်းလျက်ပူဇော်ဆင်နွှဲလေ့ရှိပေသည်။ ဤတွင်အဓိကအားဖြင့်ဆည်ပေါက်ရွာ၊ ညောင်ကံရွာ၊ ၂ရွာလုံး မှအပြိုင်အဆိုင်ပူဇော်ဆင်နွှဲလေ့ရှိရာ၊ ညီအကိုပင်ဖြစ်စေ၊ တရွာတည်း မဟုတ်ကရန်ပြိုင်သည့်အထိ ပြိုင်ဆိုင်၊ ပူဇော်ဆင်နွှဲလေ့ရှိပေသည်။ သို့သော်လည်း၊ ထိုဘုရားမှအပြန် မိမိရွာသို့ပြန်လည်ရောက်ကြသည်နှင့်တပြိုင်နက်၊ ယခင်ကကဲ့သို့၊ ချစ်ခင်ကြင်နာစွာဆက်ဆံကြသောအလေ့အထရှိပေသည်။ ထို့ပြင်၊ ဆည်ပေါက်ရွာ၌ ဖြစ်ထွန်းသော၊ သစ်သီး၊ ဝလံပန်းမာလ်၊ ရေမြေတို့ကို ထောက်ရှု၍၊ ရှေ့လူကြီးသူမများ၏ဆိုရိုး တခုရှိ၏။ ၎င်းမှာ ဤရေမြေဥတုသစ်သီးဝလံပန်းမာလ်တို့ကိုအမှီပြု၍အခြေတည်ခဲ့၊ ပေါက်ဖွားကြီးပြင်းလာကြသော ရဟန်း ရှင်လူရွာနေသူတို့သည်၊ အောက်ဖော်ပြပါ ဝိသေသလက္ခဏာထူးများကို ကျင့်သုံးကြသည်ဟုအဆိုရှိခဲ့ကြလေသည်။ ၎င်းတို့မှာ -

(၁) တာဝန်နှင့်ဝတ္တရားကို လေးစားကြခြင်း ။

(၂) ရိုးသား တည်ကြည် ဖြောင့်မတ်စွာဖြင့်၊ လူရည်လည်ခြင်း ။

(၃) မိဘဆရာသမားတို့၏ ဩဝါဒကိုနာခံခြင်း ၊ စည်းကမ်းစနစ်ကို လိုက်နာရိုသေခြင်း ။

(၄) ဂါရဝတရား ရှိခြင်း ။

(၅) သန့်ရှင်း သပ်ရပ်စွာဝတ်စား နေထိုင်ခြင်း ၊ ယဉ်ကျေး သိမ်မွေ့စွာ ပြောဆိုဆက်ဆံခြင်း ။

(၆) ထိုက်တန်မျှတသော လောက၏ တာဝန်ကိုအား သွန်း ကြိုး ပန်း ထမ်း ရွက်ခြင်း ။

(၇) ရပ်ရေး ၊ ရွာရေး ၊ တရား မှုခင်း ၊ အချင်း ကိစ္စများ ကိုဘုရား ရှေ့တွင်၎င်း ၊ ဝတ် ကျောင်း ဓမ္မာရုံတွင်၎င်း၊ စုဝေး တိုင်ပင်စီမံ လေ့ရှိခြင်း ကြောင့်၊ အမှား နည်း ပြီး အောင်မြင်မှုရှိခြင်း ။

(၈) မတရား မှုကိုမပြုလို၊ မခံလို၊ တာဝန်ကိုလည်း ၊ မညည်းညူ၊ ခေါင်း မရှောင်ဘဲ၊ အာရုံစိုက်၍ ရွာလုံး ကျွတ်၊ ဆောင်ရွက် လေ့ရှိခြင်း ။

စသည်တို့ကြောင့်၊ ၎င်း တို့အား ပတ်ဝန်း ကျင်ရွာများ မှ လေး စား ဂရုပြုခြင်း ခံရ လေ့ရှိ ပေသည်။ ယင်း အကျင့်တရား များ တို့၊ ရွာရှိက လေး သူငယ်များ အား ၊ ငယ်စဉ်ကပင် ရရှိ အောင် သတိ ပေး သည့်အ နေဖြင့်၊ စာသင် ကျောင်း တွင်၎င်း ၊ ရပ်ရွာတွင်၎င်း၊ `` ကိုယ့်တာဝန်ကိုယ်ယူမယ်၊ စွမ်း တုန် အောင်ထမ်း ဆောင်မြဲမယ်၊ ဥဒါန်း တွင် စေမယ်၊ ကျွန်ုပ် တို့ ပေါင်း စုံ ကျောင်း ရပ်မြင့်တင်မယ် `` ဟူ သော သီချင်း ကို သံပြိုင်သီဆို လေ့ရှိရ လေသည်။

ဆည် ပေါက်ရွာ နေသူများ တွင် ကောင်း သော ဝိသေ သများ ရှိသကဲ့သို့၊ ယခု ပြောင်း ရွှေ့နေထိုင်ရ သောဆည် ပေါက်ရွာသစ်၏ ပထဝီရေ မြေညွှန်းဖျင်းပုံ များ ကိုယင်းရွာသားတဦး၏ မှတ်စုတွင်ဤသို့ တွေ့ရှိရ၏ ။

``ရွှေ ယခင်၊ နဝအောင်မြေ၊ ဇေယျသိဒ်ကုန်း၊ အနီး ဆားကျင်း ရွာတွင်တည် နေစဉ်က၊ ပတ်ဝန်းကျင်ရွာများ ကိုယ်ထိန်း အုပ် ရ သောမဏ္ဍိုင်ရွာကြီး တခုဖြစ်ခဲ့ပြီး၊ ၁၂၄၇-ခုနှစ်၊ ပါတော်မူနောက်ပိုင်း ခွင်တိုင်း ပြည်အရေး ရှုပ်ထွေး မှုကြောင့် ဘေး ကင်း မည်ထင်ရာဆည်ပေါက် ရွာ ( ရွာဟောင်း ) သို့ ပြောင်း လာကြရသည်။ သို့သော်လည်း၊ အသက်မွေးဝမ်း ကြောင်း အဖြစ်လုပ်ငန်း ဆောင်တာ၊ လယ်၊ ယာ၊ ဒိုး၊ မြေ၊ ထင်း ရေ၊ ရုံ လင်ဥယျာဉ်ခြံထွက်၊ ဆင်း တက်၊ ရောင်း ဝယ်၊ လှယ်ကူဆင် မြေ နေထိုင် ခဲ့ကြရ လေသည်။ ဤသို့နေစဉ် ၁၉၃၄ ခုနှစ်တွင် ယခုဆည် ပေါက်ရွာသစ် နေရာသို့၊ ပြောင်း ရွှေ့လာရသဖြင့်၊ အနေအထိုင်ကျဉ်း ကြပ်လျက်၊ အရပ်ရပ်ရွား ပါး၊ စီး ပွား ရှာ မလွယ်၊ နေပူ၍ မိုး ရွာလျှင်၊ ရွာ၏အရှေ့ဘက်၌ ချောင်း တာက ရှည်လျား ကာ၊ ဆီး တား ကန့်ထွက်လှန် နှောက်ယှက်သည့်ပြင်၊ ထွက်ပြီး သော အ သွန့်အညောက်တုံး လောက်သဖြင့်၊ စိတ်နှလုံး နောက်ကျိကြသည်။ ယခု ဒဲရာ ကိ ဋ္ဌ်နေ သော နေရာသည် မြေပြင်ကား ပြန့်ပါ၏၊ သို့သော်အဆင်း သာဋ္ဌ်၍အနံ့ မဋ္ဌ်သော မိုး ခေါ်ပန်း ကဲ့သို့၊ ပေါ်သွမ်း ပျက်ပြယ်၊ ချုပ် ပျောက်၍ကွယ်သွားနိုင် သည့်နေရာမျိုး ဖြစ်ပေသည်'' ဟု ဖော်ပြထား ပေသည်။

## (၂) ဆည်ပေါက်ရွာ၏ပထဝီအနေအထား ၊ ရွာဖွဲ့စည်းအုပ်ချုပ်ပုံ အိမ်ခြေ၊ လူဦးရေနှင့်လူမျိုး ။

ပထဝီအနေအထား ။ ။ ဆည်ပေါက်ရွာသည်၊ လတ္တီကျွဒ် မြောက် ၂၁ ဒီဂရီ ၅၅ မိနစ်၊ လောင်ဂျီကျွဒ်၊ အရှေ့ ၉၅ ဒီဂရီ ၁၀ မိနစ် ၌ပင်လယ်ပြင်မှအမြင့် ၁၂၁၂ ပေ၌ မြေပြန့်တွင်တည်ရှိပါသည်။ အရပ်ဒေသအား ဖြင့် ဖော်ပြရသော်၊ မြန်မာပြည်အလယ်ပိုင်း ၊ ဗိုးခေါင်ရေ ရွာရပ် ဝန်း ၊ မြင်းခြံခရိုင်၊ ကျောက်ပန်းတောင်း မြို့နယ်အတွင်း ကျောက်ပန်းတောင်း ၊ ပုပ္ပါး မော်တော်ကား လမ်းမ၌ ကျောက်ပန်းတောင်းမြို့မှ ၄ မိုင်ကွာ၊ ပြင်းချောင်း၏အနောက်ဘက်ကမ်း တွင်တည်ရှိပါသည်။ ဆည်ပေါက်ရွာ၏ ပတ်ဝန်းကျင်အနီးဆုံး ရှိရွာများ၏တည်နေပုံ၊ အကွာအဝေး များ မှာဖော်ပြ ပါ မြေပုံ (က) အတိုင်း ဖြစ်ပါသည်။


ဆည်ပေါက်ရွာ၏ပုံ (လူနေ၊ အိမ်ခြေအပါအဝင်) ကို ပူးတွဲပါ မြေပုံအမှတ် (၁) တွင်၎င်း ၊ ဆည်ပေါက်ကျေး ရွာအုပ်စုဝင်အခြား ရွာ များ ( ညောင်ကံရွာ၊ အင်ချောင်း ရွာ ) နှင့်ယှဉ်တွဲတည်ရှိပုံ၊ အကွာ အဝေး အရွယ်ပမာဏများ ကို မြေပုံအမှတ် ( ၂ ) တွင်၎င်း အသီး သီး ဖော်ပြထား ပါသည်။

## မြေပုံ –( ဂ )

ဆည် ပေါက် ရွာ၏ ပတ်ဝန်း ကျင်အနီး ဆုံး ရှိ ၊

ရွာ များ ၏တည် နေရာ၊ အကွာအဝေး တို့ကို ပြ သောပုံ။

( စကေး – ၁ လက်မ – ၁ မိုင် )



ရာသီဥတုမှာ၄င်း ဒေသသည်၊ မိုး ခေါင် ရေရှားရပ်ဝန်း ပူပြင်း ခြောက်သွေ့သော ရာသီဥတုဖြစ်၍ မိုး ရေချိန်မှာလွန် ခဲ့သော ( ၁၅ ) နှစ်ခန့်အတွင်း ၊ အနဲဆုံး ၁၈ • ၁၂ လက်မ( ၁၉၆၁ ခုနှစ်) နှင့်၊ အများ ဆုံး ၃၆ • ၃၂ လက်မ( ၁၉၆၈ ခုနှစ် )ဖြစ်ပါသည်။ နှစ်စဉ် အများ အား ဖြင့် မေလ နှင့်စက်တင်ဘာလများ တွင်မိုး အများ ဆုံး ရွာသွန်း လေ့ရှိပြီး ၊ ယင်း လများ တွင်အနဲဆုံး မိုး ရေချိန် ၅ • ၅လက်မနှင့်အ များ ဆုံး မိုး ရေချိန် ၁၀ • ၅ လက်မ ခန့်ရွာသွန်း ပါသည်။ အပူချိန်မှာ ယင်း ဒေသတွင်လွန်ခဲ့သော ၁၅ နှစ်ခန့်အတွင်း အပူချိန်အမြင့်ဆုံး ၁၀၆ ဒီဂရီ (အက်စ်) ( ဧပြီလ ၁၉၆၄ )ဖြစ်၍၊ အအေး ဆုံး လဲအပူချိန်မှာ ၄၅ ဒီဂရီ( အက်စ်) ( ဒီဇင်ဘာလ၊ ၁၉၆၂ )ဖြစ်ပါသည်။

မြေအမျိုး အစား မှာသည် ပေါက်ရွာနှင့်ပတ်ဝန်း ကျင်တွင် သတ်နုအနယ်တျကျောက်၊ မီး တောင် ကျောက်ခဲများ ဖြစ်၍ မြေဆီလွှာမှာ အ များ အား ဖြင့် မြေနီသဲဝင်း ၊ ကြဝ်ပြာ မြေ၊ စနယ် မြေ၊ သဲမြေများ ဖြစ်ပါ သည်။

ပေါက် ရေ ာက်ပင်မှာ၊ မိုး ခေါင် ရေရှား ရပ်ဝန်း ၏ ရာသီဥတုတွင် ပေါက် ရောက် လေ့ရှိ သော ခြောက် သွေ့တောမျိုး ( မိုး နဲ ရေ ရှား သစ်တော ) များ ဖြစ်၍၊ အပင်များ မှာ သန်း ၊ ဒဟတ်၊ ဇီး ၊ ရှား ၊ ထန်း ၊ အင်၊ အင်ကြင်း ၊ ထနောင်း ၊ သနပ်ခါး ၊ မကျီး ၊ တမာ၊ ကုက္ကို၊ လက်ပံ စသည့်များ ဖြစ်ပြီး မိုး အထူးနည်းပါး သောအရပ်၌တဇောင်း ပင်မျိုး များ ပေါက် ရေ ာက်ပါသည်။

စိုက်ပျိုးပင်များ မှာ – နှမ်း ၊ မြေပဲ၊ ပဲအမျိုးမျိုး၊ ပြောင်း၊ ဝါဂွမ်း ၊ ဗြုပ်၊ ဆေး ၊ ခရမ်းချဉ်၊ ကြက်သွန်နှင့်တင်းသီး တင်းပွက်များ ဖြစ်၍ ကျွဲ၊ နွား ၊ စာအဖြစ်လူး ၊ ဆပ်၊ တို့ကိုစိုက်ပျိုး ပါသည်။

<u>ရွာ ဖွဲ့စည်း အုပ်ချုပ်ပုံ</u>။ ။ ဆည်ပေါက်ရွာသည်၊ ကျောက်ပန်းတောင်းမြို့နယ်၊ ပုပ္ပါးနယ်ခွဲ၊ ဆည်ပေါက်ကျေးရွာအုပ်စုတွင်ထည့်သွင်း ဖွဲ့စည်းထား ပါသည်။ တနည်းအားဖြင့်ဆိုရသော် ကျောက်ပန်းတောင်းမြို့နယ်၊ ပုပ္ပါးနယ်ခွဲ တွင်ပါဝင်သော ကျေးရွာအုပ်စုပေါင်း ၂၇ အုပ်စုတွင် ကျေးရွာ အုပ်စုတခုအဖြစ်ပါဝင်ဖွဲ့စည်းထား ပါသည်။ ယင်းဆည်ပေါက်ကျေးရွာအုပ်စု တွင်၊ ဆည်ပေါက်ရွာ၊ ညောင်ကံရွာ၊ အင်ချောင်းရွာ ဟူ၍ရွာ ၃ ရွာ ပါဝင်ပါသည်။

( မှတ်ချက်။ ။ ဆည်ပေါက်ရွာနှင့်ကပ်လျက်အစိုးရ စခြစ်စိုက်ခင်း ၊ ထွန်စက်စခန်း ၊ သစ်တောဌာန၊ ဝါဂွမ်းစက်၊ စသည်များ တည်ထားပြီး ၊ ၄င်းတို့မှ ကီယ၊ ဥဘဏ၊ လုပ်သားများ မှာအများအားဖြင့်တရုပ်တကျေးမှ ခေတ္တခဏ လာရောက်နေထိုင်ကြသည့်အစိုးရဝန်ထမ်းများ ဖြစ်၍အမြဲနေထိုင်ခြင်း မရှိဘဲ၊ မကြာခဏ ပြောင်းရွှေ့သွား လေ့ရှိပါသည်။ ထို့ကြောင့် ယင်း ဌာနများ နှင့်နေသူများကိုချန်၍ သုတေသနပြုသောဆည်ပေါက်ရွာနေသူ များ စာရင်းတွင်ထည့်သွင်းခြင်း မပြုဘဲချန်လှပ်ထား ခဲ့ပါသည်။ သို့မှသာ ပိုတိကျမည်ဟုယူဆ ပါသည်) ။

ဆည်ပေါက်ရွာအား ၊ ကျောက်ပန်းတောင်း ၊ ပုပ္ပါး ၊ မော်တော်ကားလမ်း ၊ ခုလပ်အလယ်၌လမ်းကို မြောက်ဘက်နှင့် တောင်ဘက်တခြမ်းစီ ခွဲ လျှက်တည် ဆောက်ထားခြင်း ဖြစ်ပါသည်။

ရွာ၏ မြောက်ဘက်ခြမ်း သည်၊ အရှေ့အနောက် အလျား ပေ ၁၃၀၀ ခန့်၊ အနံ ပေ ၇၀၀ ခန့်ရှိသော စတုဂံပုံသဏ္ဌာန် ဖြစ်၍၊ အရှေ့ဘက်များ တွင်အနည်း ငယ်ချွန်း သွား ပါသည်။ ရွာ၏ တောင် ဘက် ခြမ်း သည်၊ အလျား ပေ ၁၃၀၀ ခန့်အနံ ပေ ၄၀၀ ခန့်ရှိ သော စတုဂံပုံသဏ္ဌာန်ပင်ဖြစ်ပါသည်။ ထို့ကြောင့်ရွာတခုလုံး အား ဖြင့်၊ ရွာ လယ် ဖြတ် သွား သော မော်တော်ကား လမ်း ပေတရာအပါအဝင်အလျား ပေ ၁၃၀၀ ခန့်၊ အနံ ပေ ၁၂၀၀ ခန့်ရှိပြီး ၊ ဧရိယာအား ဖြင့် ( ၁၅၆၀၀၀၀ ) စတုရန်း ပေရှိ သော လေး ထောင့်ပုံသဏ္ဌာန်ဖြစ်ပါသည်။ ( မြေပုံ ၁ နှင့် ၂ တွင် ဖော်ပြထား ၏ ) ။

ဆည်ပေါက်ရွာကို၊ ၁၉၅၄ – ခုနှစ်ရွာတည် စဉ်ကအိမ်ဝိုင်း ခြံကွက်များ အား ၇၅ ပေ ပတ်လည်စတုရန်း ကွက်များ အဖြစ်၄င်း၊ ရွာ ထဲ လမ်း ကြားများ အား ပေ၃၀ အကျယ်ဖြင့်၄င်း ၊ စနစ်တကျအကွက် ချ သတ်မှတ် ပေး လျက်၊ ပြည်တော်သာ စီမံကိန်းအရစံပြရွာ အဖြစ်တည် ဆောက် ရန်ရည်ရွယ် ခဲ့ပါသည်။ ထို့ကြောင့်အစိုးရက၊စံပြ ဆေး ခန်း တခု၊ ကျောင်း တကျောင်း ၊ စံပြအိမ်အကြီး စား ( ၃၀၀၀ ဝိ/ တန် ) ၁လုံး ၊ အလတ်စား ( ၂၀၀၀ ဝိ/ တန်) ၁လုံး နှင့်အငယ်စား ( ၁၀၀၀ ဝိ/ တန် ) ၁လုံး တို့ကို မ တည်ဆောက်လုပ် ပေး ပြီး ၊ ရွာသားအိမ်များ အတွက် မူယင်း စံပြအိမ် ၃ မျိုး အနက် မိမိ ဆောက်လို သောအိမ်အရွယ်အစား ပုံစံအလိုက် ကိုယ့်စရိတ် ဖြင့်ကိုယ်၊ ဆောက်လုပ် နေထိုင် ရေး အတွက် အစိုး ရကအိမ်မိုး သွပ်နှင့်သစ် သား များ ကိုအစိုး ရ ဈေး နှုန်း ဖြင့်ထုတ် ပေး ရန်ကြိုး စား ခဲ့ပေသည် ။ သို့သော် ထိုစီမံကိန်း မှာသွတ်တမျိုး တည်း သာရရှိပြီး ၊ ကျန်ပစ္စည်း များ

မှာ မိမိတို့စရိတ်ဖြင့်သာပြင်ပမှ ရှာဖွေဝယ်ယူလျက် မိမိတို့အိမ်ကို မိမိတို့ ဆောက်လုပ်နေထိုင်ခဲ့ကြရပေသည်။ အစိုးရ၏ စံပြရွာ တည်ဆောက်ရေး လုပ်ငန်းမှာ စံပြဆေးခန်း ၁၊ ကျောင်း ၁၊ စံပြအိမ်၃လုံး ၊ နှင့်အိမ်ဝိုင်းသွတ်များ ပေးခဲ့ရုံတပိုင်းတစဖြင့်သာ၊ ရပ်သွားလျက်ပြီးဆုံး သည်ထိမအောင်မြင်ခဲ့ပေ ယနေ့အထိလည်း ၊ ဆက်လက်၍မလုပ်ဖြစ်တော့ပေ။ (ဤတွင် ၁၉၅၄ ခုနှစ်၊ ရွာတည်စက မောင်တော်ကြီး လမ်း၏ မြောက်ဘက်ခြမ်း၌သာ စတင်နေထိုင်ကြရ ပြီး၊ ၁၉၅၈-ခုနှစ်တွင်မှလမ်း၏ တောင်ဘက်ခြမ်း သို့ထပ်မံတိုးချဲ့ တိမြေကွက်ဖိုက်ပေး ပြီး နေထိုင်ခဲ့ခြင်း ဖြစ်ပါသည်)။ ဆည်ပေါက်ရွာအား -
၁၉၅၇-ခုနှစ်တွင်၊ လျှပ်စစ်မီး ကိုငင်း ၊ ၁၉၅၈-ခုနှစ်တွင်ပုပ္ပါး မှရေများ ကိုပိုက်လိုင်းဖြင့်ငင်း ၊ အစိုးရကတွန်းညှိဆက်သွယ်ပေး ခဲ့လေသည် ။ အုပ်ချုပ်ရေးတွင်အား ၊ ဆည်ပေါက်ရွာအား ၊ သီးခြားတရွာအနေဖြင့်မဟုတ်ဘဲ၊ ကျေးရွာအုပ်စုတခုအဖြစ်စုပေါင်းဖွဲ့စည်းလျက်အုပ်ချုပ်ပါသည်။ ထို့ကြောင့်အုပ်ချုပ်ရေးလုပ်ငန်းဆိုင်ရာအဖွဲ့အစည်းများကိုဖွဲ့စည်းရာတွင် ဆည်ပေါက်ကျေးရွာအုပ်စုတွင် ပါဝင်သော၊ ဆည်ပေါက်ရွာ၊ ညောင်ကံရွာ၊ အင်ချောင်းရွာ၊ များမှကိုယ်စားလှယ်အဖွဲ့ဝင်ဦးရေများကိုအချိုးကျပါဝင် စုပေါင်းလျက်-

(၁) ကျေးရွာအုပ်စုလုံခြုံရေး နှင့်အုပ်ချုပ်မှုကော်မတီ၊

(၂) သမဝါယမ ကော်မတီ၊

(၃) ကျေးရွာဘဏ် ကော်မတီ၊

(၄) မြေယာကော်မတီ( တောင်သူလယ်သမား ကောင်စီ)၊

(၅) တရားရေး ကော်မတီ၊

(၆) လူမှုရေး ကော်မတီ၊

(၇) အလုပ်သမား ကောင်စီ၊

ဟူ၍ အသီးသီး ဖွဲ့စည်းထားပြီး ၊ အလုပ်တာဝန်များ ကိုတဖွဲ့နှင့်တဖွဲ့ညှိနှိုင်း လုပ် ဆောင်ကြရ လေသည်။ ၎င်း ကော်မတီများ ၏ အဓိက လုပ်ငန်း များ နှင့်ဖွဲ့စည်း ပုံအသေး စိတ်ကို ဖေါ်ပြရပါမူ-

(၁) ကျေး ရွာအုပ်စုလုံခြုံရေး နှင့်အုပ်ချုပ်မှု ကော်မတီ၊

( ကျောက်ပန်း တောင်မြို့ ၊ န-လ-တ[၁] မှညှိနှိုင်း၍ဖွဲ့ ပေးသည်)

| | | | |
|---|---|---|---|
| ဥက္ကဋ္ဌ | - | ဦး နီ | (သည် ပေါက်ရွာ) |
| အတွင်း ရေး မှူး | - | ဦး အောင်သန်း | (အင် ချောင်း ရွာ) |
| ကော်မတီဝင် | - | ၃ ဦး | (သည် ပေါက်ရွာ ) |
| " | - | ၂ ဦး | ( ညောင်ကံရွာ ) |
| " | - | ၃ ဦး | (အင် ချောင်း ရွာ) |

၎င်း ကော်မတီသည်၊ ကျေး ရွာအုပ်စုတခုလုံး ၏အဓိက အရေး အကြီး ဆုံး အဖွဲ့ဖြစ်ပြီး ၊ အုပ်စုတခုလုံး ၏အုပ်ချုပ် ရေး နှင့်လုံခြုံ ရေး များ ကိုအဓိက ဆောင်ရွက်ရပြီး ၊ အခြား အဖွဲ့အစည်း လုပ်ငန်း များ ကို လည်း ကြီး ကြပ်ကွပ်ကဲ ပေး ရ လေသည်။

ယင်း ကော်မတီ၏ဥက္ကဋ္ဌ- ဦး နီ (အသက် ၃၇ ) သည်သည် ပေါက်ရွာသား ဖြစ်ပြီး အစိုး ရလျှပ် စစ်အဖွဲ့၏သည် ပေါက်ရွာလျှပ်စစ် လိုင်း ခွဲတ ာဝန်ခံအမှုထမ်း တဦး လည်း ဖြစ်ပါသည်။

---

၁။ န-လ-တ- မြို့နယ်လုံခြုံ ရေး နှင့်အုပ်ချုပ်မှု ကော်မတီ။

(၂) သမဝါယမ ကော်မတီ၊

| | | | |
|---|---|---|---|
| ဥက္ကဋ္ဌ | - | ဦး လှတင် | (ညောင်တံရွာ) |
| အတွင်းရေးမှူး | - | ဦး မောင်ထန် | (သည်ပေါက်ရွာ) |
| အဖွဲ့ဝင် | - | ၂ဦး | (သည်ပေါက်ရွာ) |
| 〃 | - | ၃ဦး | (ညောင်တံရွာ) |
| 〃 | - | ၂ဦး | (အင်းချောင်းရွာ) |

၎င်း ကော်မတီ၏အဓိကလုပ်ငန်း များ မှာသည်ပေါက် ကျေးရွာအုပ်စုတစ်ခုလုံး၏ စားဝတ်နေရေး သက်သာချောင်ချိမှုကို ဆောင်ရွက်ပေး ရ ခြင်း ဖြစ်ပါသည်။

(၃) ကျေးရွာဘဏ် ကော်မတီ၊

| | | | |
|---|---|---|---|
| အဖွဲ့ဝင် | - | ၂ ဦး | (သည်ပေါက်ရွာ)၊ |
| အဖွဲ့ဝင် | - | ၁ ဦး | (ညောင်တံရွာ)၊ |
| အဖွဲ့ဝင် | - | ၂ ဦး | (အင်ချောင်းရွာ)၊ |

တို့ပါဝင်ဖွဲ့စည်းထား ပါသည်။

ယင်း ကော်မတီသည်အစိုးရထံမှရရှိသော သီးနှံအမ တော်ချေး ငွေများ ကိုစနစ်တကျဝေချမ်း ပေး ရပြီး ၊ သက်ဆိုင်ရာ နှစ် ကြေး အခွန်များ ကိုပြန်လည် ကောက်ခံ၍အစိုး ရအား ပြန်ဆပ် ပေး ရပါသည်။

(၄) မြေယာ ကော်မတီ( တောင်သူလယ်သမား ကောင်စီ)

ယင်း ကော်မီတီတွင်အဖွဲ့ဝင် ၂၀ ခန့်ရှိပြီး ၊ အုပ်စုဝင် ကျေး ရွာများ အလိုက်အချိုး ကျပါဝင်ဖွဲ့စည်းထား၏။၎င်း ကော်မတီ၏လုပ်

ငန်း မှာ မြေယာဝေချမ်း ပေး ရန် မြေယာ မှုများ ဖြေရှင်း ပေး ရန် နှင့် အခြား တောင်သူလယ်သမား ကိစ္စများ ဆောင်ရွက် ပေး ရန်ဖြစ်၏။

(၅) တရား ရေး ကော်မတီ၊

၄င်း၏အဖွဲ့ဝင်များ မှာလည်း ရွာအလိုက်အချို့ ကျ ပါဝင်ပြီး ၊ ကျေး ရွာအုပ်စု၏တရား စီရင် ရေး နှင့်ဖြစ်မှုကြိုတင်ကာကွယ် ရေး ကို ဆောင်ရွက် ပေး ရပါသည်။

(၆) လူမှု ရေး ကော်မတီ ၊

၄င်း ကိုလည်း အချို့ ကျပါဝင်ဖွဲ့စည်း လျက် ကျေး ရွာ အုပ်စု၏လူမှု ရေး ကိစ္စ၊ ပြဿနာများ ကိုညှိနှိုင်း ဖြေရှင်း ပေး ရ၏။ ၄င်း ကော် မတီ၏လက် အောက်တွင်ထပ်ဆင့်ခွဲ၍ ကျေး ရွာတိုင်း တွင်လူငယ်အဖွဲ့၊ အမျိုး သမီးငယ် အဖွဲ့များ ဟူ၍ထပ်ဆင့်ဖွဲ့စည်း ထား ပါသည်။

(၇) အလုပ်သမား ကောင်စီ၊

၄င်း ကိုလည်း အုပ်စုဝင် ကျေး ရွာ များ မှအလုပ်သ မား များ အချို့ ကျပါဝင်လျက်၊ ကျောက်ပန်း တောင်း မြို့ရှိအ ခြေခံလုပ်သား ကောင်စီတွင်ရ ပေါင်း ဖွဲ့စည်း ထား ပြီး၊ လှုပ်ရှား ဆောင်ရွက်ပါသည်။

အိမ်ခြေ။

ဆည်ပေါက်ရွာတွင်လူနေအိမ်ခြေပေါင်း ၂၀၈ အိမ်ရှိပြီး၊ အိမ်ထောင်စုပေါင်း ၂၁၁ စုနေထိုင်ပါသည်။ ဘုန်းတော်ကြီးကျောင်း ၂ကျောင်း အစိုးရမူလတန်းကျောင်း ၁ ကျောင်း၊ အစိုးရဆေးပေးခန်း ၁ ခု၊ နှင့် ဓမ္မာရုံ ၁ခု တို့လည်း ရှိပါသည်။ (အိမ်ခြေနှင့်နေထိုင်သူဦးရေတို့ မြေပုံအမှတ် ၁ တွင်အသေးစိတ် ဖော်ပြထား၏)။ ဆည်ပေါက်ရွာရှိနေအိမ်အဆောက်အဦးများမှာကါလတန်ဘိုး အားဖြင့်ခန့်မှန်းခွဲခြားပြရသော် -

၄၅၀၀ိ/ ခန့်တန်သွတ်မိုး ပျဉ်ထောင်ကါအိမ်မြင့် ၄ လုံးခန့်။

၃၀၀၀ိ/ ခန့်တန်သွတ်မိုး ဝါး ထရံကါအိမ်လပ် ၁၀၀ လုံးခန့်။

၁၅၀၀ိ/ ခန့်တန်သွတ်မိုး ဝါး ထရံကာအိမ်ငယ် ၇၀ လုံးခန့်။

၅၀ိ/ ခန့်တန်ထန်းလက်ကါသက်ကယ်မိုး အိမ်ငယ် ၃၄ လုံးခန့်။ ရှိပါသည်။

(မှတ်ချက်)။ ။ဆည်ပေါက်ရွာနေသူများမှာသန့်ရှင်းသပ်ယပ်စွာကြိုးစား နေထိုင်လိုသူများဖြစ်သည့်အားလျော်စွာ မိမိတို့၏ ဝင်ငွေနည်းပါး သော်လည်း အတတ်နိုင်ဆုံး ခြံခြံ မြေတာရှုဆောင်းကျက်၊ နေရာထိုင်ခင်း အိမ်အဆောက်အဦးများကိုပိုမိုသပ်ယပ်ကောင်းမွန်အောင်ပြုပြင်ဆောက်လုပ်နေထိုင်ကြလေ့ရှိပေသည်။ ဥပမာ- ထမ်းရွက်မိုး -ထမ်းရွက်ကါ-အိမ်ပင်ဖြစ်သော်လည်း၊ ပုံစံအတူယူလောက်အောင်သပ်ယပ်စွာစနစ်တကျဆောက်လုပ်နေထိုင်ကြကြောင်း ဦးခင်မောင်၏အိမ်ကသက်သေပြနေပေသည်။ ထို့ကြောင့် ၄င်းတို့ထက်စီးပွါးအခြေအနေသာလွန်သောအခြားရွာများမှာထက်ပို၍သန့်ရှင်းသပ်ယပ်ကောင်းမွန်သော အိမ်များကိုပိုမိုတွေ့ရှိရခြင်းဖြစ်ပေသည်။ ဤတွင် ဆည်ပေါက်ရွာနေ

သူတို့၌ မိသားစု၏လစဉ်ပျမ်းမျှဝင်ငွေနည်းပါး၍ ခြိုးခြံနိုင်သည့်အရာများကို တတ်နိုင်ဆုံး ခြိုးခြံ ချွေတာရသောကြောင့်၊ တရွာလုံးတွင် ၁၁ အိမ်ခန့်၌သာ လျှပ်စစ်မီး သွယ်ယူအသုံး ပြုနိုင်ကြပြီး ၊ ၅ အိမ်မျှ၌သာ ရေဒီယိုထား နိုင်ကြောင်း တွေ့ရှိရပေသည်၊ သို့ရာတွင် ရွာလမ်း ၊ လမ်းကြား ၊ လမ်းမီး များကိုမူ မီးတိုင် ရေထွန်း ညှိလျှက် မီးဘိုး ကုန်ကျစရိတ်ကိုအိမ်တိုင်း ရေ့အသီစိတ်ဓါတ်ရှိစွာ ဖြင့်၊ အချိန်ကျကြေး စား၍ ပေးကြကြောင်း လေ့လာ တွေ့ရှိရပေသည်။ ဆည်ပေါက် ရွာ၏အိမ်ခြေမိသား စုစုပေါင်း နေထိုင်ပုံများ ကိုအုပ်စုဝင်အခြား ရွာများ နှင့်နှိုင်းယှဉ် ဖော်ပြရသော် အောက်ပါအတိုင်းတွေ့ရှိရ၏။

| | ဆည်ပေါက်ရွာ | ညောင်ကံရွာ | အင်ချောင်းရွာ |
|---|---|---|---|
| လူနေအိမ်ခြေပေါင်း | ၂၀၈ | ၉၄ | ၁၁၃ |
| အိမ်ထောင်စုပေါင်း | ၂၁၃ | ၁၁၁ | ၁၃၉ |

ထိုဖော်ပြပါစာရင်း ဇယား အရ နေထိုင်ရာအိမ်ခြေနှင့် အိမ်ထောင်စုများ စုပေါင်း နေထိုင်ပုံကိုဆန်း စစ်ကြည့်ပါက၊ ဆည်ပေါက်ရွာ တွင် မိသားစု ၂၁၃ စုရှိပြီး နေထိုင်သည့်အိမ်ပေါင်း ၂၀၈ အိမ်ရှိသော ကြောင့်၊ ပူး ပေါင်း နေထိုင်သောအိမ်ထောင်စု ၅ စုမျှရှိပေသည်။ ဆည်ပေါက် ကျေး ရွာအုပ်စုဝင် ညောင်ကံရွာတွင်မူ ပူး ပေါင်း နေထိုင်သော အိမ်ထောင်စု ၁၇ စုကို၎င်း ၊ အင်ချောင်း ရွာတွင် ၂၆ စုကို၎င်း တွေ့ရှိရာဆည် ပေါက်ရွာတွင်ပူးပေါင်း နေထိုင်သည့်အိမ် ထောင်စုအနည်းဆုံးဖြစ် လေသည်။ ဤသည်ကိုသုံး သပ်ကြည့်ခြင်း ဖြင့်ဆည် ပေါက်ရွာ နေသူတို့သည်အရွယ် ရောက်၍

အိမ်ထောင်မှုပြီး သည်နှင့်တပြိုင်နက်၊ မိဘထံမှ ကပ်အားကိုးမှီခိုမနေတော့ဘဲ အနှေးနှင့် အမြန်၊ မိမိတို့စွမ်းအား ဖြင့်ကြိုးစား အိမ်ခွဲလျှက်သီးသန့်ရပ်တည် နေထိုင် လေ့ရှိကြောင်း ၊ ကိုယ့်စွမ်း ကိုယ့်စကိုအားကိုး မြှုလျှက်ရှိကြောင်းများ ကိုထင်ရှားစွာ တွေ့မြင်နိုင် လေသည်။

<u>လူဦးရေ နှင့် လူမျိုး ။</u> ။ ဆည်ပေါက်ရွာတွင်လူဦးရေ ၉၇၇ ယောက် (၁၉၇၃ခု ဧပြီလအထိ ) ရှိပြီး ၊ အမျိုးသား ၄၈၉ ယောက်နှင့်၊ အမျိုးသမီး ၄၈၈ ယောက်ရှိပါသည်။ အသက် ၁၈ နှစ် အထက်တွင် အမျိုးသား ၂၄၄၊ အမျိုးသမီး ၂၇၅ ယောက်ရှိပါသည် ။ လူဦးရေကို ဆည်ပေါက်ကျေးရွာအုပ်စုဝင်အခြားရွာများ နှင့်နှိုင်းယှဉ်ပြရသော် အောက်ပါအတိုင်း တွေ့ရှိရပါသည်။

| | ဆည်ပေါက်ရွာ ။ | ညောင်ကံရွာ ။ | အင်ချောင်းရွာ |
|---|---|---|---|
| လူဦးရေ ပေါင်း | ၉၇၇ ။ | ၅၂၂ ။ | ၇၁၅ |
| အမျိုးသား | ၄၈၉ ။ | ၂၆၈ ။ | ၃၄၉ |
| အမျိုးသမီး | ၄၈၈ ။ | ၂၅၄ ။ | ၃၆၆ |
| (အသက် ၁၈ နှစ်အထက်) | | | |
| အမျိုးသား | ၂၄၄ ။ | ၁၄၀ ။ | ၁၆၉ |
| အမျိုးသမီး | ၂၇၅ ။ | ၁၄၄ ။ | ၂၀၅ |

လူမျိုး မှာ–ဆည် ပေါက်ရွာ နေသူများ သည်၊ ဘိုးဘွား စဉ်ဆက်မြန်မာ များ သာဖြစ်၍၊ ယခုလက်ရှိဆည် ပေါက်ရွာတွင် နေထိုင်သူအား လုံး မှာလည်း မြန်မာလူမျိုး များ သာဖြစ်ပါသည်။

ညောင်ကံရွာတွင်လည်း ထိုကဲ့သို့ပင်ဖြစ်ပါသည်။ အင် ချောင်း ရွာတွင်မူ၊ ငင်း ရွာသား နှင့်အိမ်ထောင်ကျပြီး လိုက်လာလျှက် နေထိုင် သော တိုင်း ရင်း သူ "လား ဟူ" အမျိုး သမီး တဦး ရှိရာ၊ ၁၀ နှစ် ခန့် ကြာပြီဖြစ်ကြောင်း လေ့လာ တွေ့ရှိရ ပေသည်။

****************

# အခန်း (၂)

****************

********************************

## ဆည်ပေါက်ရှာ နေသူတို့၏ လက်ရှိ စီးပွါးရေး အခြေအနေများ။

********************************

## ဆည်ပေါက်ရွာ နေသူတို့၏လက်ရှိစီးပွားရေး အခြေအနေများ ။

ဆည်ပေါက်ရွာ နေသူတို့၏ စီးပွားရေး တွင် ကျောထောက် နောက်ခံဖြစ်သော နေရာဒေသ၏အကြောင်းကို ပထမဦးစွာ အနည်းငယ် ရှင်းပြလိုပါသည်။ ဆည်ပေါက်ရွာသူရွာသားများ၏ ယခုလက်ရှိ နေထိုင်လျက် ရှိသော ဆည်ပေါက်ရွာတည် နေရာသည် ယခင်က၊ အင်ချောင်းရွာသားများ စွန့်ပစ်ထားခဲ့သော၊ အင်ချောင်းရွာဟောင်း နေရာဖြစ်ပေသည်။ အင်ချောင်း ရွာသားများသည်၊ ၎င်းနေရာ၌ မြေဩဇာညံ့ဖျင်းခြင်း၊ မြေရိုင်း ဖြစ်ခြင်း၊ ရေဆင်းမကောင်းခြ ၊ ခြောက်သွေ့ပူပြင်းခြင်း စသည့် အခက်အခဲများကြောင့် ၁၉၄၄ ခုနှစ်တွင် အနောက်မြောက်အရပ်ဘက်တွင် ရှိ ယခုအင်ချောင်းရွာ နေရာသို့ ပြောင်းရွှေ့နေထိုင်ခဲ့ခြင်း ဖြစ်ပေသည်။ သို့ဖြစ်၍၊ ၁၉၅၄ ခုနှစ်တွင်ဆည်ပေါက်ရွာသူရွာသားများသည်၊ ထို အင်ချောင်းရွာဟောင်း နေရာသို့၊ တိုင်းပြည်ငြိမ်ဝပ်ပိပြားရေး လိုအပ်ချက်အရ၊ အစိုးရ၏အမိန့်ဖြင့် ပြောင်းရွှေ့လာရလျက် ဆည်ပေါက်ရွာသစ် အဖြစ် တည်ဆောက်နေထိုင်ခဲ့ရာ ယခုအထိဖြစ်ပေသည်။ ထို့ကြောင့်ကျမ်း၏ ခေါင်းစဉ် ကို ရှင်းလင်း ဖော်ပြခြင်း ဟူသော ကဏ္ဍ၌ ကျွန်ုပ် ဖော်ပြခဲ့သော-

(၁) နိုင်ငံအပေါ်သစ္စာရှိရန်-

(၂) နိုင်ငံအတွက်မိမိတို့ ကိုယ်စွမ်း ဉာဏ်စွမ်း ရှိသမျှကြိုးစား အလုပ်လုပ်ရန်-

ဟူသော အချက်များ အတိုင်း ၊ နိုင်ငံတော်အစိုးရမှ သင့်တော်သည်ဟုယူဆ၍ ချမှတ် ပေးထားသော နေရာ (အင်ချောင်းရွာသားများ မနေလို၍ စွန့်ပစ် သွားသော နေရာဟောင်း ) တွင်သစ္စာရှိစွာ စုဖွဲ့ပြီ နေထိုင်ပြီး၊ ၎င်းတို့အ

ဝရစ်တည်နိုင် ရေးနှင့်နိုင်ငံအတွက်အနည်းနှင့်အများ အ ထောက်အကူဖြစ်စေ ရန် ရည်ရွယ်လျက်ရွာသူရွာသား တိုင်း၊ ကလေး လူကြီး မကျန်၊ မိမိတို့ကိုယ်စွမ်း ဉာဏ်စွမ်း ရှိသမျှဖြိုး သား ရွာဖြင့်( မှောင်ခိုလုပ်ငန်း မရှိ)ကြိုးစားလုပ် ၍အထူးလုပ်လျက်ရှိကြပေသည်။ ကျောင်း သား လူငယ်ကလေး သူငယ်များ ပင် လျှင်၊ ကျောင်း အား လပ်ချိန်၌အိမ်တွင်း လုပ်ငန်း များ ဖြစ်သည့်၊ ထင်းခွေ၊ ရေထမ်း ၊ ရေ လောင်း ၊ စသည့်လုပ်ငန်း များ အပြင်၊ ပြင်ပဝင်ငွေ ရ လုပ်ငန်း များ ဖြစ်သည့်၊ လက်စား လိုက်ခြင်း ၊ လုပ်အား ပေး ခြင်း ၊ မြေဩ ဇာ နွား ချေး များ ကောက်၍ ရောင်း ခြင်း ၊ စသည့်တို့ကို ကျောင်း အား ချိန် အားလပ် ချိန်များ ၌ ရနိုင်သမျှကြိုး စား လုပ်ကိုင်ကြပြီး ၊ မိမိတို့ ကျောင်း စရိတ် အိမ်စရိတ် များ ကိုတတတ်တအား ဖြည့်စွမ်း ပေး လေ့ရှိ ပေသည်။

ဥ ပ မာ။ ။(၁)တက္ကသိုလ်ဝင်တန်း ကျောင်း သား၊ မောင် သိန်း ထွန်း သည် ရွာ၏ သမဝါယမဆိုင်၌ကုန်ပစ္စည်း များ ထမ်း ပိုး ချပေး ရ သော ကာယ အလုပ်သမား တဦး အဖြစ် ကျောင်း အား ချိန်၌ ဝင်ရောက်လုပ်ကိုင် လေ့ ရှိပြီး၊ အိမ်တွင်း ၊ အိမ်ပြင်၊ သီး နှံ၊ စိုက်ပျိုး ရေး များ ၌လည်း ကူညီလုပ် ကိုင် ပေး လေ့ရှိ ပေသည်။

။(၂)ရွာ၏ မူလတန်း ကျောင်း မှ၊ ၄ တန်း ကျောင်း သား မောင်မောင်လွင်သည်၊ ကျောင်း တက်ရင်း ၊ ကျောင်း ဆင်း ချိန် ၌ ဇီး ပေါင်း ထုပ်၊ သွား ရေစာများ ရောင်း ချလျက်သင့်တင့်စွာရ သော အမြတ်ငွေကိုမိဘအား ပေး ခြင်း ၊ ၄င်း ၏ ကျောင်းစရိတ်အဖြစ်အသုံး ပြု ခြင်း များ ကို လေ့လာ တွေ့ရှိရ ပေသည်။ ၄င်း က လေး ငယ်သည်အိမ်တွင်း ၌မာလကာပင် မှ မာလကာသီး များ ဆွတ်၍ ရောင်း ရာမှရ သော ငွေပြား ဖဝဖြင့်အရင်း တည်

လ ၊ ဇီး ပေါင်း ထုပ်ဝယ်၍ ရောင်း ရာ၊ ၅ပြား တန် ၂၅ထုပ်ကုန် အောင် ၂ရက်ခန့် ရောင်း ရပြီး ၊ ကုန်လျှင် ၃၅ပြား မြတ်သည်ဟု လေ့လာသိရှိရပါသည် ။

ထို့ကြောင့်သည် ပေါက်ရွာ နေသူတို့သည်၊ လူတဦး သို့မဟုတ် အိမ် ထောင်ရတရွှင်၊ ဇီး ပွဲ ရေး လုပ်ငန်း များ အဖြစ်၊ အဓိကဝင် ငွေရလုပ် ငန်း နှင့်အခြား အရံလုပ်ငန်း ၂ မျိုး ၃ မျိုး တို့ကိုတွဲဖက်လုပ်ကိုင် လေ့ရှိ ပေသည်။

ဥပမာ၁။ ။အစိုး ရအမှုထမ်း တဦး သည်၊ ရုံး ချိန်၌အစိုး ရအလုပ်ကိုလုပ်ကိုင် ပြီး၊ ကျန်အချိန်၌ယာထွန် စိုက်ပျိုး ခြင်း၊ အိမ်ထွင်း ဥယျာဉ်သီး နှံစိုက်ပျိုး ခြင်း အိမ်တွင်း လက်မှုလုပ်ငန်း များ ဖြစ်သည့်၊ ကြိုး ကြစ်၊ တောင်း ၊ ဖျာ၊ သက်ကယ် ယက်လုပ်ခြင်း စသည်တို့ကိုတွဲဘက်လုပ်ကိုင် လေ့ရှိ ပေသည်။ သာဓကအဖြစ်မြရ သော်

(၁) ဦး နီ–ရ–လ–တ၊ ဥက္ကဋ္ဌ+ ရွာ၏လျှပ်စစ်တာဝန်ခံ+ယာ စိုက်ပျိုး ခြင်း၊

(၂) ဦး ထွန်း မောင်၊ အ–မ–တ ကျောင်း အုပ်+ယာစိုက်ပျိုး ခြင်း +အိမ်ထွင်း ဥယျာဉ်သီး နှံစိုက်ပျိုး ခြင်း ။

(၃) ဦး ဘတင်–အငြိမ်းစား ကျောင်း အုပ်+မြန်မာ့ ဆေး ဆရာ+ယာစိုက်ပျိုး။

(၄) ဦး အေး မောင်–ဆံပင်ညှပ်+ တင်း ရှာ ရောင်း +လက်စား လိုက်ခြင်း။

(၅) ဦး မြ–စပြစ်ခြံလုပ်သား +အကြော် ရောင်း + မွေး မြူရေး လုပ်ငန်း ။

(၆) ဦး ရန်မျိုး –စက်ချုပ်+ပန်း ချီ၊ ပန်း ပုထု+လက်စား လိုက်ခြင်း ။

(၇) ဦး လှ–အိမ် ဈေး ဆိုင် ရောင်း +လယ်ယာစိုက်+ မွေး မြူ ရေး လုပ်ငန်း ။

စသည်ဖြင့် တွေ့ရှိ ရပါသည်။

---

၁။ ။ရ–လ–တ– ကျေး ရွာလုံခြုံရေး နှင့်အုပ်ချုပ်မှု ကော်မတီ။

၂။ ။အ–မ–တ–အစိုး ရမူလတန်း ကျောင်း ။

ထို့ကြောင့်ဆည်ပေါက်ရွာ နေသူတို့၏ စီးပွား ရေး လုပ်ငန်း များ အား အဓိကပင်မထား၍ လုပ်ကိုင် သောလုပ်ငန်း အမျိုး အစား အ လိုက် ယေဘူယျအား ဖြင့် အောက်ပါအတိုင်း ခွဲခြား ဖော်ပြလိုပါသည်။

**(က) အစိုး ရဝန်ထမ်း ၊ နေ့စား ၊ လစား အဖြစ်လုပ်ကိုင်မှု ။ ။**

ဆည်ပေါက်ရွာသူ၊ ရွာသား များ မှာ၊ ရွာ ပြောင်းရွှေ့ လာရခြင်း ၊ ပုပ္ပါး တောင်နှင့်သစ် တောပြုရ ရေး စီမံကိန်း အရ၊ ဥယျာဉ်ခြံမြေ များ ပယ်ဖျက်ခံရခြင်း ၊ အစိုး ရစခြစ်စိုက်ခင်း အတွက် ၎င်း တို့၏ယာ မြေ များ ကိုခွဲဝေ ပေး ရခြင်း ၊ စသည့်ဆုံး ရှုံး မှုများ ကို ထောက်ထား သွာတာလျှက်၊ နိုင် ငံတော်အစိုး ရက ဆည်ပေါက်ရွာ နေသူများ အား ၊ ဆည်ပေါက်ရွာအနီး ရှိ အစိုးရလုပ် ငန်း ဌာန အ သီး သီး ၌ အောက် ဖော်ပြပါအတိုင်း အလုပ် များ ခန့်ထား ပေး လျှက်ရှိ ပေ သည်။

အ စိုးရစခြစ် စိုက်ခင်းအမှုထမ်း ။ ။ ၁၉၅၈ – ခုနှစ်အစိုး ရစခြစ် စိုက်ခင်း စတည်သည်မှ၊ ယခုအချိန် အထိ ဆည်ပေါက်ရွာသူရွာသား များ အား စခြစ်စိုက်ခင်း အမှုထမ်း များ အဖြစ် ခန့်ထား ပေး လျှက်ရှိရာ နေ့စား အလုပ်သမား အဖြစ်၅၀ ဦး ခန့်ရှိပြီး ၊ တ နေ့လျှင် ၃ိ – ၈၅ပြား နှုန်း ဖြင့် စခြစ်ကိုင်း ပြတ်၊ ကိုင်းညှပ် ဆေး ဖြန်း ၊ ရေဖြန်း ၊ စသည့်အလုပ်တာဝန်များ ကိုလုပ် ဆောင်ရ လေသည် ။ အမြဲတန်း လခစား အလုပ်သမား အဖြစ် ၈ ဦး ခန့်ရှိပြီး ၊ တလလျှင် ၁၂၅ မှ ၁၅၀ ခန့်အထိရရှိလျှက် စိုက်ခင်း ကြီး ကြပ် ရေး နှင့်၊ စိုက်ခင်း ကြီး ကြပ်ရေး ရုံး၏ ရုံး လုပ်ငန်း တာဝန်များ ကိုထမ်း ဆောင်ရပါသည်။ ထို့ပြင်အ ခါ အား လျော်စွာလိုအပ် ချိန်များ ၌ ( စုစု ပေါင်း တနှစ်လျှင် ၂လခန့်) ၌ မိမိတို့၏ထွန်၊ နွား ၊ များ ဖြင့်စိုက်ခင်း အတွင်း ထွန် ကြောင်း ထိုက် ပေး ရခြင်း ၊ထွန် ပေး ရ

ခြင်းတို့အတွက်တနေ့လျှင် ၇/ နှုန်း ခန့်ရရှိသောအလုပ်အပြင်၊ လုပ်လက်ဖြင့် နွား ချေး မြေဩဇာချ၊ ပေါင်း ရှင်း၊ မြေကျင်း တူး၊ မီး ရှို့ စသည့် အသေး အဖွဲ့လုပ်ငန်း များ အတွက်တခါတရံလျှ ၄၀-၅၀ ခန့်၊ တနေ့လျှင်၊ ၃/-၈၅ ပြား နှုန်း နှင့် လုပ်ရသောလုပ်ငန်း များ လည်း ရှိရာ၊ တဦး စီ အတွက် တနှစ်လျှင်စုစုပေါင်း ငွေ-၄၀-၅၀-ခန့်စီရရှိကြပါသည်။

အစိုး ရစမြစ်စိုက်ခင်း တွင်ဆခုန်ပေါက် ကျေး ရွာအုပ်ရဝင် အင်ရှောင်း ရွာ၊ ညောင်ကံရွာများ မှ လူများ ကိုလည်း၊ အမြဲတမ်း များ အဖြစ်၊ ၈၀ မျှခန့်ထား ပေး နေရသော ကြောင့်ဆည်ပေါက်ရွာအနေဖြင့်၊ ထိုမျှသာခံစား ခွင့်ရကြပါသည်။

အစိုး ရလယ်ထွန်စက်စခန်း ။ ။ ၄င်း ဌာနတွင်ဆည်ပေါက်ရွာသား ၅ဦး ခန့်အလုပ်ရရှိရာတလလျှင် ၁၂၅/ ခန့်ရ သောထွန်စက်မောင်း အမြဲတမ်း အဖြစ်၄င်း၊ တလလျှင် ၂၀၀/ ကျော်ခန့် ရသောထွန်စက်ပြင်ဆရာများ အဖြစ်၄င်း အမြဲတမ်း ကြရပါသည်။

အစိုး ရလယ်ယာစိုက်ပျိုး ရေး ဌာန။ ။ ၄င်း ဌာနတွင်ဆည်ပေါက်ရွာသား အမြဲတမ်း ၃ဦး ခန့်ရှိပြီး အမျိုး သား ၁ဦး အမျိုး သမီး ၂ဦး ဖြစ်ပါသည်။ တလလျှင် ၁၂၅/ ခန့်ရ သောရုံး လုပ်ငန်း အမှု သမီး များ ဖြစ်ပါသည်။ ဝါစီမံကိန်း တွင်နယ်လှည့်တော မြေတာဝန်ကို ထမ်း ဆောင်ရသည့်အမြဲတမ်း အဖြစ်လည်း ၅ ဦး ခန့်ရှိပါသည်။

အစိုး ရစာသင်ကျောင်း များ ။ ။ ဆည်ပေါက်ရွာနှင့်အနီး ပတ်ဝန်း ကျင်ရှိ စာသင်ကျောင်း များ တွင် ကျောင်း ဆရာအဖြစ် ၇ဦး အမြဲတမ်း ရပါသည်။ ၄င်း တို့မှာဆည်ပေါက်ရွာမူလ တန်း

ကျောင်းထိုင်အဖြစ် ၁ ဦး၊ မူလတန်းပြဆရာများအဖြစ် ၅ ဦး နှင့် ကျောက်ပန်းတောင်းမြို့ကျောင်း၌အလယ်တန်းပြဆရာမအဖြစ်တဦးတို့ ဖြစ်ပါသည်။

သစ်တောဌာန။ ။ ၎င်း ဌာနတွင် ဆည်ပေါက်ရွာသား ၃ ဦး အလုပ်ရရှိရာ၊ စား ရေး ဝန်ထမ်း များ အဖြစ်အမှုထမ်း ရပါသည်။ အခြား ၅ ဦး မှာ ဖိုးပင်ခွဲ အလုပ်အမှုထမ်း အဖြစ်နှင့် ၁ ဦး မှာ တောကြပ်အဖြစ်အမှုထမ်း ရပါသည်။

အစိုးရ ဝါဂွမ်း စက်။ ။ ၎င်း ဝါဂွမ်း စက်သည်၊ ဆည်ပေါက်ရွာမှ ၇ မိုင် ခန့်ဝေး သောကြက်မောက်တောင်မှထွက်သည့်ဝါများကိုအများ အားဖြင့်တနှစ်လျှင် ၂လ၊ ၃လ၊ ခန့်ဝါကြိတ်လည်ပတ်ရာ၊ စက်လည်ချိန်၌ ဆည်ပေါက်ရွာ မှအမျိုးသမီး ၂၅ ဦး ၊ ဝါရွေး၊ ဝါသန့်အလုပ် ကို လုပ်ခွင့်ရပြီး၊ တနေ့လျှင် ၃/ ဂ၅ါး စီရရှိကြပါသည်။

အစိုးရ စပြစ်အရက်ချက်ရုံ။ ။ ၎င်း တွင်ဆည်ပေါက်ရွာသား ၃ ဦး ခန့်ရှိ၍၊ တနေ့လျှင် ၃/ ဂ၅ါး နှုန်းဖြင့်စပြစ်သီး ပေါ်ချိန်၊ စက်လည်ချိန်၌ လုပ်ကိုင်ရပြီး တနှစ်လျှင် ၄လ ခန့်သာအလုပ်ရှိပါသည်။

ကျေးရွာသမဝါယမအသင်း ဆိုင်။ ။ ၎င်း ဆိုင်တွင် ၁ဦး မှာဆိုင်ထိုင်အဖြစ် ၁၂၅/ ရပြီး၊ ၂ ဦး မှာ ချိန်တွယ် အထူအဖြစ်တနေ့လျှင် ၃/ ဂ၅ါး စီရကြ၏။ ကျန်တဦး မှာ ညစောင့်အဖြစ်တလလျှင် ၃၀/ ရရှိပါသည်။

ကျောက်ပန်း တောင်းမြို့ရှိအစိုး ရဓါတ်မြေဩဇာဖြန့်ဖြူး ရေး ဌာန။ ။ ၎င်း ဌာန၌ဓါတ်မြေဩဇာအိတ်များ အတင်အချလုပ်ငန်း ၊

ကာယလုပ်သားအဖြစ်တနေ့လျှင် ၃-၇၅ ပြား နှုန်းဖြင့်၊ ဆည်ပေါက်ရွာသား ၃၀ ခန့်လုပ်ကိုင်ခွင့်ရပါသည်။ သို့သော်၎င်း အလုပ်မှာအမြဲမဟုတ်ဘဲ၊ တလလျှင် ၁၀ ရက်ခန့်သာလုပ်ကိုင်ရပါသည်။

ဆည်ပေါက်ရွာအနီး၌၊ အနော်ရထာ တပ်စခန်းတွင် အမြဲတန်း အလုပ်သမား၊ လက်သမား အဖြစ် ၁ဦး အမှုထမ်း ရပါသည်။

မြန်မာပြည်အနှံ့အပြား၌၊ အစိုးရဌာနများနှင့်၊ တပ်မတော်များတွင်စာရေး စါချီ၊ အကြပ်တပ်သားမှစ၍ အရာရှိအထိ၊ အမှုထမ်းပေါင်း ၃၀ ခန့်ရှိရာ၊ ဆည်ပေါက်ရွာ၌၊ မိဘ၊ ဇနီးသားများအား၊ ငွေပို့ထောက်ပံ့လျက် အခွင့်အခါသင့်တိုင်း ခေတ္တပြန်လာလေ့ရှိပါသည်။

## (ခ) လယ်ယာစိုက်ပျိုးမှုနှင့်ထန်းလျက်လုပ်ငန်း။

ဆည်ပေါက်ရွာတွင်၊ ယာမြေဧကရုရု ပေါင်း ၄၀၀ နီးပါး ခန့်ရှိပြီး၊ မြေဆီလွှာမှာအများအားဖြင့် မြေနီသဲဝင်း၊ ကျောက်ပြာမြေ၊ စနယ်မြေ၊ သဲမြေများ သာဖြစ်ပါသည်။ ဤတွင်မိုးခေါင်ရေရှားခြင်း၊ ခြောက်သွေ့ပူပြင်းခြင်း၊ ရေထိန်းအားနည်းခြင်း၊ မြေဩဇာညံ့ဖျင်းခြင်း၊ မြေရိုင်းဖြစ်ခြင်း၊ စသည့်တို့ကြောင့်၊ ဧကပေါင်း ၂၅၀ ကျော်မျှ သာ စိုက်ပျိုးလုပ်ကိုင်နိုင်လေသည်။ စိုက်ပျိုးရာတွင်၊ နှမ်း၊ မြေပဲ၊ ပဲအမျိုးမျိုး ပြောင်း၊ လူး၊ ဆပ်၊ ခရမ်းချဉ်၊ စသည့်တို့ကိုအများအားဖြင့်စိုက်ပျိုးလေသည်။ စပါးသီးနှံ စိုက်ပျိုးသူတဦးသာရှိ၍ ရေလုံလောက်မှုမရှိသဖြင့် မဖြစ်

ထွန်း ချေး။

ငင်း တို့၏ယီ မြေများ တွင်အချို့မှာ၊ ဘိုး ဘွား အမွေ ရမြေများ ဖြစ်၏။ အချို့မှာ ယခင်ရွာ ဟောင်း ဥယျာဉ်ခြံ မြေဆုံး ရှုံး ခ အဖြစ်ဖြင့်အစိုး ရထံမှတဦး လျှင် မြေပိုင်း ၅ဧကခန့်စီတို့၊ ဆည် ပေါက်ရွာသစ်၏ ပတ်ဝန်း ကျင်၌ ဝေခြမ်း ပေး ခဲ့ရာ။ လူ ၇၀ ခန့် မြေယာကွက် များ ကိုရရှိ ခဲ့လေသည်။ သို့ရာတွင် မြေပိုင်း ဖြစ်ခြင်း၊ မိုး နဲပါး ခြင်း၊ ရေထိန်း အား နဲခြင်း၊ မြေဩဇာညံ့ဖျင်း ခြင်း တို့ကြောင့် ယာ မြေစိုက်ပျိုး သူဦး ရေ ၆၀ ခန့်သာရှိပြီး၊ တဦး လျှင်ဖျမ်း မျှခြင်း အား ဖြင့် ၃-၄ ဧခန့်စီ လောက်သာ စိုက်ပျိုး နိုင်ကြပြီး၊ ပလဝ် မြေ များ ရှိ၏။ စိုက်ပျိုး သူများအနက် ၈ ဦး ခန့် ၏ မြေများ မှာ မြေဩဇာ သင့်တင့် သောဘိုး ဘွား အမွေရ မြေ များ ဖြစ်၍တဦး လျှင် ၁၀ဧက ခန့်စီစိုက်ပျိုး နိုင်ကြပြီး၊ တနှစ်လျှင်စိုက်ပျိုး ဝင်ငွေ ၁၀၀၀ိ/ ကျော်ခန့်ရရှိလျှက်စိုက်ပျိုး ရေး ဖြင့်အကျိုး အဌ်ဆုံး သူများ ဖြစ်ပေသည်။ စိုက်ပျိုး ဝင်ငွေအသင့်အတင့်ရသူ ပေါင်း မှာ ၃၀ ခန့်ရှိရာ တနှစ်လျှင် ၆၀၀ိ/၇၀၀/ ခန့် ရရှိကြပါသည်။ ဝင်ငွေအနည်း ဆုံး ရရှိသူ ပေါင်း ၂၀ခန့် မှာ တနှစ်လုံး အတွက် ၃၀၀ိ/ ခန့်ရပြီး၊ တခါတရံ မိုးလေဝသအဆင်မသင့်သောအခါတွင်သီး နှံမရဘဲ၊ သီး နှံမျိုး ဘိုး၊ နွားချေး မြေဩဇာဘိုး၊ ယာထွန်ခ စသည်များ ပင်အရှုံး ထွက်တတ် လေသည်။ ဥပမာ- ဒေါ်ခင်ကြည် ဆိုသူ တွင် ၁၉၇၂-ခုနှစ်ကသီး နှံမရသဖြင့်ဈာဝ်တွင် ချေး ထားသော နွား မလဝ်၊ တကောင်ကို ၂၂၅ိ/ ဖြင့် ရောင်း ချလျှက်၊ နွား ချေး မြေဩဇာဘိုး၊ ယာထွန်ခ များ ကို ပေး ဆပ်လိုက်ရ လေသည်။

ငင်း တို့၏ စိုက်ပျိုး ရေး မှာအများ အား ဖြင့်တသီး စား

သာစိုက်နိုင်၍၊ မိုး လေသင့်သည့်အခါမှသာ နှစ်သီး စား ၊ သီး ထပ် စိုက်ပျိုး နိုင် လေသည်။ ဤတွင် နှမ်း ကိုကဆုန်လ လောက်တွင် စစိုက်ပြီး ၃လကြာ လောက် တွင်ရိတ်သိမ်း ၏။ ပဲ စိုက်ပါက ၄လ မှ ၆လခန့်ကြာ၏။ ပြီး လျှင်သီး ထပ် အ ဖြစ်၊ လူး ၊ ဆတ်၊ ပဲ အမျိုး မျိုး ၊ နှံစား ပြောင်း တို့ကို၊ ပြုံ၊ နွား စာ အ ဖြစ်၎င်း ၊ တခါတရံရှား ပါး လျှင် လူစား သုံး ရန်၎င်း စိုက်ပျိုး ရ လေသည်။

ဆည် ပေါက်ရွာတွင်စိုက်ပျိုး ရေး ၌ထွန်ယက်ရန်အသုံး ပြုနိုင် သော ဦး နွား အဦး ပေါင်း ၂၅ ဦး ခန့်ရှိရာ၊ မိမိတို့ကိုယ်ပိုင် ဦး နွား မရှိသူများ မှာ၊ နွား ရှိသူများ ထံမှသီး နှံတခါစိုက်အတွက် ထွန်ယက်ခ ၂၀/-၃၀/ ခန့် ပေး လျက်၊ နွား ငှါး ၍ထွန်ယက်စိုက်ပျိုး ကြရ၏။ ဤတွင်သီး နှံထွက်အကျိုးကျေးဇူးနည်းပါးမှု နှင့်၊ ယာမြေ ဧက နည်းပါးမှု ကြောင့်၊ လယ်ထွန်စက် များ ကိုအခ ပေး ထွန်ယက်သူ နည်း ပြီး ၊ အများ အား ဖြင့် မိမိတို့လူကိုယ်ပိုင်လုံး လဝီ ရိယ ၌ရှာဖြင့်၊ မိမိတို့ နွား ဖြင့်ဖြစ်စေ၊ နွား ငှါး ၍ဖြစ်စေ၊ အပင်ပန်း ခံကာ ဂရုတစိုက်ကြိုး စား ထွန်ယက်စိုက်ပျိုး လေ့ရှိ ပေသည်။

ယာမြေသီး နှံစိုက်ပျိုး ရေး တွင်ဆည် ပေါက်ရွာသား ဦး ဘစိန် ဆိုသူသည် အမျှော်အမြင်ကြီး သူဖြစ်၍၊ နှစ်ရှည်စီမံကိန်း ချလျက်ကြိုး စား စိုက်ပျိုး နေကြောင်း တွေ့ရှိရပေသည်။ ၎င်း သည်ဆည် ပေါက်ရွာ ဟောင်း ၏အရှေ့ဘက် မိုင်ဝက်ခန့်တွင်၌၊ နဂရောင်ကျ ခေါ် တောင်ကြား ချောင်း ငိုး ငယ်တခု အား သက်ဆိုင်ရာအစိုး ရထံမှစိုက်ပျိုး လုပ်ကိုင်ခွင့်ယူခါ၊ တာဖိတ်လျက် စိမ့်ရေဖြင့် ထို ချောင်း ပြင် ပေါ်တွင်သီး နှံပျိုး စုံကိုစမ်း သပ် စိုက်ပျိုး ကြိုး စား လျက်ရှိရာ ၂နှစ် ခန့်ကြာရှိသွား ပြီး ၊ အသင့်အတင့်အကျိုး ရှိနေ ကြောင်း တွေ့ရှိရပေသည်။ ၎င်းမှာ ၄နှစ်စီမံကိန်း ဖြင့်၊ မျှော်မှန်း ကြိုး စား လျက်ရှိရာ အောင်မြင်ရန်ရ၅/.မျှသော

များနေကြောင်း တွေ့ရှိရပေသည်။ ၎င်းတို့ကြည့်ခြင်း ဖြင့်ဆည် ပေါက်ရွာ နေသူများ သည်လုပ်ငန်း တခုကိုသာ မျှော်အမြင်ကြီး ရွာဖြင့်၊ ရွှန့်ရွှန့်စား စား စနစ်တကျကြိုး စား တည်ထွင်ပြုလုပ်တတ် သော စွမ်း ရည်ရှိ ကြောင်း၊ သိရှိနိုင် ပေသည်။

ယာ မြေသီးနှံစိုက်ပျိုး မှုတွင် ဆည် ပေါက် ကျေး ရွာအုပ်စု ဝင်အခြား ရွာများ နှင့်နှိုင်း ယှဉ်ကြည့်ပါက၊ အောက်ပါအတိုင်း ယေဘုယအား ဖြင့် တွေ့ရှိရပေသည်။

| | ဆည်ပေါက်ရွာ။ | ညောင်ကံရွာ။ | အင်ချောင်ရွာ |
|---|---|---|---|
| စုစုပေါင်းရှိ မြေကေ | ၄၀၀ ခန့်။ | ၃၁၇ခန့်။ | ၄၀၀ခန့် |
| စိုက်ပျိုး မြေကေ | ၂၅၀ ခန့်။ | ၂၈၅ခန့်။ | ၃၆၀ခန့် |
| ပလပ်ထား ရသော မြေကေ | ၁၅၀ ခန့်။ | ၂၂ခန့်။ | ၁၀ခန့် |
| စိုက်ပျိုး လုပ်ကိုင်သူ ပေါင်း | ၆၀ဦးခန့်။ | ၇၁ဦး။ | ၈၀ဦး |
| စိုက်ပျိုး ရေး ဝင်ငွေ ဖျမ်း မျှ (၁လ) | ၆၈ ခန့်။ | ၇၅ခန့်။ | ၁၀၈ခန့် |

ဤတွင်ဆည် ပေါက်ရွာ၏ မြေများ မှာ မြေငိုင်း ဖြစ်ခြင်း၊ မြေဩဇာညံ့ဖျင်း ခြင်း၊ မြေမညီခြင်း၊ ရေထိန်း အား နည်း ခြင်း တို့ကြောင့် ပလွှပ်ထား ရသော မြေကေအများ ဆိုး ရှိနေပြီး၊ စိုက်ပျိုးရေးမှ ရသောဝင်ငွေမှာလည်း၊ အနည်းဆုံးဖြစ်နေ ကြောင်း တွေ့ရှိရပေသည်။

တို့ကြောင့်၊ ဆည်ပေါက်ရွာနေသူများ၊ မှာ စိုက်ပျိုးရေး တခုတည်းဖြင့်အားထားမနေနိုင်ဘဲအခြားလုပ်ငန်းများ၊ ဥပမာ၊ အချို့မှာအစိုးရလုပ်ငန်းကိုဖွဲ့ဖက်လုပ်ကိုင်ပြီး၊ အချို့မှာပုပ္ပါးတောင်ပေါ် မှသစ်သီး၊ သစ်ဥ၊ မှို၊ ပန်း၊ တင်း၊ စသည့်တို့ကိုရွာမှရောင်းချစား သောက်နေကြရ၏၊ အချို့မှာအလုပ်ကြမ်း ကာယအလုပ်၊ လက်စားလိုက်ခြင်း စသည်တို့ကိုကြိုးစားလုပ်ကိုင်နေကြရပေသည်။

ထန်းလျက်လုပ်ငန်း။ ။ ၄င်းလုပ်ငန်းကိုလုပ်ကိုင်နိုင်သည့်ထန်းပင်ဦး ရေများကိုပိုင်ဆိုင်သူမှာ၊ ဆည်ပေါက်ရွာတွင် ၂ ဦး (ဦးနီ၊ ဒေါ်ရင်နု) ခန့်သာရှိပြီး တဦးလျှင်ဘိုးဘွားအမွေရထန်းပင် ၅၀ ခန့်စီရှိပါသည်။ ညောင်ကံရွာတွင် ၁၅ ဦး ခန့်ရှိပြီး၊ အင်ချောင်းရွာတွင် ၇၀ ဦး ခန့်ရှိရာ၊ တဦးလျှင် ဘိုးဘွားအမွေရထန်းပင် ၄၀ မှ ၇၀ အထိ ပျမ်းမျှရှိပါသည်။ ၄င်းထန်းလျက်ထုတ်ယူလုပ်ငန်းမှာတလလျှင် ၁၀၀/ ခန့် မျှဝင်ငွေရှိကြပါသည်။ ဤထန်းလျက်လုပ်ငန်းတွင်လည်း ဆည်ပေါက်ရွာတွင် အနည်းဆုံးဖြစ်၍၊ ညောင်ကံရွာတွင်အလတ်စား အင်ချောင်းရွာ တွင်အများဆုံးဖြစ်ပါသည်။ ဆည်ပေါက်ရွာမှအချို့မှာထန်းပင် ၁၀ ပင် ခန့်အနည်းငယ်သာရှိ၍၊ ထန်းလျက်ချက်ယူလောက်အောင်မရသဖြင့်၊ ထန်း ရွက်များကိုသာ ၁၀၀ လျှင် ၁၅/ ဈေးဖြင့်ခုတ်ယူရောင်းချရုံမျှ သာရှိလေသည်။

## (ဂ) ခြံဥယျာဉ်စိုက်ပျိုးမှု။

ဆည်ပေါက်ရွာနေသူများမှာ၊ ယခင်ရွာဟောင်းက တည်းကပင်၊ အုန်း၊ ထန်း၊ သရက်၊ ငှက်ပျော၊ မာလကာ၊ သံပုရာ၊ ရွှေဘက်

စသည်တို့ကိုခြံဥယျာဉ်ဖြင့်စိုက်ပျိုး စား သောက်ခဲ့သူများ ဖြစ်သည့်အား လျော်စွာ၊ ယခုရွာတွင်လည်း မိမိတို့အိမ်ခြံအတွင်း ၌သီး နှံမျိုး စုံကိုကြိုး စား၍စိုက်ပျိုး ထား ကြောင်း တွေ့ရှိရ ပေသည်။ သို့သော် မြေဩဇာညံ့ဖျင်း ခြင်း ၊ မိုး ရေအစိုဓါတ် ခေါင်း ပါး ခြောက်သွေ့ခြင်း တို့ကြောင့်၊ ၎င်း သီး နှံများ မှာ ဖြစ်ထွန်း မှု နည်း ပါး လေသည်။ ထို့ပြင် ရေ ကို၊ ကလေး ၊ လူကြီး များ ကိုယ်တိုင် ရေထမ်း ဖြင့်ရွာလည်ရှိအုတ် ရေကန် မှတ နေ့လျှင်အထမ်း ၂၀ မှ ၃၀ ခန့်အထိထမ်း ယူ၍၊ မိမိတို့အိမ်၏ သောက်သုံး ရေ နှင့် သီး နှံပင် များ လောင်း ရန်အသုံး ပြုနေရခြင်း ကြောင့်စိမ့်ရေများ စွာလိုသော အုန်း ၊ ငှက် ပျော၊ တို့သို့သော သီး ပင်များ မှာဖြစ်ထွန်း မှု နည်း ပါး လေသည်။ သို့ရာတွင်ရာသီအလိုက်စိုက်ပျိုး သော၊ ပန်း အမျိုး မျိုး ၊ ဂေါ်ဖီထုပ်၊ ဟင်း သီးဟင်း ရွက်များ ကိုစိုက်ပျိုး ရောင်း ချခြင်း နှင့်၊ ဖြုပ်၊ ခရမ်း ချဉ်၊ သနပ်ခါး ၊ စသည့်ပျိုး ပင်များ ကိုပျိုး ထောင်ရောင်း ချရာတွင်၊ တနှစ်လျှင် ၃၀ဝိ မှ ၅၀ဝိ ခန့်ထိဝင်ငွေရလျက် ၊ သင့်တင့်စွာအကျိုး ကျေး ဇူး ရှိကြောင်း သိရှိရပါသည်။ အများ အား ဖြင့်၊ ၎င်း တို့၏အိမ်တွင်း ခြံဥယျာဉ်သီး နှံစိုက်ပျိုး မှုမှာ၊ ၎င်း တို့မိသား စု၏စား ဝတ်နေရေး စရိတ်ကို၃ပုံ၁ပုံခန့်မျှအ ထောက်အကူပြုနေ ကြောင်း လေ့လာ တွေ့ရှိရ ပေသည်။

ခြံဥယျာဉ်စိုက်ပျိုး ရေး တွင်၊ ရွာ ဦး ဘုန်း တော်ကြီးကျောင်းဝင်း အတွင်း ၌ပင်၊ အသီး အပင်များ ကိုစုံလင်စွာ စိုက်ပျိုး ထား သည့်အပြင် ၊ ရွာမှ ကျောင်း သား သူငယ်၊ ရွာသူရွာသား များ အား လည်း စိုက်ပျိုး ရေး ကိုပိုမိုပြုလုပ်ဖြစ် အောင်ဘုန်း တော်ကြီး ကအား ပေး လမ်း ညွှန်ပြုလျက်ရှိ၏ ။

ဥပမာ- ဘုန်း တော်ကြီး က၊ ကျောင်း တွင်ရှိ ကျောင်း

သား မြား အား တဆယ်တက် လျှင်ငြုပ်ပိုး ပင် ၃ပင်စီ ပေး လိုက်ပြီး ဗိဗိတို့အိမ် ထွင်စိုက်ပျိုး စေ၏။ အကယ်၍မစိုက်ပျိုးဘဲ နေခင်ထွင်ငြုပ်သီး လိုအပ်၍ဘုန်း ကြီး ကျောင်း ဝင်း ထဲ၌အပင်ကိုလာ ရောက် တောင်း ခံ၍ခူး ဆွတ်ပါကဘုန်း တော်ကြီး ကမ ပေး ဘဲစား ချင်လျှင် သူလိုဘဲစိုက်ထား တု မြဲ ဆွတ် လေ့ရှိ သေသည်။ ထို သို့အား ဖြင့်၊ အလျဉ်း သင့်သလိုအခြား သီး နှံပင်မျိုး ၀ံ့ကိုလည်း ပေး ဝေ လျှက် ကျောင်း သား မြား အား ကလေး ငယ်ဘဝမှစ၍စိုက်ပျိုး ရေး ကို လေ့ကျင့် ပေး လေသည်။

အချို့ယိ မြေကွက်များ ကို မြေဩဇာ သင့်တင့် သော်လည်း ဘေး တွေ့ရသည်၊ ခိုက်တတ်သည့်ဟု ရွာ သား များ ကအယူ သီး ကြောက်ရွံ့၍မစိုက်ပျိုး ဘဲ ထား ရာတွင်၊ ၄င်း ကိုဘုန်း တော်ကြီး ကဦး ဆောင်အား ပေး လျှက်မဟုတ် မမှန်အယူသီး မှုများ ကိုပယ်ဖျောက် ပေး ပြီး ၊ ထို နေရာ၌စိုက်ပျိုး စေ ခြင်း ဖြင့်၊ ပလပ် မြေ များ နဲပါး စေရန်အား ပေး ကူညီလျှက်ရှိပေသည်။ ဥပမာ ဘုန်း တော်ကြီး ဦး တိက္ခ ၏ ကျောင်း အနီး မြေကွက်တခုသည် မြေဩဇာသင့်တင့် ပြီး ၊ စိုက်ပျိုး နိုင် သော်လည်း ၊ ထို နေရာကိုစိုက်ပျိုး က ဘေး တွေ့တတ်သည်ဟုယူဆ နေကြရာ၊ ထိုရွာ သား များ ၏အယူ သီး မှုကို ဘုန်း တော်ကြီး ကအစွဲဖြုတ် ပေး လျှက်၊ ကိုကျော်ဒင် ဆိုသူအား ထိုနေရာ၌ ခရမ်း ချဉ်သီး စိုက်ပျိုး ခိုင်း ရာဖြစ်ထွန်း အောင်မြင်အကျိုး ရှိပြီး ယခုအထိဆက်လက်စိုက်ပျိုးအသုံးချ နေကြောင်း လေ့လာ တွေ့ရှိရ ပေသည်။

### (ဃ) မွေး မြူရေး ။

ဆည် ပေါက် ရွာ နေသူတို့သည်၊ ယခင် ရွာ ဟောင်း ကတည်း ကပင်စိုက်ပျိုး ရေး ကိုအဓိကအား ထား လျှက်လုပ်ကိုင်ကါမွေး မြူရေးကိုမှ

ဘာသာရေး အရှင်း၊ လူမှုရေး အရှင်း၊ မလိုလား ခဲ့ပေ။ သို့သော် ယခုအခါ၌ကား အစွန်းအခေါ် အယူအဆ ဟောင်း များ ပြောင်း လဲလာလျက် မွေးမြူရေး လုပ်ငန်း များကို တဖြေး ဖြေး လုပ်ကိုင်လာကြ လေသည်။ မိမိတို့အိမ်၌ စီးပွါး ရေး တွဲဘက်လုပ်ငန်း အဖြစ်ဖြင့်၊ ကြက်၊ ဝက်၊ နွား၊ ဆိတ်၊ ကျွဲ၊ တို့ကို အနည်း နှင့်အများ မွေး မြူ ကြ၏။ ထို့ကြောင့်ရွာ၏ထက် ဝက်ခန့်၌ အိမ်ဦး ရေတွင် တအိမ်လျှင် ကြက် ၅ ကောင်မှ ၁၀ ကောင် ခန့်၊ အချို့အိမ်တွင် ဝက် ၃ ကောင်မှ ၅ ကောင်ခန့်၊ နွား ၃ – ၄ ကောင်ခန့်နှင့် ဆိတ် အနည်း ငယ် မွေး မြူထား သည်ကို တွေ့ရှိရ ပေသည်။ တ ရွာလုံး တွင်ရှိ နွား အဦး ပေါင်း ၄၀ ခန့်ကိုတအိမ်လျှင်တ ၄ ဦး ခန့် မွေး ထား ပြီး အိမ် ပေါင်း ၂၀ ခန့် တွင် တ အိမ် လျှင် နို့စား နွား နွား မ ၁ ကောင်မှ၊ ၃ ကောင်ခန့်အထိ မွေး မြူ ထား လေသည်။ နွား နို့မှာ အများ အစား ရောင်း ချ လောက် အောင်မရ သေး ဘဲအိမ်သုံး ရန်နှင့်အနည်း ငယ်ပိုလျှံရုံ မျှသာ ရ လေသည်။

ဆည် ပေါက်ရွာတွင် မွေး မြူ ရေး ကိုအများ ဆုံး လုပ်ကိုင် လျက်စီး ပွါး ရှာသူ ၁ ဦး သာရှိရာ၊ ဦး ဗ ဆိုသူဖြစ် ၏၊ ၎င်း တွင်နွား ၁၀ ကောင်၊ ကျွဲ ၄ ကောင်၊ ဆိတ် ၃၀ ၊ ဝက် ၆ ကောင်၊ ကြက် ၃၀ ခန့်ရှိရာ၊ ရွာ၏အရှေ့ဖျား ထိပ်တွင် နေထိုင် ၍ မွေး မြူလေသည်။ အကျိုး ကျေး ဇူး မှာသင့်တင့်စွာရရှိ ကြောင်း လေ့လာ တွေ့ရှိရ၏။

ဆည် ပေါက်ရွာတွင်လွန်ခဲ့သော ၃ နှစ်ခန့်က၊ မိတ္ထီလာ၊ ပျော်ဘွယ်၊ ရှိအစိုး ရ မွေး မြူ ရေး ဌာနများ မှ၊ နွား ၊ ဆိတ်၊ ဝက်၊ မျိုး များ

ကိုအစိုး ရက ဈေး နှုန်း လျော့ ပေါ့ပေး လျှက် မွေး မြူ လိုသူများ အား ရောင်း ချပေး ခဲ့သူ ၏၊ သို့သော်သည် ပေါက်ရွာ မှလူအ တော် များ၊ အား ခဲလျှက် ဝယ်ယူ မွေး မြူရန်သွား ရောက် သောအခါအမှတ်ထမ်း အချို့ မသာ မာမှု ကြောင့် တိရိစ္ဆာန်သား နွား ကောင်းများ ကိုမရဘဲ၊ အမျိုး ညံ့များ ကိုသာပြသ ရောင်း ချလိုက်ရာ၊ မနှစ်သက်၍မဝယ်ခဲ့ကြပေ။ ၁၀ ဦး ခန့်သာ နွား ကိုင်း ၊ ၂ ဦး ခန့်မှာ ဝက်ကိုင်း ၊ ၃ ဦး ခန့်မှာကြက်ကိုင်း ၊ စမ်း သပ် ဝယ်ယူ ခဲ့ပြီး ၊ ရွာ၌ မွေး မြူကြည့်ရာအမျိုး ညံ့လွန်း၍ မဖြစ်ထွန်း ဘဲ၊ အသား ဈေး ဖြင့်ပြန်လည် ရောင်း ချခဲ့ရ ပေသည်။ နွား ဝယ်ယူ ခဲ့သူများ အနက် ကိုအောင်သာ ဆိုသူတဦး၌သာ နွား သား ပေါက်လျှက်အနည်း ငယ်အကျိုး ရှိကြောင်း တွေ့ရ ပေသည်။

## (ဃ) အိမ်တွင်း စက်မှုလက်မှုလုပ်ငန်း ။

သည် ပေါက်ရွာတွင်၊ အိမ်တွင်း စက်မှုလက်မှုလုပ်ငန်း အနေဖြင့်၊ အကြီး အကျယ် မရှိပါ၊ မိမိတို့၏ စား ဝတ် နေ ရေး၊ စီး ပွား ရေး အား အ ထောက်အကူတစ်တအား ဖြစ် စေရန်အတွက်စက်မှု နှင့်လက်မှုပေါင်း စပ်လုပ်ကိုင်ရ သောလုပ်ငန်း အချို့ကို တွေ့ရှိရ ပေသည်။ အများ ဆုံး ဝင် ငွေ ရလုပ်ငန်း မှာ၊ ပဲ ကြော်၊ ပဲ လှော်၊ လုပ်ငန်း ဖြစ်၍ ဦး ကျင် ဆိုသူနှင့် ဦး ဥ ဘက်မိုဆိုသူလုပ်ငန်း ရှင် ၂ ဦး ဖြစ်ပြီး ၊ ရွာထိပ်အပြင်တွင် နေထိုင်လုပ်ကိုင်ကြပါသည်။ ၎င်း လုပ်ငန်း ပဲ ကြော်ဖို များ တွင် လုပ်သား ဦး ရေ ၇ ဦး ခန့်စီရှိပြီး ၊ တနေ့ ၃/–ဂ၅ – ၇ နေ့စား များ ဖြစ်ပါသည်။ ၎င်း လုပ်ငန်း ရှင်များ အနေဖြင့်တလလျှင် ပျမ်း မျှ ၃၀၀/ ခန့်အသားတင်ဝင် ငွေ ရှိကြပါသည်။

ဒုတိယအကြိမ် ဆုံး လုပ်ငန်း မှာ၊ ဦး ဝိဇယ ဆိုသူပိုင်၊ တင်း ခပ် မဆလာ လုပ်ငန်း ဖြစ်ပြီး ၊ မိသား စု ဆွေမျိုး လုပ်သားပေါင်း ၁၃ ဦး ခန့်ရှိပါသည်။ ထိုလုပ်ငန်း၏ကုန်ကြမ်း အချို့မှာ ပုပ္ပါး တောင်ထွက် ကုန်ကြမ်း များ ဖြစ်၍၊ အချို့ကိုသာ မြင်ပမှ ဝယ်ယူရပြီး ၊ စက်ယော်ဖြင့်ငင်း အချို့ကိုလက်ဖြင့်ငင်း ကြိတ် ထောင်း ပေါင်း စပ်၊ လုပ်ကိုင်ပြီး ထွက်ရှိသော မဆလာ များ ကို၊ ကျောက်ပန်း တောင်း မြို့သို့လာ ရောက်ဖြန့်ဖြူး ရောင်း ချ ပါသည်။ ဝင်ငွေမှာ မိသား စု၊ ၏ ဝတ်နေရေး လုံလောက်ရုံမျှသာဖြစ်ပါ သည်။

ထို့ပြင်သာမန်အား ဖြင့်လုပ်ကိုင်ကြ သောလက်မှုလုပ်ငန်း များ မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

စက်ချုပ်လုပ်ငန်း ။ ။ ၄င်း လုပ်ငန်း လုပ်ကိုင်သူ ၊ အမျိုး သား ၄ဦး ၊ အမျိုး သမီး ၃ ဦး ခန့်ရှိရာ၊ တလလျှင် ဝင်ငွေ ၄၀/ ၅၀/ ခန့်ရရှိပါသည်။

သံပင်ညှစ်လုပ်ငန်း ။ ။ ၄င်း လုပ်ငန်း လုပ်ကိုင်သူ ၄ ဦး ခန့်ရှိပြီးတလ လျှင်ဝင်ငွေ - ၄၀/ ၅၀/ ခန့်ရှိပါသည်။

လက်သမား လုပ်ငန်း ။ ။ ၄င်း တွင် ၆ ဦး ခန့်ရှိပြီး ၊ တလလျှင် ဝင်ငွေ ၄၀/ ၅၀ ခန့်ရှိပါသည်။

လှည်း ပစ္စည်း လုပ်ငန်း ။ ။ ၄င်း တွင်လှည်း အိမ်လုပ်သူ၊ လှည်း တံပိုး ထုံး လုပ်သူ၊ ထွန်တုံး လုပ်သူ၊ တူ၍ ၃ ဦး ခန့်ရှိပြီး ၊ တလ လျှင်ဝင်ငွေ - ၄၀/ ခန့်ရှိပါသည်။

ပန်း ရံလုပ်ငန်း ။ ။ ၄င်း တွင်ပန်း ရံဆရာနှင့်လုပ်သား ၃ ဦး ခန့် ရှိရာ၊ တလလျှင် ဝင်ငွေ ၄၀/ ခန့်ရှိပါသည် ။

တောင်း ၊ ဈေး၊ ယက်၊ လုပ်ငန်း ။ ။ ၎င်း တွင် ၂ဦး ခန့်ရှိပြီး ဝင်ငွေ
တလလျှင် ၃၀ိ/ ခန့်ရှိပါသည်။

သံပြုလုပ်ငန်း။ ။ ၎င်း တွင် ၂ဦး ခန့်ရှိပြီး ဝင်ငွေ-၃၀ိ/ ခန့်ရှိ၏။

ပန်း ချီ၊ ပန်း ပု၊ လုပ်ငန်း ။ ။ ၎င်း တွင် ၁ ဦး သာရှိပြီး ၊ အပ်သူ
ရှိမှသာလုပ်ကိုင် ပေး ရ၏။

မြန်မာ ဆေး ဆရာ။ ။ ၎င်း တွင် ဆေး ကုခြင်း နှင့် ဗေဒင် ဟောခြင်း
တို့ကို ပေါင်း စပ်လုပ်ကိုင် လျှင်ရှိရာ၊ ဦး သာ ရှင်
သည်၊ မိန်း မ ဆေး ဖြင့်၎င်း ၊ ဦး တံ၀ သည်သူငယ်နာ ဆေး ဖြင့်၎င်း ၊
ဒေါ်တင်မြှု သည်၊ သူငယ်နာ၊ အနာပေါက် ဆေး ဖြင့်၎င်း ၊ အထူး
ကုသ ပေး ကြရာ၊ သမား ခ ဝင် ငွေအဖြစ်သင့်တင့်ရုံ မျှသာရရှိကြ လေသည်။

သက်ကယ်လုပ်၊ တံမျက်စီး လုပ်၊ ကြိုး ကြစ်ခြင်း ။ ။ ၎င်း လုပ်ငန်း များမှာ
အများ အား ဖြင့်၊ နေ့ခင်း ၊ နေ့လည်အားလပ်
ချိန် များ တွင်အများစုမှ ဝင်ငွေရ အဖြစ်၊ တရွာလုံး မှုလုပ်ကိုင်ကြပြီး ၊ မိမိ
တို့အိမ်သုံး အတွက်နှင့်ဖိုလုံ့ပါက ရောင်း ချလှယ် လျှင် ပေသည်။ ဝင် ငွေ အ
နေဖြင့်ဖြစ် လောက် အောင်မရရှိပါ။

ဤသို့ဖြင့် ၊ သည် ပေါက်ရွာနေသူများ မှာ၊ လက်မှုလုပ်ငန်း
အနေဖြင့်၊ တဦး လျှင် ၃-၄-ရာ ခန့်အနည်း နှင့်အများ တက်ရှာ၏ လုပ်
ကိုင် လျှင်ရှိကြပါသည်။ သို့ရာတွင်မိမိတို့အတွက် အဓိကလုပ်ငန်း မှရသည့်ငွေ
ရ လုပ် ငန်း (ဥပမာ လခစား ၊ စိုက်ပျိုး ရေး )တို့အဓိကထားလုပ်
ကိုင်ကြရပြီး ၊ ၎င်း လက်မှုလုပ်ငန်း များ ကို အများ အား ဖြင့်တွဲ ဖက်
လုပ်ငန်း အဖြစ်သာလုပ်ကိုင်ကြ လေသည်။ ထို့ပြင်၊ အား လပ် ချိန်၌အခါအား

လျော်စွာ၊ လက်စား ကိုက်ခြင်း ၊ အရောင်း အဝယ်ပြုလုပ်ခြင်း စသည့်များ ကိုကြိုး စား လုပ်ကိုင်ကြသေး ကြောင်း လေ့လာ တွေ့ရှိရပေသည်။

## (စ) ရောင်း ဝယ် ဖေါက်ကား မှု။

ရောင်း ဝယ် ဖေါက်ကားမှုတွင်၊ ပဲကျော်၊ ပဲလျှော်၊ ဖိုများ အတွက်ပဲစိမ်း များ ဝယ်ယူခြင်း ၊ ပဲကျော်၊ ပဲလျှော်များ ရောင်း ချခြင်း ၊ နှင့်မဆလ လုပ်ငန်း မှတုန်ကြမ်း ၊ တုန်ချော၊ ဝယ်ယူ ရောင်းချ ခြင်း များ ကိုအများ အား ဖြင့်၊ ကျောက်ပန်း တောင်း မြို့သို့သွား ရောက် ရောင်း ချလေ့ရှိပြီး ကိုရွာ၌အကြီး ဆုံး သော ရောင်း ဝယ်မှုအဖြစ် ပေါ် မြင်နိုင် လေသည်။ ငွေလည်ပတ်မှုပမာဏ အား ဖြင့် ၁၀၀၀ိ/ ခန့်ပတ်ဝန်း ကျင်သာရှိပါသည်။ မိမိတို့ယာ မြေမှ တခါတရံစိုက်ပျိုး ထွက်ရှိ သော ခရမ်း ချဉ် သီး ၊ ခရမ်း သီး ၊ ပဲသီး များ ကိုလည်း ရောင်း ချလေ့ရှိ၏။ ထို့ပြင်တခါတရံ နှမ်း ၊ မြေပဲ များ ကို မိမိတို့အိမ်စား သုံး မှမှ ပိုလျှံသည်ကြိတ်၍ ရွာတွင်း၌ ပင် ရောင်း ချလေသည်။ အချို့ ကလေး များ နှင့်အမျိုး သမီး များ မှာ ရွာ တွင်း ရွာပြင်လမ်း များ၌ နွား များ စွန့်ပစ်သွား သော နွား ချေး များ ကိုမိမိတို့အား လစ်ချိန် များ တွင်လှည့်လည် ကောက်ယူ စု ဆောင်း လျက်၊ နွားလှည်း တစီး ခန့်လျှင် ၇ိ/ နှုန်း ဖြင့်၊ ယာမြေသြဇာအဖြစ် ရောင်းချရာ တနှစ်လျှင် ဝင်ငွေ ၇၀ိ/ မှ ၁၀၀ိ/ ခန့်အထိ ရကြပါသည်။

ဆည် ပေါက်ရွာတွင်အ ရောင်း အဝယ်သက်သက်ကိုသာပြု လုပ်အား ထား သူ ၂ ဦး ခန့်ရှိ၏။ ၎င်း တို့မှာ ကိုညို ဆိုသူနှင့် ဒေါ်အုံး တင် ဆိုသူ ၂ ဦး ဖြစ်ရာ၊ အနီး ပတ်ဝန်း ကျင်ရွာ များ မှ၊ နှမ်း ၊ မြေပဲ၊

ထန်း၊ လျှက်စသည့်အနည်း ငယ်ခန့်ကိုဝယ်ယူရ သောင်း လျှက်၊ ကျောက်ပန်း တောင်း သို့သွား ရောက် ရောင်း ချ လေ့ရှိ၏။

အခြား အ ရောင်း အဝယ်လုပ်ငန်း များ မှာမီသီး ရ စား ဝတ် နေ ရေး အထွက်အချို့အဝက် ထောက်ကူရုံမျှသာဖြစ်ပါသည်။ ဤတွင်အချို့မှာ တောင်ရိုး ချောက် တောများ မှထင်း များ ကိုရှာ ဈေးရောင်း ချ၍၊ အချို့မှာ ပုပ္ပါး တောင် ပေါ် မှအသီး အနှံများ ၊ ဆေး မြစ်၊ သစ်ဥ၊သစ်ဖု များ ၊ မျှစ်များ ၊ ပန်း အမျိုး မျိုး နှင့် ယခင်ရှာ ဟောင်း ဥယျာဉ်ခြံပျက်များ ထဲမှ ငှက် ပျောသီး ၊ ပိန္နဲသီး ၊ သ ဘောသီး ၊ ကထွတ်သီး ၊ သံပုရာ ရှောက်သီး စသည့် တို့ကိုရှာ ဖွေ ရ ဆောင်း လျှက် ကျောက်ပန်း တောင်မြို့ဈေး သို့လာ ရောက် ရောင်း ချရာ၊ တ နေ့လျှင် ၅/၆ ၊ ဝင် ငွေရရှိကြပါသည်။ အချို့မှာ မိမိတို့အိမ်ခြံအတွင်း မှ စိုက်ပျိုး ထွက်ရှိ သောပန်း အမျိုး မျိုး ၊ ကင်မွန်း ရွက်၊ ချဉ်ပေါင်ရွက်၊ ဆူး ပုတ်ရွက်၊ မာလကာသီး ၊ ရှောက်သီး ၊ သံပုရာသီး ၊ ဩဇာသီး ၊ ကြောင်ရှာသီး စသည်တို့ကို ခူးဆွတ်၍ အိမ်သုံး အထွက် ချန်ပြီး ၊ အပိုအလျှံ များ ကို ရောင်း ချ လေ့ရှိ ပါသည်။

ဆည် ပေါက်ရွာ နေသူတို့၏ ရောင်း ဝယ် ဖေါက်ကား မှု တွင်မ တော် မတရား မသမာ ပစ္စည်း မှောင်ခိုပစ္စည်း များ ကိုအရောင်း အဝယ်ပြုလုပ်ခြင်း မရှိ ပေ၊ ၎င်း တို့ကိုယ်တိုင်လည်း မှောင်ခိုပစ္စည်း များ ကိုသုံး စွဲမှု မရှိသ လောက်ဖြစ်ပြီး ၊ ပြည်တွင်း ဖြစ်အဝတ်အထည်အသုံး အဆောင် များ ကိုသာ၊ ရိုး သား ရွာဝတ်စား သုံး စွဲလျှက် နေထိုင် လေ့ရှိကြ လေသည်။

## (ဆ) မိသားစုများ၏တလဖျမ်းမျှဝင်ငွေ။

ဆည်ပေါက်ရွာမိသားစုများ၏တလဖျမ်းမျှဝင်ငွေကို အောက်ပါအတိုင်း အကြမ်းအားဖြင့် ၃ စား ခွဲ၍ ဖော်ပြလိုပါသည်။

| | | | | |
|---|---|---|---|---|
| တရွာလုံး၏ | ၂၀ | ဦး ခန့်မှာတလလျှင် | ၂၀ိ မှ ၃၅ိ | ခန့်ထိဝင်။ |
| " | ၅၀ | " | ၁၂၅ိ မှ ၃၀ိ | " |
| " | ၁၄၀ | " | ၆ိ မှ ၁၂၅ိ | " |

အားလုံး၊ တရွာလုံး ဖျမ်းမျှကြည့်ပါက၊ မိသားစုတစုလျှင်တလဝင်ငွေ ၇၅ိ/ ခန့်သာရှိပါသည်။ ၎င်းကိုအခြားရွာများနှင့် နှိုင်းယှဉ်ပြရသော် -

| | | | |
|---|---|---|---|
| ဆည်ပေါက်ရွာ မိသားစုများ ပျှမ်းတလဝင်ငွေ | | ၇၅ိ မှ ၉ိ | ခန့်ထိ။ |
| ညောင်ကံရွာ | " | ၈ိ မှ ၁၂ိ | " |
| အင်ရောင်းရွာ | " | ၁၀ိ မှ ၁၇၅ိ | " |

ဝင်ငွေများ အသီးသီး ရှိကြောင်း နှိုင်းယှဉ်လေ့လာ တွေ့ရှိရပေသည်။

ထို့ကြောင့်ဆည်ပေါက်ရွာနေသူများသည်၊ စားမှုရေး ခက်ခဲမှုရှိသောမြန်မာပြည်အလယ်ပိုင်း မိုးခေါင်ရေရှားရပ်ဝန်းတွင် နေထိုင်သူများဖြစ်သည့်ပြင်၊ အနီး ပတ်ဝန်းကျင်ရှိအခြားရွာများနှင့်နှိုင်းယှဉ်ကြည့်ပါကလည်း ၊ မိသားစုဝင်ငွေအနည်းဆုံး ရှိလျှက် စားမှုရေး နိမ့်နေကြောင်း တွေ့ရှိနိုင်ပေသည်။

* * * * * * * * * * * * * *

## အခန်း (၃)

* * * * * * * * * * * * * *

အညီ ပေါက်ရွာ နေသူတို့၏ ၁၉၅၃ မှ ၁၉၆၂ ခုနှစ်အတွင်း လူမှုရေး အခြေအနေများ ၊ (အစိုးရ၏ စီမံကိန်း ဆောင်ရွက်ချက်များ အပါအဝင်) တို့၊ ယင်းတို့၏ စီးပွားရေး နှစ်ရပ်ယှဉ်တွဲလျှက်အကျဉ်း ချုပ်တင်ပြသုံးသပ်ခြင်း ။

* * * * * * * * * * * * * * * * * * * * * * * * * * * * * *

ဆည်ပေါက်ရွာနေသူတို့၏ ၁၉၅၃ မှ ၁၉၆၂ ခုနှစ် အထိ၊ လူမှုရေး အခြေအနေများ ကိုယင်း တို့၏ စီးပွါး ရေး နှင့်ယှဉ်တွဲလျက် သုံးသပ်မပြမီ၊ ထိုစဉ်က ရွာ၏အိမ်ခြေ လူဦး ရေ နှင့်အုပ်ချုပ်ရေး ၊ စီး ပွါး ရေး များ အကြောင်း ကိုပဌမဦး စွာ ဖော်ပြလိုပါသည်။

၁၉၅၃-ခုနှစ်၊ ဆည်ပေါက်ရွာ ဟောင်း တွင်၊ အိမ်ခြေ ၁၂၀ ခန့်ရှိပြီး ၊ လူဦး ရေ ၆၀၀ ကျော်ခန့်ရှိပါသည်။ တ ရွာလုံး လူဦး ရေ၏ထက်ဝက် ကျော်ခန့်မှာ မြို့ဥယျာဉ်ပိုင်ရှင်၊ ယာ မြေ ပိုင်ရှင်၊ ထန်း တောပိုင်ရှင်၊ စသည်တို့ဖြစ်ကြလျက်၊ ၎င်း တို့သည် စီး ပွါး ရေး ဖူလုံမှုအရ ထွယ်တာ မှီခိုနေလို၍၎င်း ၊ ရွာ နေရာကျဉ်း ကြပ်၍အိမ် သစ်ပိုင်း သစ်၊ ခွဲနေရန်မလွယ်၍၎င်း ၊ တအိမ်ထဲ တပိုင်း ထဲတွင် မိဘ ၊ သား ၊ သမီး ၊ မြေး ၊ များ နှင့် မှီခိုနေထိုင်သူအခြား ဆွေမျိုး များစ သည် တို့ စုပေါင်း လျက် နေထိုင် လေ့ရှိခဲ့ပေသည်။ ၁၉၅၄ ခုနှစ် ဖွင်ထိုင်း ပြည်ငြိမ်ဝပ်ပိပြား ရေး လိုအပ်ချက်အရ၊ အစိုး ရ၏အမိန့်ဖြင့် ၊ ဆည်ပေါက်ရွာသစ်သို့၊ တရွာလုံး ပြောင်း ရွှေ့လာ ရရာ၊ အစိုး ရက ပြည် တော်သာ စီမံကိန်း ဖြင့်၊ စံပြရွာတည် ဆောက် ပေး ရန်ရည်ရွယ်လျက် အိမ်ခြံပိုင်း များ ကို ၇၅ ပေ ပတ်လည်အကွက် များ စံနစ်တကျဂိုက် ပေးပြီး နေရာချထား ပေး ခဲ့လေသည်။ ထို့ကြောင့် ယခင်ကတအိမ်တည်း တွင် စုပေါင်း နေထိုင်ခဲ့သော မိသား စုကြီး များ မှာ၊ သား ၏အိမ် ထောင် သမီး ၏အိမ် ထောင်၊ ဟူ၍အိုး အိမ်ခွဲလျက် နေထိုင်လာရရာ၊ နေအိမ်ဦးရေ မှာ ၁၇၀ ခန့်အထိရှိလာခဲ့ပေသည်။ လူဦး ရေအနေနှင့်ကား ရွာ ဟောင်း တွင် ရှိစဉ်ကအတိုင်း ပင်၊ ၆၀၀ ကျော်ခန့်သာ ရှိ လေသည်။

အုပ်ချုပ်ရေးစနစ်မှာ၊ ၁၉၅၃ ခုနှစ်မှ ၁၉၆၂ ခုနှစ် အထိ၊ ဆည်မြောက်ရွာသူကြီးသည် တိုက်သူကြီးအဖြစ်ဖြင့် အနီးပတ်ဝန်းကျင်ရွာများ ဖြစ်သည့် ညောင်ထုံရွာနှင့် အင်ရောင်း ရွာ များကိုပါ အုပ်ချုပ်ရ လေသည်။ ဤဖြင့်၊ ၎င်း၏လက် အောက်ခံအဖြစ်ဖြင့်၊ ထိုရွာများတွင် သူကြီးတာဝန်ဆင့်အုပ်ချုပ်ရ လေသည်။ သူကြီး၏လက် အောက်တွင်လည်း ဆယ်အိမ်ခေါင်းတို့၏ တစ်ဆင့်ခံထား အုပ်ချုပ် လေသည်။ သူကြီးအသီးသီး က ၊ တိုက်သူကြီး၏ ခိုင်းစေချက်အရ၊ မိမိ အုပ်ချုပ်သော ကျေးရွာမှ အခွန်အကောက်များကို ကောက်ခံ ပေးရ လေသည်။ ဆယ်အိမ်ခေါင်းမှာလည်း၊ ရပ်ရွာထဲမှုနှင့်ပတ်သက်၍ သူကြီးက စေခိုင်း ညွှန်ကြားသည့်အတိုင်း လိုက်နာ ဆောင်ရွက် ပေးရ လေသည်။ သူကြီးမှာ၊ ရွာတွင်ချမှတ်ပေးထား သော စည်းကမ်း ဥပဒေများကို ဖေါက်ဖျက်၍ အပြစ်ကျူးလွန်သူများကို တိုက်ရိုက်စစ် ဆေးပြီး၊ အပြစ်ရှိလျှင် ဒဏ်ငွေနှင့် ကြိမ်ဒဏ်ကို ပေးနိုင်ခွင့်ရှိလေသည်။ သူကြီးအုပ်ချုပ်ရေးစနစ်မှာ၊အစဉ်သူကြီး၏ ရာထူးကို သားက ဆက်ခံခွင့်ရ လေသည်။ များသောအားဖြင့် ရာထူးကို သားစဉ်မြေးဆက် ဆက်ခံနိုင်ခွင့်ရသော်လည်း၊ ၎င်းသူကြီးမှာ တရားမျှတ သော သူကြီးမဟုတ်လျှင် ရပ်ရွာက မနှစ်သက်ပါက၊ ရာထူးမှ ဖြုတ်ချပြီး၊ ရပ်ရွာက သဘောကျသော အခြား ဂုဏ်ရှိတဦးဦးကို၊ သူကြီးအဖြစ် ဆက်လက်တင် မြှောက်နိုင်သည်။ သူကြီးကို အစိုးရက လစာထုတ်၍ မပေးချေ။ ဤတွင်၊ ရွာသူရွာသားများက အစိုးရအား ပေးဆပ်ရန်ရှိသော လယ်ယာ မြေခွန်၊ သီးနှံခွန်များ နှင့် အမတော်ကြေး စသည့် အခွန်အတုတ် အမျိုးမျိုးတို့ကို၊ သူကြီးက ကောက်ခံ၍ အစိုးရအား ပေးသွင်းရသည့် အပေါ်မှ ဒိုင်ကြေးအဖြစ်၊ ဥပမာ- ငွေ ၁၀၀ လျှင် ၁၀ နှုန်း ရယူ ခံစားရ လေသည်။ ထို့ကြောင့်၊ သူကြီးတဦးသည် တနှစ်လျှင် ခုခု ပေါင်း

၁၀၀၀ မှ ၁၅၀၀ ခန့်အထိ ဝင်ငွေ ရှိလေသည်။ ဆည်ပေါက်ရွာ ဟောင်း မှ ရွာသစ်သို့ ပြောင်းရွှေ့လာရာတွင် ၊ သူကြီးအုပ်ချုပ်ရေးစနစ်ဖြင့် သာ ဆက်လက်အုပ်ချုပ်သွားပြီး ၊ ရွာ ဟောင်းမှ ထိုက်သူကြီးသည် ရွာသစ်တွင်လည်း ထိုက်သူကြီးအဖြစ်ဖြင့် ဆက်လက်အုပ်ချုပ်သွားရ လေသည်။

၁၉၆၂ ခုနှစ်တွင်ကား ၊ တော်လှန်ရေး ကောင်စီ တက်ရောက် လာသျှက် ဆိုရှယ်လစ်ဒီမိုကရေစီ အုပ်ချုပ်ရေးစနစ်ကို တည် ဆောက် ခဲ့၏။ ထိုအခါ ရွှေခတ် ဆည် ပေါက်ရွာတွင်လည်း သူကြီးစနစ်မှ ကျေးရွာလုံခြုံရေး နှင့် အုပ်ချုပ်မှုကော်မီတီစနစ်သို့ ပြောင်းလဲခဲ့ပြီးလျှက် ဆိုရှယ်လစ်ဒီမိုကရေ စီစနစ်ဖြင့်အုပ်ချုပ်နိုင်ခဲ့လေသည်။ ၎င်းတွင် ၊ သူကြီးသည်လည်း ရ ၊ လ ၊ က အဖွဲ့ ဝင်အဖြစ်သို့ ရောက်ရှိသွား လေတော့သည်။

စီးပွားရေးအခြေအနေများမှာကား ၊ ၁၉၅၃ ခုနှစ် ရွာ ဟောင်းတွင် နေစဉ်က ၊ ရွာ၏ အဓိကဝတ် ကျော်မှုသော သူချမ်း သာများ မှာ ၊ ငှက်ပျော ၊ ကွမ်း ၊ ခြံဥယျာဉ်များကိုပိုင်ဆိုင်ကြလျှက် ၊ အချို့မှာ ဟာ ချော ချက်များ ၊ ထန်း တောများနှင့် မရိုး တောများကိုပါ ၊ ဘိုးဘွားအမွေအရ ဆက် ခံခြင်းဖြင့်၎င်း ၊ ခြံဥယျာဉ်စီးပွားရေးဝင်ငွေ ကောင်းသဖြင့် ၊ တခြံပြီး တခြံ ၊ တကွက်ပြီးတကွက် ထပ်မံဝယ်ယူခြင်းဖြင့်၎င်း ၊ တိုးချဲ့ပိုင်ဆိုင်ခဲ့ကြ လေသည်။ ငှက် ပျော ၊ ကွမ်း ခြံဥယျာဉ်များမှာ ၁ နှစ်လျှင် ၂ ခါမျှသာ ပေါင်းမြက် များကို ရှင်းလင်းပေးရရုံရှိပြီး ၊ တနှစ်ပတ်လုံး သီးပွင့်ထွက်ရှိနေ သော ငှက် ပျောသီး ၊ ကွမ်းသီးများ ကို ခူး ယူ ရောင်းချစား သုံးကြရ လေသည်။ ထွက် ရှိသော ငှက် ပျောသီး ၊ ကွမ်းသီးများကို အနီးပတ်ဝန်းကျင်ရှိ ချောအ ပန်း တောင်း ၊ လောင်းသာ ၊ မိစ္ဆလာ ၊ မြို့များသို့ ပို့ဆောင်ခြင်းဖြင့်၎င်း ၊ ထားဖြင့်၎င်း ၁၅ ရက်လျှင်

တကြိမ်မှုသွား ရောက်ရောင်း ချလေ့ရှိပေသည်။ ၄င်း စီး ပွါး ရေး လုပ်ငန်း အပြင်၊ အချို့မှာယာ မြေများ ကိုတဦး လျှင် ၂၅ ဧကခန့်ပိုင်ဆိုင်လျက် မြေဩဇာ သင့်တင့်သော ကြောင့်၊ ထွက်ရှိသော နှမ်း ၊ မြေပဲ၊ စသည့်အသီးနှံ များ ကိုသိကြိတ်၍ ရောင်း ဝယ်မှုပြုနိုင်ကြလေသည်။ ထန်း တောပိုင်ရှင်များ မှာလည်း ၊ တဦး လျှင်ထန်း ပင် ၁၅၀-၂၀၀ ခန့်ပိုင်ဆိုင်လျက်ထွက် ရှိသောထန်း ရေကိုထန်း လျက် ချက်ယူ၍ ရောင်း ချနိုင်ကြ လေသည်။ မကျိုး တော ရှိသူများ မှာလည်း ၊ မကျိုး သီး များ ကိုရာသီလိုက်ဆွတ်ယူ၊ စုဆောင်း ရောင်း ချလေ့ရှိ၏။ (မန်ကျီး တောများ မှာယခုထိရှိနေဆဲဖြစ်ပြီး ၊ မကျိုး သီးများ ကိုအသင့်အတင့်ရရှိနေ သေး ၏)။ ထိုသို့ဖြင့်၊ သည် ပေါက်ရွာ၏တဝက် ကျော် မျှသောခြံဥယျာဉ်၊ ယာမြေ၊ ထန်း တော၊ မကျိုး တော၊ ပိုင်ရှင်များ သည်ထွက် ရှိသော၊ ငှက်ပျောသီး ၊ ဒုန်း သီး ၊ နှမ်း ၊ မြေပဲ (သီ) ၊ ထန်း လျက်၊ မကျိုး သီး ၊ စသည်တို့ကိုစုဆောင်း လျက်၊ အနီး ပတ်ဝန်း ကျင်ရှိမြို့များ သို့ သွား ရောက်ရောင်း ချခြင်း ဖြင့်၊ စီး ပွါး ရေး ဝင်ငွေများ အတူး ကောင်း မွန် လွယ်ကူလျက်ရှိကြသည်။ ထိုစဉ်က (၁၉၅၃ ခုနှစ်ထိ) တလလျှင်ဝင်ငွေ ၃၀ိ မှ ၅၀ိ ခန့်ထိရှိနေကြပေသည်။ ထို့ကြောင့်၊ ၄င်း တို့၏ စီး ပွါး ရေး ဝင်ငွေ ကောင်း သည့်နှင့်အမျှ၊ ထိုစဉ်က ၂၀ိ ခန့်စီ လောက်သာ ပေး ရသော ခြံဥယျာဉ်များ ၊ ယာ မြေများ ၊ ထန်း တောများ ကိုတခုပြီး တခုထပ်ဖြည့်ဝယ် ယူတိုး ချဲ့ပြီး တဦး နှင့်တဦး အပြိုင်အဆိုင်၊ စီး ပွါး ရှာလျက်ရှိကြခြင်း ဖြင့် ၊ အရင်း ရှင်ဝါဒကြီး ရိုး လွှမ်း မိုး လျက်ရှိပေသည်။ ထို့ကြောင့်၊ ထမင်း ရေ ချောင်း စီး ၊ အလှူပွဲကြီး များ ကိုပင် ရက်ရှည်ကျင်း ပကြသည်မှာ ကုသိုလ် ရ ရေး ထက်တဦး နှင့်တဦး ဂုဏ်တု၊ ဂုဏ်ပြိုင်၊ ပြုလုပ်ခြင်း များ သာပိုမိုများ

ပြား ခဲ့လေသည်။

ဤတွင်ရှာ၏ထက်ဝက်နီး ပါး မှန်သော ခြံမဲ့၊ မြေမဲ့၊ ဆင်း ရဲသား များ မှာ၊ ခြံရှင်၊ မြေရှင်၊ များ ထံတွင်အခစား ၊ အလုပ်သမား ၊ စာရင်း ငှါး ၊ သီး စား များ အဖြစ်လုပ်ကိုင်အား ထား၍ နေကြရပေသည်။ ဥပမာ--ငှက်ပျော၊ အုန်း ခြံများ ၌၊ အလုပ်ကြမ်း ၊ ပေါင်း ရှင်း ၊ ငှက်ပျော ခုတ်၊ အုန်း ခုတ်၊ ထမ်း ပိုး၊ သမား များ အဖြစ်၄င်း ၊ ယာမြေရိုက်ပျိုး ရေး တွင် စာရင်း ငှါး သီး စား များ အဖြစ်၄င်း ၊ ထန်း တောများ၊ တွင်ထန်း အငှါး တက်သမား အဖြစ်၄င်း ၊ မကျိုး တောများ တွင်မကျိုး သီး ဆွတ်သမား ၊ အခ စား ၊ သီး စား ၊ ထက်ဝက်စား များ အဖြစ်၄င်း ၊ လုပ်ကိုင်လျက်အသက်မွေး နေကြရရာ၊ အခကြေး ငွေ၀င်ငွေတလလျှင် ၁၀၀ိ/ ခန့်မျှသာရှိ ပေသည်။

ထို့ကြောင့်ခြံရှင်၊ မြေရှင်၊ ထန်း တောရှင်များ သည်၊ ထိုအလုပ်သမား၊ လူတန်း စား တို့၏အလုပ်ရှင်၊ ထမင်း ရှင်၊ ကျေး ဇူး ရှင် ၊ များ သဘွယ်ဖြစ်နေပြီး ၊ အလုပ်သမား ဆင်း ရဲသား တို့၏ စား ဝတ်နေရေး စီး ပွါး ရေး ၊ လူမှုရေး တို့ကိုမိမိတို့၏အလိုကျအနည်း နှင့်အများ ကြီး စိုး ချုပ် လှယ်နိုင်ခဲ့ကြ ပေသည်။ သို့ဖြင့် စီး ပွါး ရေး တွင်အလုပ်ရှင်နှင့်အလုပ်သမား၊ သို့မဟုတ် ခြံရှင်မြေရှင်လူတန်း စား နှင့်၊ ခြံမဲ့၊ မြေယာမဲ့၊ ဆင်းရဲသား၊ အလုပ်သမား လူတန်း စား တည်ရှိနေသကဲ့သို့၊ လူမှု ရေး တွင်လည်း ၊ အပေါ်စီး လူတန်း စား နှင့်၊ အနှိမ်ခံလူတန်းစား တည်ရှိနေခဲ့ပေသည်။ ဘုရား ထူး ခံလူတန်း စား နှင့်ဘုရား ထူး ရသည့်လူတန်း စား တို့၏အ ခြေအနေသဘွယ် လောက်ထိ၊ရောက်ရှိအောင်၊စီး ပွါး ရေး အရကြီး စိုး ခဲ့ကြ လေသည်။ သာ ရေး ၊ နာ ရေး များ တွင်လည်း ၊ ဦး ဆောင်၊ စည့်ခံရမည့်နေရာများ တွင်ခြံရှင် ၊

မြေရှင်၊ များ နှင့်၎င်း တို့၏အမျိုး အဆွေများ သာ နေရာယူလျှက်၊နောက် ပိုင်း မီး ဖို ချောင် ၊ထမင်း ချက်၊ အလုပ်တာဝန်များ ကိုမူဆင်း ရဲသား အလုပ်သမား များ ကသာတာဝန်ယူပြုလုပ်ရ လေ့ရှိခဲ့ပေသည်။

ထိုနောက်၊ ၁၉၅၄ ခုနှစ်တွင်တိုင်း ပြည်ငြိမ်ဝပ်ပိပြား ရေး ကိုအစ်ချက်အရ၊ အစိုး ရ၏အမိန့်ဖြင့်တရွာလုံး သည် ပေါက်ရွာသစ် နေရာသို့ပြောင်း ရွှေ့လာကြရာ၊ ဤတွင်၎င်း တို့၏ စီး ပွား ရေး မှာအနည်း ငယ်ယုတ် လျော့လာခဲ့၏။ အဘယ့်ကြောင့်ဆို သော်ရွာ ရွှေ့ပြောင်း လာရစဉ်က၊ ရုတ်တရက် နေ့ချင်း ပြီး ၊ သယ်ယူ နိုင် သောပစ္စည်း လောက်သာ၊ သယ်ယူရ ၍ခဲ့ပြီး ၊ ကျန် ပစ္စည်း အိမ်အ ဆောက်အဦများ မှာ၊ တရွာလုံး မီး ရှို့ဖျက်ဆီး ခြင်း ခံခဲ့ရခြင်း ၊ ၎င်း တို့၏ ငှက် ပျောဥယျာဉ်ခြံများ ကိုတိုး ချဲ့စိုက်ပျိုးခွင့် မရတော့ဘဲ၊ မူလရှိအပင်များ မှအသီး အပွင့်များ ကိုသာ ခူး ယူစား သုံး နေ ရခြင်း ၊ ယင်း ခြံဥယျာဉ်များ နှင့်ရွာသစ် ရှိ နေအိမ်မှာပြင်း ချောင်ခြား လျက်၊ ကိုက် ၅၀၀ ခန့်ပို၍ ၊ အလှမ်း ကွာ ဝေး၊ခက်ခဲလာခြင်း စသည် တို့ ကြောင့်၊ ၎င်း တို့၏ စီး ပွား ရေး မှာအနည်း ငယ်ယုတ် လျော့လာခဲ့ရပေသည်။

၁၉၅၈ – ခုနှစ်တွင်ကား ၊ သစ်တောပြုစုစိုက်ပျိုး ရေး စီမံ ကိန်း အရ၊ အချို့သော ငှက်ပျောခြံများ နှင့်ဥယျာဉ်ခြံများ ပယ်ဖျက်ခံရပြီးလယ် ယာမြေ၊ ထန်း တောများ မှာလည်း ၊ အများ အား ဖြင့်၊ အစိုး ရ၏စပြစ် စိုက် ခင်း ၊ အတွက်ခွဲဝေပေး လိုက်ရခြင်း ကြောင့်၊ ၎င်း တို့၏ စီး ပွား ရေး မှာပို မို လျော့သွား ခဲ့ပေသည်။ ဤသို့ဖြစ်ရခြင်း အကြောင်း မှာမူး ခေါင် ရေရွာ ရပ်ဝန်း ၊ သစ်တောပြုစုပျိုး ထောင် ရေး အစိုး ရစီမံကိန်း အရ၊ ငှက် ပျော ခြံဥယျာဉ် နေရာများ အပါအဝင်၊ ပုပ္ပါး တောင် ပေါ်၌ယူကလစ်၊ သစ်ကတိုး၊

မဲဇလီ၊ သပြေ စသည့်သစ်တောပျိုး ပင်များ စိုက်ပျိုး ခဲ့လေသည်။

ထို့အပြင်၊ ၁၉၅၈ ခုနှစ်တွင်၊ ဆည်ပေါက်ရွာအနီး၌ ၁၇၉၈·၅၈ ဧကရှိ၊ အစိုးရ စပြစ်စိုက်ခင်း ပြုလုပ်ခဲ့ရာ၊ လိုအပ်သော မြေနေရာများ အတွက်ဆည်ပေါက်ရွာမှ၊ စိုက်ပျိုး လုပ်ကိုင်နေသော ယာမြေများ ကိုခွဲဝေ ပေးလိုက်ရပေသည်။ ထိုနစ်နာမှုများ အတွက် အစိုးရက၊ အစားထိုး ပေးသည့် အနေဖြင့်၊ ဆည်ပေါက်ရွာမှ ခြံဆိုး၊ မြေဆိုး၊ သူများအား ရွာအနီး ရှိအစိုးရလုပ်ငန်း ဌာနများ ဖြစ်သော စပြစ်စိုက်ခင်း၊ သစ်တောဌာန၊ ဝါဂွမ်း စက်၊ စသည်တို့၌အစိုးရအမှုထမ်း လခစား၊ နေစား အဖြစ်လု ၅၀ ခန့်ကို၄င်း၊ လက်စားလိုက်အခစား အဖြစ်လု ၅၀ ခန့်ကို၄င်း၊ အလုပ်များ ပေးခဲ့ပေသည်။ သို့ရာတွင်၊ ထိုအလုပ်ရရှိသူဦးရေမှာတရွာလုံး နှင့်စာသော်၊ အလွန်နည်းပါး နေပြီး၊ ကျန်လူများ စုမှာမယိမယ်ရရ အလုပ်ဝင်ငွေမရှိဘဲ၊ ကျဘန်း အလုပ်များကိုသာရှာ ဖွေလျက်၊ စား သောက်နေထိုင်ခဲ့ကြရပေသည်။ ထို့ကြောင့်တရွာလုံး၏ မိသားစုစီးပွား ရေး ဝင်ငွေမှာ၊ ယခင်က ငှက်ပျောခြံဥယျာဉ်ဝင်ငွေ ထက်များစွာနည်းပါး လျှက် စိတ်ဓါတ်ကျဆင်း၍ နေလာခဲ့ရာ၊ ၁၉၆၂– ခုနှစ်၊ ထိုင်အောင်ပင်ဖြစ်ပေသည်။

ထို့ကြောင့်၊ ၁၉၅၃ ခုနှစ်မှ၊ ၁၉၆၂ ခုနှစ်အထိ၊ ကာလအတွင်း ရှိခဲ့သော စီးပွား ရေး အခြေအနေများ နှင့်ယှဉ်တွဲလျက်၊ ယင်းတို့၏ လူမှုရေး အခြေအနေများ ကိုအကျဉ်း ချုပ် လေ့လာသုံးသပ်ကြည့်သော် အောက်ပါအတိုင်း တွေ့ရှိရပါသည်။

မိသားစုဖွဲ့စည်းပုံ၊ လူမှုဆက်ဆံရေး နှင့်ဆောင်ရွက်မှု

အခြေအနေများတွင်၊ ၁၉၃၃ ခုနှစ်ရွာ တောင်းတွင်နေစဉ်က
( ဖေါ်ပြပြီး သကဲ့သို့)၊ မိသားစုများသည်တိုး ချဲ့မိသားစုများ[၁] အဖြစ်ဖွဲ့
စည်း နေထိုင်ခဲ့ကြလေသည်။ သို့သော်၊ ၁၉၃၄ ခုနှစ်တွင်သည် ပေါက်ရွာ
သစ်သို့ရောက်ရှိလာသောအခါ၊ ယခင်ရွာတောင်း၌ စုပေါင်းနေ ထိုင်
ခဲ့သောမိသားစုများသည်၊ အိမ်ခွဲ၍မိမိတို့အိုးအိမ်ဖြင့်၊ အခြေခံမိသား
စုများ[၂] အဖြစ် ( မိဘနှင့်သားသမီးများသာပါဝင်၍)နေထိုင်နိုင်ခဲ့ကြပေ
သည်။ အချို့သာလျှင် တိုးချဲ့မိသားစုအဖြစ်ဆက်လက် နေထိုင်ကြ၏။ သို့သော်၄င်း
တို့၏မိသားစုဆက်ဆံရေး မှာရွာတောင်း အခြေအနေမှာကဲ့သို့ပင်၊ အများ
အားဖြင့်၊ အရင်းရှင်ဝါဒက မိသားစုများ နှင့်ဆွေမျိုး စုများ အပေါ်
တွင်ပင် လွှမ်းမိုး ချယ်လှယ်လျက်ရှိခဲ့ပေသည်။ ၁၉၃၈ ခုနှစ်တွင်ဥယျာဉ်
ခြံမြေများ ဆုံး ရှုံး ခဲ့သော်လည်း၊ ထိုအရှိန်အဝါဆက်ဆံရေး များ ကားအနည်း
နှင့်အများ ၊ ဆက်လက်တည်ရှိလာခဲ့ရာ၊ ၁၉၆၂ ခုနှစ်တိုင် အောင်ဖြစ်ပေ
သည်။ ၄င်းတို့၏အပြောအဆိုအနေအထိုင်များ မှာ၊ ယဉ်ကျေး သိမ်မွေ့သော်
လည်း၊ ငွေရှင်၊ ကြေး ရှင်၊ မျိုးကြီး၊ ဆွေကြီး များ ကိုမှ ပိုမိုရိုသေရမည်
ဟူသောသဘောများ အထိ ရှိခဲ့ပေသည်။ မိသားစုအတွင်း တာဝန်ဝတ္တရား
များ မှာကား၊ ဖခင်သည်အိမ်ထောင်စုကိုအုပ်စီး လျက် စီးပွား ရှာရန် နှင့်၊
မိခင်သည်၊ အိမ်မှုကိစ္စများ ကိုထိန်း သိမ်း ရန်၊ သား သမီး များ ကိုဆုံး မသွန်
သင်ရန်ဟူ၍ ယေဘုယျအားဖြင့်ရှိလေသည်။ သို့သော်များ သောအားဖြင့်၊ ငှက်
ပျောခြံ ဥယျာဉ်ပိုင်၊ ယာမြေပိုင်၊ ထန်း တောပိုင်၊ ငွေရှင်၊ ကြေး ရှင်၊

---

၁။ ။ Extended Family.

၂။ ။ Nuclear or Basic Family.

များ မှာ၊ စီး ပွါး ရေး ကိစ္စတွင်၄င်း ၊ အိမ်မှုကိစ္စတွင်၄င်း ၊ မိမိတို့ကိုယ်တိုင် လုပ်ကိုင်ခြင်း ထက်၊ အခစား စာရင်း ငှါး နှင့်၊ အခြေအရံများ ကိုသာအများ အား ဖြင့်ခိုင်း စေအသုံး ပြုခဲ့ပေသည်။ သား သမီး များ မှာလည်း ပညာ ကို ၄င်း ၊ အိမ်တွင်း မှုလုပ်ငန်း ကို၄င်း ၊ ကြိုး စား သင်ယူမှုထက်၊ မိဘ၏ပစ္စည်း ဥစ္စာဂုဏ်ကိုမှီလျက်၊ ပျော်ရွှင်စွာ နေထိုင်ပြုမူခံယူသည့်သဘောမျိုး သာများခဲ့ လေသည်။ ထို့ကြောင့်မိသား စုတစုလုံး တွင်၊ ကိုယ်စီကိုယ်၄အလုပ်တာဝန်ဝတ္တရား ယူ၍သတ်မှတ်ကြိုး စား လုပ်ကိုင်မှု နည်း ပါး ခဲ့လေသည်။ အမွေဆက်ခံ ရေး တွင်လည်း သား သမီး များ မှာမိဘ၏ခြံ မြေ၊ အမွေအနှစ်ကိုသာ မျှော်မှန်း လျက်၊ မိမိတို့ ကိုယ်တိုင်ကြိုး စား လုပ်ကိုင်တတ် မြောက်မှု နည်း ပါး ခဲ့သော ကြောင့်၊ အမွေပစ္စည်း ခွဲဝေချိန်တွင်၊ ညီအကို မောင်နှမ၊ ဆွေမျိုး သား ချင်းများ စိတ်ဝမ်း ကွဲမှုများ၊ အနည်း နှင့်အများ ဖြစ် ပေါ်ခဲ့ရ လေသည်။ (အမွေခွဲ ဝေခြင်း နှင့်ပတ်သက်၍၊ နောက်အခန်း များ တွင် ဖော်ပြထား ပါသည်)။ အိမ်ထောင် ရေး စံနစ် တွင်လည်း ၊ မိမိတို့ ငွေရှင်၊ ကြေး ရှင်၊ ဆွေကြီး ၊ မျိုး ကြီး ၊ ချမ်းသာ ၄င်း ၊ မိမိတို့ဆွေမျိုး အချင်း ချင်း သာ၄င်း ၊ လက်ထပ် ပေး စား လေ့ရှိပေ သည်။ လူ၏လက်ရုံး ရည်၊ နှလုံး ရည်ရှိမှုကိုအဓိကမထား ပေ၊ တခြား ရပ်ရွာ သား ဆိုလျှင်လည်း ၊ လက်ခံ ပေး စား လေ့မရှိပေ။ အကယ်၍၊ မိဘ၏ဩဇာ ကိုမနာခံဘဲ၊ မိဘသဘောမတူ သူနှင့်လက်ထပ်သွား ပါက၊ မိဘကအမွေပြတ်စွန့် ပစ်လိုက် လေသည်။ ထို့အပြင်၊ မိမိတို့၏ပစ္စည်း ဥစ္စာ စီး ပွား ဂုဏ်မာန်ဝင့်မှု ကြောင့်၊ လင်မယား ကွဲကွာမှုများ ဖြစ် ပေါ်ခဲ့ရပြီး ၊ တစိမ်း တရံစာဆိုပါ က၊ သေဆုံး ၍ ခွဲခွါလိုက်ရသည့်သဘောအဖြစ်ယူဆလျှက်ဆွမ်း သွတ်၍ ပင်ဖြတ် တောက် ကွဲကွာခဲ့သည်များ ရှိခဲ့ပေသည်။ ဤတွင်ဆွမ်း သွတ်ခြင်း ဟူသည်မြန်မာ့ဓလေ့

ထုံး စံအရာအခြား ရွာများ တွင်၊ ရာသက်ပန် သေကွဲ၊ ကွဲသွား သူများ အတွက်သာ ရည်ညွှန်းပြုလုပ်လေ့ရှိ သော်လည်း ၊ ဆည် ပေါက်ရွာ နေ၊ အရင်း ရှင်စီးပွားရေး လက်ကိုင်ရှိသူအချို့သည်၊ ၎င်း တို့၏မစွည်း ၊ ဝနမာန်ဝင့်လျက် တချိန်တလင်မယား ပင်ဖြစ်ခဲ့ သော်လည်း ၊ ကွဲကွာ သောအခါတွင် ရာသက်ပန် သေဆုံးသွား သူတဦး ကဲ့သို့၊ သဘောထား မြီး ၊ တဦး ကိုတဦး၊ နာကြီး လောက် အောင်ဤသို့ဆွမ်း သွတ်ခြင်း ကိုပြုမူ ခဲ့ကြ လေသည်။

ရပ်ရွာ ဖွံ့ဖြိုး ရေး ကိစ္စများ ကိုလည်း ၊ ငွေရှင်၊ ကြေးရှင်များ ကသာ၊ စေတနာအ လျောက် နာမည် ခံပြီး ၊ ရပ်ရွာအတွက်လည်း ပါစေ၊ မိမိတို့အတွက်လည်း ပါစေဟူ ရည်ရွယ်လျက်၊ လုပ် ဆောင် လေ့ရှိခဲ့၏ ၊ ဥပမာ- မြေရှင်-ခြံရှင်-တဦး သည်၊ မိမိ၏ဥယျာဉ်ခြံကို ရေသွင်း ရန်အတွက်နှင့်၊ ရပ်ရွာ သောက်သုံး ရေအတွက်၊ ကန်တူး ရာ၊ မြေကျင်း တခုလာတူး က ငွေ မည်မျှ၊ မြေတခါလာ သယ်က၊ ငွေ မည်မျှ ပေး မည်ဟူ၍က လေးမိန်း မ၊ လူကြီး မကျန်၊ ငွေ ပေး ၍၊ ငွေလည်း ရ စေ၊ ကန်လည်း တူး ဖြစ် စေဟူ၍ပြုလုပ်ခဲ့ဘူး လေသည်။ ထိုကန်မှာ ၎င်း ၏ဥယျာဉ်ခြံအတွင်း ရေသွင်း နိုင်ရန်နှင့်၊ ရပ်ရွာ သောက်သုံး ရေအတွက်ဟူ၍ ရည်ရွယ်ပြုလုပ်ခဲ့ရာ၊ ယခုထက်တိုင် ၊ အသုံး ပြု နေရစဲဖြစ် ပေသည်။ ယခင်ရွာ ဟောင်း တွင်ဝိုက်ဆံ ဂိုမ်းဖိုးကောင်း ၊ လုပ်ဂုဏ်တန်လုရနှင့်အင်း ရဲသား လက်လုပ်၊ လက်စား ၊ လူထုဟူ၍ ၊ ၂ပိုင်း ကွဲပြီး ၊ စည်း လုံး မှုနည်း ပါး ခဲ့၏။ သာ ရေး - နာ ရေး -ရပ်ရွာ၊ ဖွံ့ဖြိုး ရေး ကိစ္စများ တွင် နာမည် ကောင်း ယူရမည့်စည့်ခံ ရေး ကိစ္စများ ၊ တွင်သာလူဂုဏ်တန်များ ကတာဝန်ယူပြီး ၊ နောက်ပိုင်း မီး ဖိုချောင် တာဝန်ကိုဆင်း ရဲသား များ က၊ တာဝန်ယူရ လေ့ရှိ ပေသည်။ သာ ရေး ကိစ္စ၊

အလှူအတန်း များ တွင်လည်း ၊ ကုသိုလ်ရေး ထက်တဦး နှင့်တဦး ဂုဏ်တုဂုဏ်ပြိုင် အနိုင်ယူလှူတန်း ခြင်း များ သာ များ ပေသည်။ နာရေး ကိစ္စ များ တွင်လည်း ပိုက်ဆံ ရှိသူ တို့သာ ဂရုစိုက်ကူညီလျက်၊ ပိုက်ဆံမရှိသူမှာ အကူအညီမရဘဲ သေ ဆုံး ခဲ့ရ ၏။ ရွာသစ်တွင်လည်း ၁၉၆၂ ခုနှစ် လောက်အထိထိုသဘော မျိုး များ ဆက် လက် ပါလာခဲ့သေး ၏။ ထို့ကြောင့်ရပ်ရွာဖွံ့ဖြိုး ရေး ကိစ္စ များ တွင်ရွာ နေ အား လုံး အဆင့်အတန်း မ ရွေး ပါဝင်စည်း လုံး ညှိနှိုင်း လုပ် ဆောင်မှုနည်း ပါး လျက်၊ ရွာ၏တောင်ပိုင်း နှင့် မြောက်ပိုင်း ဟူ၍ စိတ် ဝမ်း ကွဲမှု များ ပင် ရှိခဲ့ ပေသည်။ ထိုသို့အား ဖြင့် ရပ်ရွာ ဖွံ့ဖြိုး သာယာ ရေး လုပ်ငန်း များ နှင့်သာ ရေး ၊ နာ ရေး ကိစ္စ များ တွင် လုပ်ငန်း ၏ ရည် ရွယ် ချက်သ ဘောထက်၊ ငွေရှင် ကြေး ရှင်တို့၏ ငွေ ကြေး အ ချယ်လှယ် ခံ စနစ်မျိုး ဖြင့်သာလုပ်ကိုင်ခဲ့ကြ လေ သည်။ ပစ္စည်း ရှိသူ၊ မျိုး ကြီး ဆွေကြီး များ ၏ဆန္ဒ ၊ ဩဇာသာ အတည်ဖြစ်ပြီး လွှမ်း မိုး လေ့ရှိခဲ့ ပေသည်။

ကျန်း မာ ရေး နှင့်အား ကစား အ ခြေအ နေများ တွင်၊ ၁၉၅၃ ခုနှစ်သည် ပေါက်ရွာ ကောင်း တွင် နေစဉ်က အ ခြေအ နေကို ပထမဦး စွာ ဖော်ပြလိုပါသည်။ ထိုပေါက်ရွာ ကောင်း အနီး တွင်ကား ၊ စိမ့်စမ်းများ ရှိလျက် အေး စိမ့်နေပြီး ရွာ နေရာကြပ်တည်း သည့်အ လျောက် နေအိမ်များ မှာ၊ စုပြုံပြည့်ကြပ် နေသဖြင့် ကျန်း မာ ရေး နှင့်ညီညွတ်မှုနည်း ပါး လှ ပေသည်။ နေအိမ်များ တွင်လည်း သား-သမီး၊ ဆွေမျိုး များ စု ပေါင်း လျက်လူများစွာ နေ ထိုင် လေ့ရှိခဲ့၏။ ထို့ကြောင့် တဦးတွင် ရောဂါဖြစ်ပွားပါကကျန်လူများ သို့အလွယ်တ ကူ ကူး ဆက်ပြန့်ပွား သွား ခဲ့ လေသည်။ သောက်သုံး ရေမှာလည်း အနီး ပါတ် ဝန်း ကျင်ရှိစိမ့် စမ်း ၊ ရေအိုင် ၊ ရေကန် ၊ ချောင်း ၊ မြောင်းတို့မှရရာ

ရေကိုသာ ခပ်ယူ သောက်သုံး နေကြရ၏။ ကျန်းမာရေး နှင့်အညီပြုလုပ်ပေး ထား သော ရေလှောင်ကန် ရေ ဟူ၍ စနစ်တကျမရှိခဲ့ပေ၊ လူ သောက် ရေကန် တီရိစ္ဆာန် သောက် ရေကန်ဟူ၍အထူး ခြစ်မတ်ခွဲခြား ထား နိုင်ခြင်း မရှိခဲ့ ပေ၊ အကိုး ရကျန်းမာရေး ဌာနအနေဖြင့်လည်းထိုရွာတွင်အခြေစိုက်ထား ခြင်း မရှိ၍ကျန်းမာရေး မှူး တဦး လျှင်ရွာ ပေါင်း များ စွာကိုစု ပေါင်း တာဝန်ယူ နေရရာ၊ တခါတရံသာ ရွာသို့ရောက်ရှိလာသဖြင့်အား ကိုး မှုမ ပြုနိုင် ပေ။ ထို့ကြောင့်မိမိတို့အစဉ်အလာသုံး လာသည့် ဆေး ဝါး ထိုများ နှင့် မြန်မာ ဆေးဆရာ တို့ကိုသာအသုံး ပြုအား ကိုး နေခဲ့ရပြီး ကျန်း မာ ရေး အ သိပညာ နည်း ပါး ခဲ့ ပေသည်။ ထို့ကြောင့်ရွာ ဟောင်း တွင်တနှစ်လျှင်လူ ၂၀ ခန့်ရောဂါအမျိုး မျိုး ဖြင့် သေဆုံး ခဲ့ရာအများ အား ဖြင့်ငှက်ဖျား ရောဂါ၊ ဝက်သက် ရောဂါများ ဖြင့် သေဆုံး ခဲ့၏။ လူဦး ရေစုစု ပေါင်း ၆၀၀ ခန့်မျှတွင်၊ ထို သေဆုံး မှုနှုန်း မှာအထူး များ ပြား လှ ပေသည်။ အချို့မ သေဘဲကျန် နေသူ များ မှာလည်း ဖြစ်ပွား ခဲ့ သော ရောဂါ၏ အကျိုး ကြောင့်နာတာ ရှည်အ ဝသို့ရောက်ရှိခဲ့ကြရပြီး ကျန်း မာ ရေး ချို့တဲ့သွား ခဲ့ ပေသည်။ ထို့ကြောင့် ရွာ ဟောင်း မှပါလာ သော ငှက်ဖျား ရောဂါ မျက်ခမ်း စပ် ရောဂါသွင်များ ယခုထိရှိ နေ ပေသည်။

အများ အား ဖြင့်ဖြစ်ပွား သော ရောဂါများ မှာလည်း ငှက်ဖျား ရောဂါ၊ ပုလိပ် ရောဂါ၊ ဝမ်း ရောဂါ၊ အအေး မိ ရောဂါနှင့် မျက်ခမ်း စပ် စသည့်အပူပိုင်း ဒေသဆိုင်ရာ ရောဂါများ ဖြစ် ပေသည်။ တကိုယ် ရေကျန်း မာ ရေး ၊ အိမ် ထောင်စုကျန်း မာ ရေး နှင့်ရပ်ရွာပတ် ဝန်း ကျင်ကျန်း မာ ရေး အတွက်ဂရုစိုက် နေထိုင်၊ ဝတ်စား ၊ လေ့ကျင့်ခြင်း

မျိုး များ လည်း နည်း ပါး လှပြီး ၊ မိမိတို့၏ စီး ပွား ရေး ပိုမိုချမ်း သာကြွယ် ဝ ရေး အတွက်သာ၊ နေ့ရောညပါ၊ လုံး ပမ်း နေကြ ပေသည်။ ကျန်း မာ ရေး အသိပညာလည်း နည်း ပါး ခဲ့ ပေသည်။

၁၉၃၄ ခုနှစ်တွင်၊ ရွာ ဟောင်း မှ၊ ယခုဆည် ပေါက် ရွာသစ်သို့၊ ပြောင်း ရွှေ့ရောက်ရှိလာရာတွင်၊ အစိုး ရကစံပြရွာတည် ဆောက်ရန်ရည်ရွယ်လျက်၊ မြေကွက်များ တိုလိုသလောက်စံနစ်တကျကျန်း မာ ရေး နှင့်အညီအကွက်ချပေး ခဲ့သဖြင့်၊ ယခင်ကစု ပေါင်း နေထိုင်ခဲ့သော မိ သား စုများ မှာအများ အား ဖြင့်၊ အိုး အိမ်ခွဲလျှက် နေထိုင်လာကြပြီး၊ ကျန်း မာ ရေး အနေဖြင့်လည်း ၊ ပိုမိုသန့်ရှင်း လာကြရ၏။ သောက်သုံး ရေကိုမူ ကား ၊ ၁၉၅၈ ခုနှစ်တွင်၊ အစိုး ရက၊ ဆည် ပေါက်ရွာစမြစ်ဖိုက်ခင်း သုံး ရန်အတွက်၊ မူပွါး မှ ရေကိုပိုက်လိုင်း ဖြင့်သွယ်ယူရာ၊ ဆည် ပေါက်ရွာတွင် လည်း ၊ ရွာလယ်၌အုတ် ရေကန်ပြုလုပ်လျှက်၊ ထည့်ထား ပေး ခြင်း ဖြင့်စနစ် တကျပိုကောင်း လာ၏။ ကျန်း မာ ရေး ဌာနအနေနှင့်လည်း ၊ ထိုရွာတွင် သီး ခြား တည်ရှိလာ၏။ ထို့ကြောင့်ကျန်း မာ ရေး အနေဖြင့်၊ မူလရွာဟောင်း အခြေအနေနှင့်စာ သော်၊ ရွာသစ်တွင် ယေဘုယျအား ဖြင့်ပိုမိုသင့်တင့်လာ သည်ဟုဆိုနိုင် ပေသည်။ သို့ရာတွင်၊ ရွာရှိကျန်း မာ ရေး ဌာနအနေဖြင့် စည်း ရုံး လုပ် ဆောင်မှုနည်း နေ သေး သော ကြောင့်၊ ရွာသူရွာသား များ သည်၊ မိမိတို့ရွာရှိ၊ မြန်မာ့ဆေး ဆရာများ နှင့်၊ ဆေး ဗိုး ဆိုများ ကိုသာ အား ကိုး လျက်၊ အစိုး ရကျန်း မာ ရေး ဌာနမှ ဆေး များ ကိုယုံကြည်အား ထား အသုံး ပြုခြင်း နည်း ပါး နေပေ သေး သည်။ ကိုယ်ဝန် ဆောင်မိခင်များအနေ နှင့်လည်း ထိုနည်း အတိုင်း ပင်အစိုး ရ သား ဖွား ဆရာမများ အား ၊

အသုံးပြုခြင်း ထက်၊ ရပ်ရွာလက်သယ်ကိုသာ ပိုမိုအသုံးပြုနေကြပေသေးသည်။ အစိုးရကျန်းမာရေး အမှုထမ်းများ အနေနှင့်လည်း၊ တံစိုးလက်ဆောင်ကို မျှော်ကိုး၍သာလိုက်လံကုသမှုပေးလေ့ရှိ၏။ ဝမ်းရောဂါ၊ ပုလိပ်ရောဂါ၊ အပူပိုင်းဆိုင်ရာ ရောဂါများ ဖြစ်နေသဲ့ပင်ရှိ၏။ သို့သော် ယခင်ကလောက် မများ တော့ဘဲ၊ ပိုနည်းလာ၏။ လူသေနှုန်းမှာ တနှစ်လျှင် ၁၀ ယောက်ခန့်ရှိ သေး၏။ တကိုယ်ရေး ကျန်းမာရေး၊ အိမ်ထောင်စုကျန်းမာရေး၊ ရပ်ကွက် ပတ်ဝန်းကျင်ကျန်းမာရေး တို့နှင့်သက်ဆိုင်သော ကျန်းမာရေး အသိပညာနှင့် စည်းရုံးလုပ်ဆောင်မှုများ လည်း၊ နည်းပါးနေသေးပြီး၊ မိမိတို့ဥယျာဉ်ခြံ စီးပွားရေး အတွက်၊ ပိုမိုချမ်းသာကြွယ်ဝရေး၊ ငွေကြေး တခုတည်းကိုသာအာ ရုံစိုက်လုံးပန်း နေကြသဲ့ဖြစ်ပေသည်။ ကူးစက်နိုင်သော ရောဂါများ လူအတော် များများ သို့ကူး စက်ပြန့်ပွား လာမှသာ၊ ငွေရှင်၊ ကြေးရှင်၊ များအနေဖြင့်၊ မိမိတို့ထံကူးစက် ရောက်လာမည်စိုး၍၊ ရပ်ရွာကာကွယ်ရေး အတွက်ဦးဆောင် လုပ်လာကြလေ့ရှိ၏။ အနိုင်ဦး ဆောင်ကြိုတင်ကာကွယ်မည့်သူမရှိခဲ့ပေ၊ ထို့ကြောင့်၊ အချုပ်အားဖြင့်၊ ၁၉၅၃ ခုနှစ်မှ ၁၉၆၂ ခုနှစ်အထိ၊ ဆည်ပေါက်ရွာ နေသူ တို့၏ကျန်းမာရေး မှာအရင်း ရှင်စီးပွားရေး စနစ်၏ လောင်းရိပ်တွင် မိလျက် မိမိတို့ပိုမိုချမ်းသာရေး၊ အရင်းရှင်ဖြစ်လာရေး လောက်သာ၊ အာရုံစိုက်လုံး ပန်း နေပြီး၊ ကျန်းမာရေး ပညာအသိတရား နှင့်လုပ်ဆောင်စည်းရုံးမှုများ နည်းပါး လျက်၊ ကျန်းမာရေး အဆင့်အနေဖြင့်သင့်လျော်ရုံမျှသာရှိနေပေသေး သည်။

ပညာရေး အခြေအနေများ တွင်ကား ၊ ဆည်ပေါက် ရွာ နေသူများ သည်၊ ၁၉၅၃–ခုနှစ် ၊ ရွာဟောင်း တွင် နေစဉ်တတည်းက ပင်၊ ၄င်း တို့၏အရင်းရှင် စီး ပွါး ရေး စနစ်အရ၊ ငွေရရှိ ရေး ၊ ချမ်း သာကြွယ်ဝ ရေး ကိုသာ၊ အာရုံစိုက် နေခဲ့ရာ၊ ပညာ ရေး တွင်လျစ်လျူရှုထား ခဲ့ပေသည်။ မိမိတို့၏ မိရိုး ဖလာဓလေ့ထုံး စံအရ၊ ဘာသာ ရေး စာ ပေများ နှင့်မြန်မာစာအ ရေး အဖတ်ကိုသာ၊ ရွာရှိဘုန်း တော်ကြီး ကျောင်း များ ၊ ( ၄ ကျောင်း ခန့်ရှိ၏ ) ၌သင်ကြား ခဲ့လေသည်။ ထို့ကြောင့်ယခု ရွာရှိလူကြီး ပိုင်း များ မှာ၊ လောကုတ္တရာစာပေ များ သာတတ်ကျွမ်း ခဲ့ပေသည်။ ခေတ် ပညာ ရေး ကိုလိုက်စား သူများ အထူး နည်း ပါး ခဲ့၏။ မူလတန်း ပညာကိုသင် ကြား နိုင်ရန်လည်း စနစ်တကျ ကျောင်း မရှိ ပေ၊ ဘုန်း တော်ကြီး ကျောင်းများ တွင်တွဲဖက်လျက်၊ မူလတန်း ပညာကိုသင်ကြား ပေး ရုံမျှသာရှိ၏။ ရွာရှိပညာ ရေး အမှုထမ်း ဟောင်း များ ဖြစ်သည့် ဒေါ်တင်ပု၊ ဒေါ် ငွေတင်၊ ဦးရွှေ ထင်၊ တို့က မူလတန်း ပညာသင်လိုသူများ အား ၊ ညအခါတွင် စေတနာအလျောက် သင်ကြား ပေး ခဲ့၏။ ခေတ်အမြင်ရှိသူအနည်း အကျဉ်း ကသာ ၄င်း တို့၏ သားသ မီး များ အား အခြား မြို့ရှိ၊ ကျောင်း များ သို့ပို့လွှတ်သင်ကြား ခဲ့ခြင်း ကြောင့်၊ တရွာလုံး တွင် `ရ´တန်း အောင်သူ ၈ ဦး ခန့်နှင့်မြန်မာ ၉ တန်း အောင် မြင်သူ ၃ ဦး သာရှိခဲ့ပေသည်။ ၄င်း တို့မှာလည်း ဆက်လက်၍ ပညာမသင် ကြ တော့ဘဲ၊ ကျောင်း ဆရာ၊ မြေတိုင်း စါရေး ၊ စသည့်အလုပ်များ ကိုဝင် ရောက်လုပ်ကိုင် လျက်ရှိခဲ့ကြ၏။ ပညာကိုအထက်တန်း ထူး ချွန်သည့်အဆင့်အထိသင် လိုစိတ်မရှိခဲ့ ကြ ပေ။ ထို့ကြောင့်လည်း ဆည် ပေါက်ရွာ နေသူများ တွင်ယခုအသက် ၄၀ ခန့်ရှိလူ ၉၀ ခန့်မှာ စာလုံး ဝမတတ်ကြ ပေ။ ( ၁၉၇၁ ခုနှစ် တွင်

မှ `` အ `` သုံး လုံး၊အစိုး ရ၏ပညာ ရေး စီမံကိန်း ဖြင့်သင်ကြား ပေး မှု ကြောင့်၊ စာတတ် မြောက်ခဲ့ရ ပေသည်)။

၁၉၃၄ ခုနှစ်တွင်ကား၊ ဆည် ပေါက်ရွာသစ်သို့ပြောင်း ရွှေ့ရောက်ရှိလာပြီး၊ ၁၉၃၈ ခုနှစ်မတိုင်မီခန့်အထိ၊ ၎င်း တို့၏ပညာ ရေး မှာ ယခင်ရွာ ဟောင်း ၏အခြေအနေခံယူချက်များ အတိုင်း ပင်ဖြစ်နေ ပေသည်။ အဘယ့်ကြောင့်ဆို သော်၊ ရွာ ရွှေ့ပြောင်း လာရ သော်လည်း၊ ၎င်း တို့၏စီး ပွါး ရေး မှာယခင်နည်းပါး ကောင်း မွန်ဆဲဖြစ်၍၊ ပညာကို လိုလား စိတ် မရှိကြ ပေ။ ဤတွင် ၁၉၃၄ ခုနှစ်တွင်၊ ရွာ ပြောင်း ရ စဉ်က၊ ကျောက်ပန်း တောင်း မြို့သို့ တိုက်ရိုက် ပြောင်း ရွှေ့သွား သည့်မိသားစု လောက်သာ ခေတ်ပညာကိုသင်ယူလိုက်စား ခဲ့ကြ ပေသည်။ ထို့နောက် ၁၉၃၈ ခုနှစ်ခန့်မှစ၍၊ ၎င်း တို့၏ ငှက် ပျောဥယျာဉ်ခြံများမှသစ် တောပြုစုပျိုး ထောင်ရေး စီမံကိန်း အရ၊ အချိန်အဝက်သုံး ရှုံး ပြီး၊ ယာ မြေများ မှာ၊ လည်း စပြစ်ခြံအတွက်၊ ခွဲဝေ ပေး လိုက်ရသဖြင့်၊ ၎င်း တို့၏စီး ပွါး ရေးလက်ရင်း လက်ငုတ်များ၊ အတော်အသင့်ဆုံး ရှုံး ကျဆင်း သွား ခဲ့၏။ ထို့အပြင်၊ စပြစ်စိုက်ခင်း မှအစိုး ရအမှုထမ်း အလုပ်ကိုလုပ်ကိုင်နိုင်ရန်လည်း ပညာတတ် ရန်လိုအပ် ကြောင်း သိမြင်လာခြင်း ကြောင့်၊ ပညာ ရေး ဘက်သို့အနည်း ငယ် အာရုံစိုက်လာပြီး၊ ပညာတတ်လခစား လုပ်ကိုင်ရန်ရည်ရွယ်လျက်၊ မိမိတို့ ၏ သား သမီး များ အား၊ ခေတ်ပညာကိုသင်ကြား စေခဲ့ကြ ပေသည်။ ဤသို့၊ ဖြင့် ၎င်း တို့၏ပညာ ရေး ဦး တည်ချက်မှာ မိမိတို့အသိပညာပွါး များ တိုး တတ်ရန်နှင့်၊ တိုင်း ပြည်အတွက်ပညာတတ်အသိအမြင်ရှိသူစွမ်း အင်ကိုဖြည့်စွမ်း ရန်ဟူ၍များ ရွာမပါဝင်ခဲ့ပေ။ ပညာတတ်ပြီး လခစား အလုပ်လုပ်၍ ငွေရ

ရန် ဟု သော ပညာကို ငွေရှာလက်နက်တခုအဖြစ်အသုံး ပြုသည့်အရင်း ရှင်သဘော တရား လောက်သာ ခံယူထား ခဲ့ကြရာ၊ ယင်း ပညာ ရေး ခံယူချက်သည် ၁၉၆၂ ခုနှစ်ထိုင်ဖြစ် ပေသည်။

နိုင်ငံ ရေး သဘောတရား အခြေအနေများ တွင်၊ဆည် ပေါက်ရွာ လောင်း သည်၊ ငှက် ပျော၊ ဥယျာဉ်ခြံ မြေများ နှင့်စား နဝ်ရိက္ခာ စီး ပွါး ရေး တောင့်တင်း ကောင်း မွန်မှု ကြောင့်၊ ရဲဘော်ဖြူနှင့်ကွန်မြူနစ် တပ်ဖွဲ့များ သည်၊ တလှည့်စီ မကြာခဏအခြေချ၊ ကြိုး စိုး ခြင်းခံခဲ့ ရလေသည်။ ကြာရှည်အုပ်ချုပ် ရေး အဖြစ်–ဗိုလ်မင်း နိုင်၊ ဗိုလ်မျိုး ညွန့်၊ တို့ဦး ဆောင် သော ရဲဘော်ဖြူများ က ဆည် ပေါက်ရွာကို (၄) နှစ်ခန့်မျှ ၊ ကြိုး စိုး အုပ် ချုပ် ခဲ့ပြီး ၊ ဗိုလ်ဝင်းဦး စီး သော ကွန်မြူနစ်တပ်ဖွဲ့များ က၊ ၃ လခန့်မျှအုပ်ချုပ် ခဲ့ဘူး လေသည်။ တခါတရံတွင်လည်း တနေ့တည်း တွင်၊ နံက်ပိုင်း၌ ရဲဘော် ဖြူ၊ နေ့လည်ပိုင်း၌ကွန်မြူနစ်၊ ညနေပိုင်း၌အစိုး ရတပ်စသည်ဖြင့်၊ အချိန် ပိုင်း လိုက်လည်း အုပ် စိုး ခံရပြီး ၊ ထမင်း ထုပ်၊ ဆက်ကြေး စသည်များ ကိုမ ကြာခဏ ပေး ဆက် နေခဲ့ကြရ ပေသည်။ ထိုသို့ဖြင့် ဆည် ပေါက်ရွာသူ၊ ရွာသား များ မှာ၊ ရဲဘော်ဖြူဝါဒ၊ ကွန်မြူနစ်ဝါဒ၊ ဖ–ဆ–ပ–လ–အစိုး ရ စ သည့်၊ ဝါဒသဘောတရား များ မကြာခဏ ဟော ပြောခံရလျက်ကြား သိရင်းနှီး နေကြရ ပေသည်။ ထိုသို့ဖြင့်၊ ရပ်ရွာ၏လူကြီး ၊ လူငယ်အချို့သည်၊ ပြည်သူ့ ရဲ ဘော်၊ တပ်ထဲသို့ဝင်သူဝင်၊ ကွန်မြူနစ်တပ်ထဲသို့ဝင်သူဝင်ဖြစ်လျက်၊ ရွာတွင် လည်း ၊ ရဲဘော်ဖြူဆွေမျိုး ၊ ကွန်မြူနစ် ဆွေမျိုး ၊ စသည့်ဖြင့်အမျိုး မျိုး ကွဲ ပြား လျက်၊ နိုင်ငံ ရေး ပါတီဝါဒ များ ရော ထွေး ယှက်တင်ရှိ ခဲ့ကြ လေသည်။ ဤတွင် ရဲဘော်ဖြူကို ကွန်မြူနစ်ထက်ပို မိုလိုလား ၍၊ ကွန်မြူနစ်ကိုလိုလား သူမှာ

အထူး နည်း ပါး လှ ပေသည်။ ထိုသို့ဖြင့်၊ ဆည် ပေါက်ရွာအား ရဲဘော်ဖြူရွာ၊ ကွန်မြူနစ်ရွာဟုအမျိုးမျိုး စွပ်စွဲခြင်း ခံနေရစဉ်၊ ၁၉၅၄ ခုနှစ်တွင်၊ အစိုး ရတပ်မတော်မှ ဗိုလ်မှူး ကြီး ဇော်ဂန်း သည်ဆည် ပေါက်ရွာအနီး ၌၊ မော် တော်ကား လမ်း အတိုင်း ဖြတ်အသွား ၊ ယခုဆည် ပေါက်ရွာထိပ်၌၊မြောင်း ချောင်း အတက်တွင်၊ မိုင်း ဖုံး ထိမှန် ပေါက်ကွဲလျက် သေဆုံး ခဲ့ရလေသည်။ ၎င်း တွင်ဆည် ပေါက်ရွာ၌ ရဲဘော်ဖြူများ နိုင်အောင်း လျက်ယခုကဲ့သို့ကြံစည်တိုက် ခိုက် ခြင်း ဖြစ်သည်ဟုယူဆပြီး ၊ ဆည် ပေါက်ရွာ တောင်း တခုလုံး အား ၊ ရွာပိတ် မီး ရှို့မည်ပြုရာ၊ ရွာလူကြီး များ ကအထူး တောင်း ပန်သဖြင့်၊ ရွာသား များ ၏အသက်ကိုချမ်း သာ ပေး လျက် အဘိုး တန်း အဓိကပစ္စည်း များ ကိုသာယူဆောင် စေပြီး ၊ ဆည် ပေါက်ရွာ ဟောင်း ကိုမီး ရှို့ဖျက်ဆီး လိုက် လေသည်။ တပြိုင်တည်း မှာ ပင်၊ တိုင်း ပြည်ငြိမ်ဝပ်ပိပြား ရေး ၊ လိုအပ် ချက်အရ၊ ဆည် ပေါက် တရွာလုံး အား ၊ ယခုရွာသစ်နေရာသို့၊ ပြောင်း ရွှေ့စေပြီး ၊ ကယ် ဆယ် ရေး ပစ္စည်း များ အဖြစ်တအိမ် ထောင်လျှင်၊ ငွေ–၅၀/ နှင့်၊ ဆန်၊ ဒိန် အိုး ၊ ပိုက်စများ ကို ပေး ဝေခဲ့လေသည်။ ( ပြည်သူ့ရဲဘော်ပါတီများ သို့၊ ဝင် ရောက် တောခိုသွား ခဲ့သောဆည် ပေါက်ရွာသား ခေါင်း ဆောင်များ ဖြစ်သည့်၊ ဦး ခင်မောင် ၊ ဦး လှ ဖေ၊ ဦး သာပြည့်၊ ဦး နေဝင်း ၊ စသူတို့သည်၊ ၁၉၅၈ ခုနှစ်ခန့်က၊ အလင်း ဝင်လာပြီး –ယခုအချိန်တွင်၊ တိုင်း ပြည်အတွက်သစ္စာရှိစွာဖြင့်၊ ရွာ၏ ရှေ့ဆောင်လူကြီး များ အဖြစ် တာ ဝန်ယူလျက် ရပ်ရွာဖွံ့ဖြိုး ရေး ကိစ္စများ ကိုကြိုး စား ဆောင်ရွက် နေပြီး ၊ မြန်မာ့ဆိုရှယ်လစ်လမ်း စဉ်အား ၊ လိုလား စွာလက်ခံ ဆောင်ရွက်စည်းရုံး ပေး လျက်ရှိကြ ပေသည်။ )

၁၉၆၂ မတိုင်မီ၊ အတိတ်ခေတ်နိုင်ငံရေးမှာ၊ မူလရွာဟောင်းတွင်နေစဉ်က၊ ပြည်သူ့ရဲဘော်ပါတီ၊ ကွန်မြူနစ်ပါတီနှင့်၊ ရွာသစ်သို့ရောက်ပြီး၊ ဖ-ဆ-ပ-လ-၊ တည်မြဲသန့်ရှင်း စသည့်၊ နိုင်ငံရေးပါတီပေါင်းစုံ၏၊ ဝါဒပေါင်းစုံရောယှက်ယှမ်းမိုးခံခဲ့ရပြီး၊ ရွာသူရွာသားများမှာလည်း၊ ဝါဒအမျိုးမျိုးကွဲလွဲကာ၊ မည်သည့်ပါတီကိုယုံကြည်အားကိုးရမည် မသိလောက်အောင်၊ မျက်ကန်းလမ်းပျောက်ရသည့် ဘဝမျိုးတွင် စမ်းတဝါးဝါးဖြင့်၊ နေလာခဲ့ကြရာ ၁၉၆၂ ခုနှစ်တိုင် အောင်ဖြစ်ပေသည်။

ဘာသာရေးနှင့်မိရိုးဖလာယုံကြည်မှုများတွင်၊ ဆည်ပေါက်ရွာနေသူများသည်၊ ဘိုးဘွားစဉ်ဆက်မိရိုးဖလာမြန်မာဗုဒ္ဓဘာသာများဖြစ်သည့်အားလျော်စွာ၊ ဗုဒ္ဓဘာသာကိုအထူးသက်ဝင်ယုံကြည်ကြပေသည်။ မိရိုးဖလာယုံကြည်မှုများဖြစ်သည့်နတ်ကိုးကွယ်မှု၊ ဗေဒင်၊ ယတြာ၊ ယုံကြည်ဆောင်ရွက်မှုများကိုလည်း၊ ၎င်းတို့၏ကျန်းမာရေး စီးပွားရေး လိုအပ်ချက်များအရ ဆောင်ရွက်အသုံးပြုလေ့ရှိခဲ့ကြပေသည်။ ထို့ကြောင့်၊ ၁၉၅၃ ခုနှစ်မှ၊ ၁၉၆၂ ခုနှစ်အထိ၊ ဆည်ပေါက်ရွာနေသူတို့၏ ဘာသာရေး၊ မိရိုးဖလာယုံကြည်မှုနှင့်ပတ်သက်သော ဆောင်ရွက်မှုများသည် မိမိတို့စွမ်းအင် စွမ်းအားဖြင့်မပြီး မြောက်နိုင်သောအရာများအတွက်၊ ပြီးမြောက်စေရန်အားကိုးယုံကြည်ရည်ရွယ်ပြုလုပ်ခဲ့ခြင်းများသာ ဖြစ်ပေသည်။ စစ်မှန်သောဘာသာရေးယုံကြည်မှု အထူးနည်းပါးခဲ့၏။

တရားဥပဒေအခြေအနေများတွင်၊ ၁၉၅၃ မှ၊ ၁၉၆၂ ခုနှစ်အထိ၊ ဆည်ပေါက်ရွာနေသူများ၏တရားဥပဒေမှာကိုလိုနီအမွေခံတမိန့်တဩဇာသုံး၊ အုပ်ချုပ်မှု၊ တရားဥပဒေမျိုးသာဖြစ်ခဲ့၏။ တနည်းအားဖြင့်လည်း၊ အရင်းရှင်စီးပွါးရေးစံနစ်ကိုအကာအကွယ်ပေးလျက်၊ ငွေရှင်၊ ကြေးရှင်၏ အလိုတော်သို့ လိုက်လျောဘက်လိုက်သည့်တရားဥပဒေမျိုးသာဖြစ်ပေသည်။ ထိုတရားဥပဒေကိုကျင့်သုံးရာတွင်လည်း၊ အုပ်ချုပ်စီရင်သူများမှာ၊ မိမိတို့လိုရာသို့တဦးတယောက်တည်း၏သဘောဖြင့်၊ ဥပဒေကိုလက်တလုံးကြားပြုလုပ်ဆွဲယူ၏၊ အုပ်ချုပ်စီရင်ခဲ့လေသည်။ တရားဥပဒေစိုးမိုးရေးကိုလည်း၊ ငွေဖြင့်၄င်း၊ အာဏာဖြင့်၄င်း၊ နိုင်ငံရေးပါတီဩဇာဖြင့်၄င်း၊ အနိုင်ယူချုပ်ကိုင်ခဲ့ပေသည်။ ထို့ကြောင့် ၁၉၅၃ ခုနှစ် မှ ၁၉၆၂ ခုနှစ်အတွင်း၊ ဆည်ပေါက်ရွာနေသူတို့တွင် မြေနှင့်ရာလှံ စိုက်သကဲ့သို့၊ ဆင်းရဲသားအများထုမှာ၊ ငွေရှင်ကြေးရှင် ဩဇာရှင်တို့၏အချယ်လှယ်ခံဘဝတွင်ရပ်တည်ခဲ့ကြရပေသည်။ စီးပွါးရေး၊ လူမှုရေးများတွင်ရှိသော သက်ဆိုင်ရာတရားဥပဒေများမှာလည်း၊ ငွေရှင်ကြေးရှင်တို့၏ ဆန္ဒရှိရာကိုသာ၊ လိုက်လျောဖြည့်စွမ်းပေးနေရသောအဖြည့်ခံများဖြစ်နေခဲ့ပေသည်။ ငွေရှင်၊ ကြေးရှင်များသည်၊ မိမိတို့အချင်းချင်းလည်း၊ အနိုင်အထက်ပြုခဲ့ကြပြီး၊ ဆင်းရဲသားများအပေါ်တွင်လည်း မတော်မတရားမှုများပြုခဲ့သောကြောင့်၊ ဆင်းရဲသားများအနေဖြင့်၊ မခံနိုင်သည့်အဆုံး၊ အချို့မှာပြန်လည်ခုခံလက်စားချေရင်း၊ ရာဇဝတ်မှုများ မကြာခဏဖြစ်ပွါးခဲ့ရလေသည်။ ထို့ကြောင့်၊ ရေမြေလုမှုများ၊ အမွေမှုများ၊ လင်မယားကွဲကွာမှုများ၊ ရာဇဝတ်မှုများ တနှစ်လျှင်

၁၀ မှုခန့်ဖြစ်ပွါး ခဲ့ပေသည်။ ဤတွင်လူသတ်မှုအထိပင်ဖြစ်ပွါး ခဲ့သူး၏ ။ လူသတ်မှုမှာ မိမိတို့ဥယျာဉ်ခြံအတွင်း ၊ ရေသွယ်သွင်း ရာ အထက်ခြံ၊အောက်ခြံ ရေလု စကားများ မှဖြင့် အဲ ဖြင့် ထိုး ရာတဦး သေဆုံး ခဲ့ရ လေသည် ။

ထို့ကြောင့်၊ ဆည်ပေါက်ရွာနေသူများ၏ ၁၉၅၃ မှ၊ ၁၉၆၂ ခုနှစ်အတွင်း ၊ တရားဥပဒေအခြေအနေများ မှာ၊ နိုင်ငံရေး ပါတီအသီး သီး၏ဩဇာ၊ ချစ်ချုပ်မှုအာဏာ၊ နှင့်ငွေရှင်ကြေးရှင်၊ တို့၏ ဆန္ဒအတိုင်း လိုက်ပါခဲ့ရသ၊ ရွာသူရွာသား များ မှာလည်း တဦး ကိုတဦး၊ယုံကြည်မှု၊ ကြင်နာမှုများ ကင်း လျက်၊ စိတ်နာခြင်း ၊ စိတ်ဝမ်းကွဲခြင်း၊ များ ဖြစ်ခဲ့ရပေသည်။ သို့အလျောက် တရားမမှု၊ ရာဇဝတ်မှုကြီး ငယ် များ မကြာခဏဖြစ်ပွါး ခဲ့ရပြီး ၊ ရွာသူရွာသားများ မှာလည်း တရား ဥပဒေ စီရင်မှု တွင် ၊ ငွေများ ကတရား နိုင်ဟု သောအစွဲကို စွဲမြဲယုံကြည် နေခဲ့ကြ ပေသည်။ သို့ဖြင့်၊ တရားဥပဒေ၏အနှစ်သာရနှင့်၊ ရပ်ရွာသာယာရေး ၊ တရား ဥပဒေစိုးမိုး ရေး မှာနည်း ပါး နေခဲ့ရာ ၊ ၁၉၆၂ ခုနှစ်တိုင် အောင်ပင်ဖြစ်ပေသည်။

* * * * * * * * * * * * * * *

## အခန်း ( ၄ )

* * * * * * * * * * * * * * *

* * * * * * * * * * * * * * * * * * * * * * * * * * * * * * * *

ဆည်ပေါက်ရွာ နေသူတို့၏ ၁၉၆၂ မှ ၁၉၇၃ ခုနှစ် အတွင်း လူမှုရေး အခြေအနေများ ( အစိုးရ၏ စီမံကိန်းဆောင်ရွက်ချက်များ အပါအဝင် ) တို့၊ ယင်းတို့၏ စီးပွါးရေးနှင့်ယှဉ်တွဲ၍ ပေါ်ပေါက်လာမှုများ အလိုက်အသေးစိတ် လေ့လာတင်ပြလျက် ပတ်ဝန်းကျင် ကျေးရွာများ နှင့်နှိုင်းယှဉ်သုံးသပ်ပြခြင်း ။

* * * * * * * * * * * * * * * * * * * * * * * * * * * * * * * * *

ဆည်ပေါက်ရွာနေသူတို့၏ ၁၉၆၂ မှ ၁၉၇၃ ခုနှစ်အတွင်း၊ လူမှုရေး အခြေအနေများ ကိုယင်းတို့၏ စီးပွားရေးနှင့် ယှဉ်တွဲလျက် မဖော်ပြဘဲ၊ ၎င်းတို့၏ စီးပွားရေး အခြေအနေများ ကိုအနည်းငယ် သုံးသပ် ဖော်ပြလိုပါသည်။

၁၉၆၂ မတိုင်မီတွင်၊ ဆည်ပေါက်ရွာနေသူတို့၏ စီးပွားရေး အခြေအနေများ သည်၊ အခန်း ၂ နိဒါန်းတွင် ဖော်ပြထားသကဲ့သို့၊ တဖြေးဖြေး ယုတ်လျော့လာလျက်၊ လူများ ခုမှာအတည်တကျ အလုပ်များ ကိုမလုပ်ကိုင်နိုင်ကြသေးဘဲ၊ ပုံကျအလုပ်များ ကိုသာ ရှာကြံလုပ်ကိုင်လျက်၊ စားသောက်နေလာခဲ့ရာ၊ ၁၉၆၂ ခုနှစ်တိုင် အောင်ပင်ဖြစ်ပေသည်။

၁၉၆၂ ခုနှစ်၊ မတ်လ ၂ ရက်နေ့တွင်ကား၊ တော်လှန်ရေး ကောင်စီတက်လာပြီး၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ကို ကြေငြာလျက်၊ သာယာဝပြော သောဆိုရှယ်လစ် လောကသစ်သို့၊ ရောက်ရှိရန် ရည်ရွယ်ချီတက်လာခဲ့ရာ၊ ဆည်ပေါက်ရွာနေသူများ အနေနှင့်လည်း၊ ဆိုရှယ်လစ်စီးပွားရေး စနစ်ဘောင်အတွင်းမှ၊ မိမိတို့စီးပွားရေး ကိုကြိုးစား လုပ်ကိုင်ရင်း၊ တိုင်းပြည်၏စီးပွားရေး ကိုတတ်တအားအထောက်အကူဖြစ်ရေး အတွက်မိမိတို့၏ကာယ၊ ဥာဏ၊ ခွန်အား ရှိသမျှအလုပ်လုပ်ကြရမည်၊ ကြိုးစားထုတ်လုပ်ကြရမည်။ သို့အထောက်ခံစား ခွင့်လည်း၊ ရှိမည်ဟု သောအမြင်များ ရရှိလာလျက်၊ တဖြေးဖြေး ကြိုးစား လုပ်ကိုင်လာခဲ့ကြပေသည်။ သို့ဖြင့် ၁၉၆၈ ခုနှစ်တွင်၊ သက်ဆိုင်ရာမှကြက်မောက်တောင်ဆည် ရေကျရေး စီမံကိန်းနှင့်၊ သစ်တောတိုးချဲ့ပျိုးထောင်ရေး စီမံကိန်းများ အရ၎င်းတို့၏

စီးပွားရေး လက်ငုတ်၊ လက်ကျန်များ ဖြစ်သော–ငှက်ပျောဥယျာဉ်ခြံများ ကိုလုံးဝ ဖျက်သိမ်း ရှင်းလင်း လိုက်လေသည်။ ဤတွင်ဆည် ပေါက်ရွာ နေသူများ အနေဖြင့်၊ စီးပွားရေး တွင်အဓိကအားထား လုပ်ကိုင်ရန်ဟူ၍ မယ်မယ်ရရ မရှိတော့ပေ၊ သို့ရာတွင်၊ ၎င်းတို့အနေဖြင့်၊ ဆိုရှယ်လစ်စနစ်နှင့် ဆိုရှယ်လစ်စီးပွားရေး ကိုခံယူယုံကြည်ထားပြီးဖြစ်သည့်အလျောက်၊စီးပွားရေးစနစ်ဟောင်း ၊ အရင်းရှင်၏လက်ငုတ်လက်ရင်း ဥယျာဉ်ခြံမြေများ ကို နှမြောတသ နေခြင်း မရှိကြတော့ဘဲ၊ ရနိုင်ရာအလုပ်ကိုရ ရာအချိန် တွင် ကြိုးစား ရှာဖွေလုပ်ကိုင်ခဲ့ကြပေသည်။ ထို့ကြောင့်အခန်း ၂ တွင်အသေးစိပ် ဖော်ပြခဲ့သောယခုလက်ရှိ စီးပွားရေး အခြေအနေများ အတိုင်း လှေထိုး လှော်၊ သို့မဟုတ် အိမ်ထောင်စုတ ခုလျှင် အလုပ် ၃–၄ ခု အထိ၎င်း၊ မိသားစုတွင်ကိုယ်စီကိုယ်ငှအဖြစ်၎င်း၊ကြိုးစား လုပ်ကိုင်ရှာဖွေလျှက်၊၎င်း တို့၏ကိုယ်၊ ဉာဏ်၊ စွမ်းအား များ ကိုအစွမ်း ကုန်တိုင်း ပြည်အကျိုးအပြည့်အဝအသုံး ချပေး လျှက်ရှိကြပေသည်။ ဤသည်မှာမြန်မာ့ဆိုရှယ်လစ်လမ်း စဉ်ပါတီ၏အရေးပေါ် ပါတီညီလာခံနှင့်၊ ဒုတိယအကြိမ် ပါတီညီလာခံတွင် ပါတီဥက္ကဋ္ဌကြီး မိန့်ကြားခဲ့သော " တိုင်းရင်းသား လုပ်သားပြည်သူအားလုံး၏ စီးပွားရေး လျှင်မြန်စွာတိုးတက်ဖွံ့ဖြိုး လာစေရန်၊ ပြည်သူလူထု၏စွမ်းအား ကိုအပြည့်အဝအသုံး ချရေး " ဟူသောအချက်ကို ထောက်ခံဖြည့်စွမ်း နေခြင်းပင်ဖြစ်ပေသည်။ ထို့ကြောင့်၊ ၎င်းတို့၏ စီးပွားရေး မှာ ၁၉၅၈ မှ ၁၉၆၂ ခုနှစ်အတွင်း ကထက် ဝင်ငွေပိုမိုတိုး တက်လာခဲ့ပေသည်။ ဤတွင် ၎င်းတို့စီးပွားရေး အခြေအနေနှင့်စာသင်လူမှုရေး တွင်ကား၊ ခေတ်စနစ်နှင့်အညီ ခံယူယုံကြည်ကြိုး စားခြင်း ကြောင့်၊ အထူး ပိုမိုတိုး တက် လာ

ကျောင်း    အောက်ဖော်ပြပါကဏ္ဍများ အလိုက် တွေ့ရှိရပေသည်။

## (၁) လူမှုဆက်ဆံရေး နှင့် ဆောင်ရွက်မှုကဏ္ဍ။

(က) မိသားစု ဖွဲ့စည်းပုံ။ ။ ဆည်ပေါက်ရွာ နေသူများ၏ မိသားစုများ သည်အများအားဖြင့် မိဘနှင့်သား သမီး များသာပါဝင်သော အခြေခံမိသားစု[၁] များအဖြစ်နှင့်အရှိမှာ အဖိုး၊ အဖွား၊ ယောက္ခမ၊ ဦးလေး၊ အဒေါ်၊ တူ၊ တူမ၊ မွေးစား သား သမီး စသည်တို့ပါဝင် စုပေါင်း နေထိုင်ခဲ့သော တိုးချဲ့မိသားစု[၂] များအဖြစ်သို့ ဖွဲ့စည်း နေထိုင် လေ့ရှိကြပေသည်။ ဇနီး ၂ ဦး သို့မဟုတ် ယောကျ်ား ၂ ဦး တပြိုင်တည်း ယူထား၍ စုပေါင်း နေထိုင်သောထပ်တိုး မိသားစု[၃] မျိုးကို မတွေ့ပေ။ အကယ်၍၊ အသက် ၄၀ အောက်တွင် ဇနီး သို့မဟုတ် ယောကျ်ား သေဆုံးသွား၍ သော်၎င်း၊ အဆင်မပြေ၍ ကွဲကွာသွား၍ သော်၎င်း၊ နောက်ထပ်အိမ်ထောင်သစ်ပြုခြင်း မျိုးသာအနည်းအပါး တွေ့ရှိရလေသည်။ လက်ထပ်ပြီး သား သမီး များ မှာလည်း၊ မိဘထံ ခေတ္တခဏသာ အတူ နေထိုင်လျက် မကြာမီ အမြန်ဆုံး အိမ်ခွဲ နေထိုင် လေ့ရှိ ပေသည်။

ဆည်ပေါက်ရွာရှိ အိမ်ထောင်စုနှင့်မိသားစု များ၏ အရွယ်ပမာဏကိုအကြမ်း အားဖြင့် အောက်ပါအတိုင်း လေ့လာ တွေ့ရှိရပါသည်။

---

၁။ Nuclear or Basic Family

၂။ Extended Family

၃။ Compound Family

| | | | | | |
|---|---|---|---|---|---|
| ၁ | ယောက်နေအိမ် | ၁၇ လုံး | ။ ၇ | ယောက်နေအိမ် | ၂၉ လုံး |
| ၂ | ။ | ၂၅ လုံး | ။ ၈ | ။ | ၁၄ လုံး |
| ၃ | ။ | ၃၃ လုံး | ။ ၉ | ။ | ၇ လုံး |
| ၄ | ။ | ၂၂ လုံး | ။ ၁၀ | ။ | ၃ လုံး |
| ၅ | ။ | ၃၄ လုံး | ။ ၁၃ | ။ | ၁ လုံး |
| ၆ | ။ | ၂၃ လုံး | ။ | | |

ဤသွင် သည့်ပေါက်ရွာ နေမိသားစု နေအိမ်များ၌ အများအား ဖြင့် ၂ ယောက်မှ ၈ ယောက် ထိ ရှိရာ၊ အခြေခံမိသားစုများ အဖြစ်၎င်း၊ အဘိုး မှတိုး ချဲ့မိသားစုများ အဖြစ်၎င်း၊ နေထိုင်ကြလေသည်။ ၁ ယောက်တည်းနေ အိမ်၊ အိမ်ထောင်စုတိုလည်း အတော်များများ ( ၁၇ အိမ်ခန့်) တွေ့ရှိရ၊ ၎င်းတို့သည်အသက် ၅၀ ကျော်ရွယ်ဇနီး သို့မဟုတ် ယောကျ်ား သေဆုံး သွားပြီး အိမ်ထောင်သစ်ထပ်မံမပြုတော့၍၎င်း၊ သား သမီး မကျန်ရစ်ခဲ့၍၎င်း၊ အချို့ မှာ သား သမီး များ အိမ်ထောင်ခွဲနေထိုင်၍၎င်း၊ မိမိအိမ်၌တဦးတည်း သာ ဆက်လက် နေထိုင်ခြင်း ဖြစ်ပေသည်။ ဤသို့တဦး တည်း သီးခြား နေထိုင်ခြင်း များ ကို လေ့လာကြည့်ရှုခြင်း ဖြင့်၊ သည့်ပေါက်ရွာ နေသူတို့သည်သား သမီး သို့မဟုတ် အ ခြား သူများ ကိုမှီခို အား ထိုး လိုစိတ်ကိုပယ်ပြီး၊ မိ မိကိုယ်တိုင်အား ကိုး ကြိုး စား လျက် သီး သန့်စွာ နေထိုင် ရပ်တည်လိုသည့်သဘောကိုထင်ရှား စွာ တွေ့မြင် နိုင် ပေသည်။

<u>နေထိုင်ဆက်ဆံရေး သွင်ပြင်။</u>

။ ဆည့်ပေါက်ရှာ နေသူများ သည် ၊ မြန်မာ့ဓလေ့ထုံး စံအရ ၊ အိမ်၏ နေရာထိုင်ခင်း အဆောင်အမြတ်ဖြစ်သော အိမ်ဦး ၊ ဥပစာတို့၌ အသက်ကြီး သူများ နှင့်အမျိုး သား များ အတွက်ဟု ယေဘူယျသတ်မှတ် ထား ပြီး ၊ အမျိုး သမီး များ မှာ အိမ်၏အတွင်း ခန်း ၊ အတွင်း ဘက်များ တွင် နေထိုင် လေ့ရှိပေ သည်။ စား သောက်ရာတွင်လည်း လူကြီး မိဘ၊ ယောကျာ်း ၊ အမျိုး သား များ ကိုဦး ထား ၍ စား သောက် လေ့ရှိသကဲ့သို့၊ လူကြီး မိဘ ယောကျာ်း များ ကလည်း ငယ်ရွယ်သူများ နှင့်ဇနီး ကိုငဲ့ညှာ၍ ကျွေး မွေး လေ့ရှိပေသည်။ အမျိုး သမီး များ မှာ၊ အများ အား ဖြင့်ပင်ရိ၊ နုး ညံ့သိမ့်မွေ့စွာ ပြောဆို နေထိုင်ဝတ်စား လေ့ရှိသည့် နည်း တူ၊ အမျိုး သား များ မှာလည်း သိက္ခာ ၊ သမာဓိ နှင့် တည်ကြည်သိမ့်မွေ့စွာဝတ်စား နေထိုင် ပြောဆိုလုပ်ကိုင် လေ့ရှိ ပေသည်။ ဆည့်ပေါက်ရှာ နေသူတို့၏ မိသား စုများ တွင်အများ အား ဖြင့် ဘခင်သည်၊ အိမ်၏အိမ် ထောင်ဦး စီး ဖြစ် ပေသည်၊ အကယ်၍ဘခင် သေဆုံး သွား လျှင် သော်၎င်း ၊ ဘခင် ခရီး ဝေး သွား နိုက်တွင် သော်၎င်း ၊ မိခင်သည်အိမ်၏အိမ် ထောင်ဦး စီး အဖြစ်တာဝန်ယူရ လေသည်။ သို့ရာတွင် မြန်မာ့ဓလေ့ထုံး စံအရအသက်ကြီး သူကို ငယ်သူက ရိုသေစွာဆက်ဆံ လေ့ရှိသည့်အတိုင်း ၊ ကြီး သူကလည်း ၊ ငယ်သူအား ငဲ့ညှာ ကြင်နာရ လေသည်။ ထို့ကြောင့် အဘိုး ၊ အဘွား ၊ မိဘ၊ ဦး လေး ၊ အဒေါ် ၊ ယောက္ခမ၊ စသည်တို့နှင့်အတူ နေပါကအများ အား ဖြင့်၊ ၎င်း တို့အား ဦး ထား တိုင်ပင်လုပ်ကိုင်ရ လေ့ရှိ ပေသည်။ ထို့နည်း တူ ၊ သား သမီး များ မှာလည်း ၊ ကြီး စဉ်ငယ်လိုက် ရိုသေ လေး စား ကြရလျှက်သား ကြီး တအာဘအရာ၊ သမီး ကြီး တအာ မိအရာဟူ သော ဆောင်ပုဒ် ကို ၊ လက်ခံကျင့်သုံး ကြ လေသည်။ ဇနီး သည်

ယောကျ်ား ကိုရိုသေလေးစား ဦးထား ရသကဲ့သို့၊ ယောကျ်ား ကလည်း ဇနီး အား ကြင်နာ လေးစား စွာဆက်ဆံ လေ့ရှိ ပေသည်။ သမက်၊ ချွေး မများ က လည်း ယောက္ခမအား မိဘသဖွယ် ဦးထား လျက် ရိုသေစွာဆက်ဆံနာခံ ပြီး၊ ယောက္ခမကလည်း ၊ သား သမီး သဖွယ်၊ သဘောထား ဆက်ဆံ လေ့ရှိ ပေသည်။ ပထွေး ၊ မိထွေး ၊ များ နှင့်သား သမီး များ မှာလည်း ၊ မိဘနှင့်သားသမီး သဖွယ်သဘောထား လေ့ရှိ၏။ ဆည်ပေါက်ရွာ မိသား စုများ ရှင်မြန်မာ တို့၏ လေ့ထုံး စံအတိုင်း ၊ နှစ်ဘက်လိုက် ဆွေမျိုး တော်စပ်ပုံ စနစ်ကိုလက်ခံကျင့်သုံး ကြသည်ဖြစ်၍ ယောကျ်ား ဘက်အမျိုး ဇနီး ဘက်အမျိုး ဟူ၍ ခွဲခြား ဆက်ဆံခြင်း မျိုး နည်း ပါး လှ ပေသည်။ အလုပ်ကိစ္စမြဲသာနာရပ်များ ကိုလုပ်ကိုင် ဖြေရှင်း ရာ တွင်၊ ယောကျ်ား သည်ဇနီး နှင့်၎င်း ၊ မိဘ ယောက္ခမ များ နှင့်၎င်း နှီးနှော တိုင်ပင်၍လုပ်ကိုင် ဖြေရှင်း လေ့ရှိ ပေသည်။ ထို့အတူ၊ သား သမီး များအား နေ ဖြင့်လည်း ၊ မိဘကိုဦး ထား တိုင်ပင် ဆွေး နွေး လုပ်ကိုင်ရ ပေသည်။ တဦး တ ယောက်၏ဩဇာသဘောမျိုး ၊ တရား သေမဟုတ် ပေ၊ ဆိုရှယ်လစ်ဒီမိုကရေစီ အခြေခံကျင့်စဉ်အရ၊ ဆွေး နွေး မှု၊ ညှိနှိုင်း မှု၊ နား လည်မှုရှိစွာဖြင့်တ ဦး ကိုတဦး ဆက်ဆံ လေ့ရှိကြ ပေသည်။ အခြား အနီး ပတ်ဝန်း ကျင်ရှိရွာ များ တွင်ကား ဘခင်၏ဩဇာသာများ သည်။ ဘခင် ၊ မိခင်နှင့် သား သမီး များမှာ အချင်း ချင်း ညှိနှိုင်း မှုနည်း လျက် မိမိတို့ထင်ရာလုပ်ကိုင်တတ် မှုများ၊ မကြာ ခဏ တွေ့ရှိရ ပေသည်။ ထို့ကြောင့်၊ ဆည်ပေါက်ရွာ နေသူ မိသား စုများ ၏ နေထိုင်ဆက်ဆံ ရေး သွင်ပြင် များ မှာ အခြား ရွာ များ မှာထက်ပို၍ယဉ်ကျေး သိမ်မွေ့လျက် ခေတ်စနစ်နှင့်အညီလိုက် လျောညီ ထွေပြုပြင်မွမ်းမံ ကြိုး စား လေ့ရှိ ကြောင်း ကိုလည်း လေ့လာ တွေ့ရှိရ ပေသည်။

<u>ခေါ် ဝေါ် သုံးနှုန်းပုံများ။</u> ။ဆည် ပေါက်ရွာ နေသူများ သည်၊ မြန်မာ့ရိုး ရာ ယဉ် ကျေး မှု ဓ လေ့ထုံး စံအ ရတဉ်း ကိုတဉ်း ရှိ သော လေး စား လျက်ယဉ် ကျေး သိမ့် မွေ့စွာဆက်ဆံ ပြောဆို လေ့ရှိ ပေသည်။ ထိုအ တူ ခေါ် ဝေါ် သုံး နှုန်း ရာတွင်လည်း၊ မိဘအား အဖေ၊ အမေ ဟူ၍၎င်း၊ မိမိအိမ်သား နှင့်ဇနီး အား နာမည်ရှေ့မှ ကို၊ မ၊ တစ်၍၎င်း၊ သား သမီး များ အား သား၊ သမီး၊ သို့မဟုတ် နာမည်ရှေ့မှ ကို၊ မ၊ တပ်၍၎င်း၊ ခေါ် ဝေါ် လေ့ရှိ ပေသည်။ ညီအကို မောင်နှမဆွေမျိုး သား ချင်း အချင်း ချင်း 'အကို' သို့မဟုတ် မောင်၊ နှမ ဟူ၍၎င်း၊ ကိုယ့်ထက်ငယ် ရွယ်သူများ အား နာမည်ရှေ့မှ မောင်၊ မ၊ တစ်၍၎င်း ခေါ် ဝေါ်သုံး နှုန်း လေ့ရှိ၏။ အဖိုး အား အဘ ဟူ၍၎င်း၊ အဖွား အား အမေကြီး ဟူ၍၎င်း၊ ဘခင် ၏အကိုအား ဘကြီး၊ ဘခင်၏ညီအား ဘထွေး ဟူ၍၎င်း အ ဘွား ၏အမအား အဖွား ဟူ၍ပင်၎င်း၊ ညီမများ အား အရီး၊ ဒေါ် လေး ဒွေး လေး ဟူ၍၎င်း ခေါ် ဝေါ်သုံး စွဲ လေ့ရှိ ပေသည်။ ယောက္ခမအား၊ ဦး ကြီး၊ အဒေါ် ဟုအများ အား ဖြင့်ခေါ် ဝေါ်ပြီး၊ သမက်၊ ချွေး မ၊ တို့ကိုအမည်ရှေ့မှ ကို၊ မ တစ်၍၎င်း ခေါ် ဝေါ် လေ့ရှိ၏။ ပထွေး၊ မိထွေး တို့ကို ဘထွေး၊ မိထွေး ဟူ၍၎င်း ခေါ် ဝေါ်၏။ ဆည် ပေါက်ရွာ နေသူများ သည် သွေး သား ရင်း များ နှင့်ဆွေမျိုး သားချင်း တော်စပ်သူများ အား၊ ချစ်ခင် လေး စား မှုကို ဆောင်လျက်နာမည်ထည့်၍ ခေါ် ဝေါ် လေ့မရှိပေ။ သွေး သား တော်စပ်မှုမရှိသူ အခြား တစိမ်း များ နှင့်သူငယ်ချင်း မိတ် ဆွေများ အား နာမည်တစ်၍ယဉ် ကျေးစွာ ခေါ် ပြော လေ့ရှိပေသည်။ ဥပမာ 'ဘကြီး လှ'၊ 'ဘထွေး လှ'၊ ဒေါ်လေးမြ

အရိုးမြဲ တူ၍ငှင်း ၊ သူငယ်ချင်းများအား ‘ကိုလှ’ ၊ ‘မမြ’ ၊ ငယ်ရွယ်သူများအား ၊ ‘မောင်လှ’ ၊ ‘မမြ’ စသည်ဖြင့် ခေါ်ဝေါ်လေ့ရှိကြောင်း လေ့လာတွေ့ရှိရလေသည်။

<u>တာဝန်ဝတ္တရားများ။</u> ။ဆည်ပေါက်ရွာနေ မိသားစုများ၏အဓိက တာဝန်ဝတ္တရားများကို ယေဘုယျအားဖြင့် ဖော်ပြရသော်၊ အိမ်ထောင်ဦးစီး ယောကျ်ားသည်စီးပွား ရှာရန်နှင့်အိမ်၏ပြင်ပလုပ်ငန်းများ ကိုင်ငင်း ၊ အိမ်ရှင်မများသည် ငွေကြေးပစ္စည်းထိမ်းသိမ်းရန်တာဝန်နှင့်စားဝတ်နေရေးကိစ္စများ ၊ အိမ်တွင်းမှုလုပ်ငန်းများ ကိုင်ငင်း ၊ အဓိကလုပ်ဆောင်ကြရလေသည်။ သားသမီးများမှာ ပညာသင်ချိန်တွင်သင်ကြား၍ကျန်အားလပ်ချိန်များတွင် မိဘများအား ဝိုင်းဝန်းကူညီပေးရလေသည်။ အချို့အိမ်ထောင်စုများတွင် သားသမီးများသည်၊ မြေပြဲ စာ နွားချေးများကောက်ရောင်းခြင်း ၊ ထင်းရှာရောင်းခြင်း ၊ စသည့်ဝင်ငွေရစီးပွားရေးလုပ်ငန်းများကိုပင်တတပ်တအား ပါဝင်ကူညီလုပ်ဆောင်ပေးရလေသည်။ ဤသို့အားဖြင့်မိသားစုတွင်စီးပွားရေး ၊ လူမှုရေး ၊ အခြေအနေအမျိုးမျိုးအရ၊ လိုအပ်သလိုစုပေါင်းလုပ်ဆောင်ကြရသည်များလည်း ရှိပေသည်။ ဆွေမျိုးသားချင်းများ စုပေါင်းနေထိုင်သည့်မိသားစုများတွင်လည်း ထိုသို့ပင်၊ မိသားစု၏စီးပွားရေး ၊ လူမှုရေးတို့ကိုစုပေါင်းလုပ်ဆောင်ကြရလျက်၊ ကလေး ၊ လူကြီး မကျန်ကိုယ်စီ၊ ကိုယ်ငှ၊ မိမိတို့တတ်စွမ်းသ၍ အိမ်တွင်း ၊ အိမ်ပြင်လုပ်ငန်း အသီးသီး ကိုလုပ်ဆောင်ကြရလေသည်။ အလုပ်မဲ့အား နေသူဟူ၍မရှိသလောက်ဖြစ်၏။ သက်ကြီးရွယ်အိုများပင် မိမိတို့မိသားစုနှင့်ရပ်ရွာ၏အကျိုး အတွက်၊ဘာသာရေး ဆိုင်ရာ ပရိတ်တရားများကိုရွတ်

ဖတ်ပေးခြင်း၊ ရဝိရွာသို့ငယ်ရွယ်သူများအား၊ဆုံး မသွန်သင်ပေးခြင်း၊ စောင့်ရှောက်ပေးခြင်း၊ စသည့်တာဝန်များကိုကတိစွမ်းသရွေ့လိုလားစွာ ကျည်းထမ်းဆောင်ပေး လေ့ရှိပေသည်။ ကျွန်ုပ်ဆေးလာတွေ့ရှိရသည့်ကျောင်း သား သူငယ်တဦး၏တနေ့တာ၊ တာဝန်ဝတ္တရားများကိုအကြမ်းအားဖြင့်၊ ဖော်ပြရပါမူ၊ စတုတ္ထတန်း ကျောင်းသား ကလေး တဦးသည်နံက် ၅ နာရီ ခန့်တွင်အိပ်ယာမှထလျှက်စာဘတ်ရသည်။ ထို့နောက် ၆ နာရီခန့်တွင်ရွာ လည် ရှိအုတ်ရေကန်သို့သွား၍ ရေခပ်၊ ရေထမ်းရသည်။ အချို့မှာမိသားစု၏စီးပွါး ရေး ဝင်ငွေအဖြစ်ရောင်းချရန်၊ လမ်း ပေါ်ရှိနွားချေးများကိုလည်း ကောက်ယူရသည်။ ထို့နောက်ရေချိုး ၊ နံက်စာထမင်း စား ပြီး ကျောင်း သို့သွား ရ၏။ နံက်ကျောင်းဆင်း ချိန်၌ ထမင်း ပြန်စား ပြီး ဘခင်၏လုပ် ငန်းခွင်သို့ထမင်း ပို့ရန်လိုအပ်ပါက၊ သွား ပို့ရ၏။ ပြီး လျှင်နေ့လည် ကျောင်း ပြန်တက်၏။ ညနေ ၄ နာရီခန့်တွင် ကျောင်းဆင်း ပြီး အိမ်အတွက်ရေခပ် ရေထမ်း ၊ သစ်ပင်ပြုပြင်၊ ကစား ၊ ရေချိုး၊ထမင်း စား ပြီး ၊ ညတွင် စာ ဖတ်ရလျှက် ၉ နာရီခန့်တွင်အိပ်စက်ရ၏။ ထိုသို့အားဖြင့်၊ ဆည်ပေါက်ရွာနေ သူများ သည် ကလေး သူငယ်များ ကိုပင်၊ စနစ်တကျသွန်သင်ထား ရှိရာ ၃ နှစ် ခန့်အရွယ် ကလေး များ ကိုပင် ( ဥပမာ-ဦး ဘသင်း ၊ ဒေါ်ကြည်၊ ၏သား ၊ မောင်ကျော်ဌေး ) ၎င်း တို့တတ်နိုင်သရွေ့၊ အိမ်တွင်း အမှိုက်လှဲ၊ အမှိုက်ကျုံး ၊ အနီး အနား တပိုက်ထင်း ရှာ စသည့်တာဝန်များ ကို နေ့စဉ်မှန်မှန်လုပ် ဆောင်ပြီး မှသာကစား ကြရ၏။ ယင်း ကလေး ငယ်အား ရွာ၏အနီး ၌ထင်း ရှာနေခိုက်ကျွန်ုပ်နှင့်တွေ့၍ကျွန်ုပ်သွားလိုရာ စကြစ်ပိုက်ခင်း သို့သွား လမ်း

ကို မေး ရာ၊ ယဉ်ကျေး သိမ့်မွေ့ရဲရင့်စွာဖြင့် ဖြေကြား လျက်၊ ကျွန်ုပ်လိုရာသို့ တိုင်းတာဝန်သိစွာ လိုက်ပို့ကူညီခဲ့ပေသည်။ ဤသည်ကို ထောက်ရှု၍၊ ဆည်ပေါက်ရွာ နေသူများ သည်၊ ကလေး ငယ်ပင်ဖြစ်လင့်ကစား တာဝန်အသိတရား ရှိစွာဖြင့် ယဉ်ကျေး ရဲရင့်ကြောင်း၊ မိဘ၏သွန်သင်ဆုံးမ ထိန်း ကျောင်း မှု ကောင်း ကြောင်း တို့ ခန့်မှန်း ကြည့်ရှုနိုင် ပေသည်။

မိသား စု၏တနေ့တာလုပ်ငန်း များ အနေဖြင့်၊ ယေဘုယျ ပြောရသော်၊ မိသား စုတစုလုံး နံက် ၄-၅-နာရီခန့်တွင်အိပ်ယာမှထရပြီး၊ ဖခင်ကစီး ပွါး ရေး လုပ်ငန်း အတွက်ကြိုတင်ပြင်ဆင်မှုများ ကိုငင်း၊သား သမီး ကျောင်း သား များ စာဘတ်ခြင်း၊ ကျောင်း သွား ရန်ကိစ္စ များ ပြင်ဆင်ခြင်း ကိုငင်း၊ မိခင်ဖြစ်သူက မိသား စုတစုလုံး အတွက် နံက်အဆာပြေ စား သောက်ရန်၊(ဥပမာ-ရေနွေး ကြမ်း၊ ထမင်း ကြော် စသည့် ဖြင့်) စား ရေး၊သောက် ရေး၊ မီး ဖို ချောင်ကိစ္စ များ ကိုငင်း၊ အသီး သီး ဆောင် ရွက်ရ လေသည်။ ထို့နောက် ဖခင် သည် နံက် စောစော စား သောက်ပြီး၊ စီး ပွါး ရေး လုပ်ငန်း ခွင်သို့သွား ရောက်လျက်သား သမီး များ မှာ လည်း၊ အိမ်မှုကိစ္စ များ ကိုကူညီပြီး မိမိတို့စာသင် ကျောင်း သို့သွား ကြရ၏။ မိခင် ဖြစ်သူမှာလည်း၊ နံက်စာအတွက်ပြင်ဆင်ဝယ်ယူ ချက်ပြုတ်ရ လေသည်။ နံက်စာ စား ချိန်တွင်အလုပ်သွား သူ၊ ကျောင်း သွား သူများ ပြန်လာလျက် နံက်စာစား ကြ၏။ အကယ်၍၊ ထမင်း ချိုင့်ဖြင့်သွား ရောက်ပို့ရန်လိုအပ်ပါက ပို့ရ လေသည်။ ထို့နောက်၊ မိခင်သည် အိမ်တွင်း သန့်ရှင်း ရေး နှင့်အဝတ်များ လျှော်ဖွပ် ခြင်း တို့ကိုလုပ် ဆောင်ရပြီး ခေတ္တအနား ယူရ လေသည်။ တဖန် နေ့လည်ချိန်၌ နေ့ခင်း အဆာ ပြေစား သောက်ဖွယ်ရာ များ ပြုလုပ် ပေး ရပြန်၏။ ဤတွင်

ဖခင်သည် နေ့လည် နေ့ခင်း အားလပ်ချိန် ရပါက ၊ အိမ်တွင်း လက်မှုလုပ်ငန်း များ ကိုလုပ်ကိုင်လေ့ ရှိပြီး ရပ်ရေး ရွာရေး ၊ သာရေး နာရေး ကိစ္စများ ကို ဆွေး နွေး မေး မြန်း လေ့ရှိပေသည်။ ညနေပိုင်း တွင် ဖခင်သည်အိမ်တွင်း စိုက် ပျိုး ရေး လုပ်ငန်း များ ကိုပြုပြင်လုပ်ကိုင်လျက်၊ မိခင်သည် မိသား စု၏ည စာကို ချက်ပြုတ်၊ ပြင်ဆင်ရပြန်သည်။ ထိုအချိန်တွင် သား သမီး များ ကျောင်း ဆင်း လာ၍ ဖခင်သည်လည်း၊ နေ့တွင်းအလုပ်လုပ်ရ သောအလုပ်သမား ဖြစ်က အလုပ် မှပြန် ရောက်လာပြီး ၊ အိမ်တွင်း ၌အမှိုက်ရှင်း ၊ ရေခပ်၊ ထင်း ခေါက်၊ အိမ်တွင်း စိုက်ပျိုး ရေး ပြုပြင်၊ ရေထမ်း ၊ သစ်ပင် ရေ လောင်း ၊ စသည့် လုပ်ငန်း များ ကို ဖခင် ရော၊သား သမီး များ ပါပါဝင်လုပ် ဆောင်ကြ ရလေ သည်။ မိခင်၏ညစာ ချက်ပြုတ် ရေး လုပ်ငန်း များ ကိုလည်း ၊ လိုအပ် ပါက ဝိုင်း ဝန်း ကူညီကြရ၏။ ထို့နောက် ရေချိုး ၊ ညစာ စား သောက်ပြီး အနား ယူ ကြလျက်အိမ်တွင်း ရေး ၊ ရပ်ရွာ ရေး ကိစ္စများ ကို ဆွေးနွေး ပြောဆို လေ့ရှိ ကြ ပေသည်။ သား သမီး များ မှာ မိမိတို့ ကျောင်း စာကိုအသီး သီး ကျက်မှတ် ကြရ သည်။ ထိုအချိန်တွင် ရပ်ရွာ၌သက်ကြီး ရွယ်အိုလူကြီး များ အနေဖြင့် ရွာလယ် ဝတ် ကျောင်း ၌ည ၇ နာရီခန့်မှစ၍ ၈ နာရီခန့်ထိ၊ ညစဉ်ဝတ်တက် ရွတ်ဖတ်လျက် ရပ်ရွာသာယာ ရေး အတွက် ဆောင်ရွက်ရ လေသည်။ ၄င်း ဝတ် ရွတ်လူကြီး ၃၀ ခန့်အား ၊ စေတနာ ရှင် များ က ရေနွေး ကြမ်း ထန်း လျက်၊ မြေပဲတို့ စသည့်စား သောက်ဖွယ်ရာ များ ကို မိမိတို့တတ်အား သ လျှော်ပြုလုပ် ကျွေး မွေး ကုသိုလ်ယူ လေ့ရှိ ပေသည်။ ည ၉ နာရီခန့်တွင်ကား မိသား စုတစုလုံး အိပ်စက် နား နေကြ တော့၏။ ဤသို့ဖြင့်သည် ပေါက်ရွာ နေ မိသား စုများ တွင်၊ တဦး ချင်း အနေဖြင့်၄င်း ၊ မိသား စုအနေဖြင့်၄င်း

အမီကလုပ် ဆောင်ရန်လုပ်ငန်း တာဝန်များ အဖြစ် ယေဘုယျ အားဖြင့်သတ်မှတ်လုပ်ကိုင်ကြရ ပြီး ၊ လိုအပ်ပါက ယောကျ်ား ၊ ဇနီး ၊ သား သမီးအားလုံး တို့သည် တဦး၏လုပ်ငန်း ကိုတဦး ကူပါဝင်ကူညီလုပ် ဆောင် ပေး ကြရလျက် မိသားစု တခုလုံး သာယာ စေရန်စည်း လုံး ဆောင်ရွက်လျက်ရှိ ပေသည်။ ထို့ကြောင့်၊ ဆည် ပေါက် ရွာ နေသူတို့သည် အခြေခံမိသား စုများ သာယာတိုးတက်မှုသာ၊ ရပ်ရွာဖြိုးနယ်၊ တိုင်း နိုင်ငံအထိ အဆင့်ဆင့်သာယာတိုး တက်လျက် သာယာဝ ပြော သော ဆိုရှယ်လစ် လောကသစ်သို့အမြန်ဆုံး ရောက်ရှိအောင်မြင် နိုင်မည်၊ ဟု သောဆိုရှယ်လစ်သ ဘောတရား အခြေခံကို ၁၉၆၂ ခုနှစ်မှစ၍ ကျင့်သုံး လာကြလျက်အ ကောင်အထည် ဖေါ် နေ ကြောင်း လေ့လာတွေ့ရှိရ ပေသည်။ ဆည် ပေါက် ရွာ နေသူတို့၏ မိသား စု၊နေထိုင်ဆက်ဆံ ရေးများ ကို အား လုံး မြို့ အခြား ရွာ များ နှင့် နှိုင်း ယှဉ်ကြည့်သော်၊ ဆည်ပေါက် ရွာ နေသူတို့၏ မိသား စု၊နေထိုင်ဆက်ဆံ ရေး သွင်ပြင်သည်တဦး ကိုတဦး ချစ်ခင်ကြင်နာ လေး စား စွာဖြင့် ဆက်ဆံကြပြီး ၊ သက်ကြီး ရွယ်အိုမိဘများ အ နေဖြင့်၊ သား သမီး ၊ မြေး ၊ တူ၊ တူမ၊ တို့အ ပေါ် ကြင်နာ ချိုသာစွာဆက်ဆံ လေ့ရှိသကဲ့သို့၊ သား သမီး များ အ နေ နှင့်လည်း၊ မိုက်မဲဆိုး သွမ်းလှသူဟူ၍ မရှိဘဲ၊ မိဘစကား ကိုနား ထောင်လျက် လိမ္မာ ရေး ခြား ရှိ–ကြောင်း၊ တာဝန်ကိုယ်စီသိရှိထမ်း ဆောင်တတ် ကြောင်း ၊ အခြား ရွာများထက် သာလွန် တွေ့ရှိရ ပေသည်။

<u>အမွေဆက်ခံခြင်း ။</u> ။ ဆည် ပေါက် ရွာ နေသူ များ၏ မိသား စု များတွင် ၊ အမွေခွဲ ဝေ ပေး ရာ၌၊ နောက်ဆုံး မိဘနှင့်အတူ နေပြီး ၊ မိဘကိုပြုစုသူ၊ သား သို့မဟုတ် သမီး အား ၊ အိမ်ထွင်း

မစွည်း များ ကိုပိုမို ပေး လေ့ရှိပေသည်။ မြို့ဥယျာဉ်၊ ယာ မြေ၊ ထန်း တော များ ကိုမူ၊ မှုတစ္စာ ခွဲဝေယူကြရပြီး ၊ သရက်ပင်၊ ပိန္နဲပင်၊ မ ကျီး ပင်စသည် တို့ကိုတား ၊ သား ချင်း များ စိတ်မဝမ်း မကွဲရအောင်ခွဲဝေခြင်း မပြုတော့ ဘဲ၊ ဘုံဆိုင်အဖြစ်ပြုလုပ်ထား၏၊ ၎င်း အပင်များ မှအသီး အပွင့်များ ကို သာ ခွဲဝေစား သုံး ကြ လေသည်။ ၎င်း အပင်များ ၏အရွယ်ပမာဏသည်ကိုး သွား စဉ် ဆက် ၉ ဆက်တိုင်၍ မဆန့် အောင်အပင်ကြီး လာပြီး ကြာရှည်လာလျှင်၊ ၎င်း အ ပင်တို ရောင်း ချလိုက်ပြီး ၊ ရငွေကို ကျောင်း ၊ တန်၊ ဇရပ် ဆောက်လုပ်၍လှူ ဒါန်း လိုက်ကြ၏။ အကယ်၍၊ မိဘထွင်ဘုရား ၊ ကျောင်း ၊ ကန်ရှိခဲ့ပါက၎င်း တို့ကို ပြုပြင်ထိန်း သိမ်း ရန်စရိတ်အဖြစ်၊ သား သို့မဟုတ်သမီး တဦး ဦး ကို မြေ တ ကွက် သို့မဟုတ် ယာတကွက်ပို ပေး ပြီး ၊ ထိုမှရရှိ ငွေဖြင့်၊ ထို ဘုရား၊ ကျောင်း၊ တန် အတွက်စရိတ်ခံထိန်း သိမ်း နိုင်း လေသည်။ အမွေပစ္စည်း အနေဖြင့်လည်း ရွှေ တသာသင့်တင့် အောင်ရရှိပြီး ၊ ယခုအခါတွင် မှုတား နဲပါး သွား ၏။ အ ဘယ်ကြောင့်ဆို သော်ယခင်တကျန်ရှိခဲ့သော မြို့ဥယျာဉ်၊ မြေများ မှာလည်း ၊ ၁၉၆၈ ခုနှစ်တွင်လုံး ဝဖျက်သိမ်း လိုက်ပြီး ၊ မြေယာ များ အနေနှင့်လည်း၊ ခေတ်စနစ်နှင့်အညီ၊ ယာလုပ်သူသာယာလုပ်ပိုင်ခွင့်ရှိသည် ဟု သော မူအရ၊ မြေ ငှင်၊ ယာငှင်စံနစ်များ ပျက် သုံး ပျောက်ကွယ်ရခြင်း ကြောင့် မြို့ဥယျာဉ် မြေ ယာအမွေအနှစ်ဟူ၍ မပေး နိုင် တော့ချေ။ ထိုအမွေပစ္စည်း အနည်း အပါး ကို ခွဲဝေဆက်ခံရာတွင်လည်း ၊ မိဘနှစ်ဘက်စလုံး ဘက်မှအခွင့်အရေး များ ကို ဆက် ခံခွင့်ရှိ သောနှစ်ဘက်မျိုး ရိုး အမွေဆက်ခံခြင်း စနစ်ကိုကျင့်သုံး လျက် မှုတစ္စာ ခွဲ ဝေယူ လေ့ရှိ၏။ ထို့ကြောင့်၊ ယခုအခါတွင်အ မွေမှ ဟူ၍ မရှိ တော့သလောက်ဖြစ် ပေသည်။ သား သမီး များ အား ကြီး ထိန်း၍ ကျောင်း ထား လျက် ပညာအမွေ

သာ ပေး ကြ တော့၏။ ဥပမာပြရသော်၊ ဆည်ပေါက်ရွာတွင် ဆွေစဉ်မျိုးဆက်ချမ်းသာကြွယ်ဝ၍ နာမည်ကြီး ခဲ့သော ဒေါ်သက်ခိုင်၏သား ဦးခင်မောင်ဆိုသူသည် ၄င်း၏မိဘ မြေရှင်၊ ခြံရှင်၏ အမွေဖြစ်သော၊ ကိုယ်ပိုင် ရေမှောင်ကန်ကြီး တခု ကို ရပ်ရွာပြည်သူအတွက် ငါး မွေး မြူရေး နှင့် ရေသွင်း ရိုက်ပျိုး ရေး ပြုလုပ်ရန် ရပ်ရွာအား ပေး လှူခဲ့ လေသည်။ ၄င်း၏တဦး တည်း သောသမီး 'မချမ်း' ဆိုသူအား လည်း၊ အမျိုး သမီး ပင်ဖြစ်လင့်ကစား ခေတ်ပညာကိုအထက်တန်း ရောက် အောင်သင်ကြား ပေး ပြီး၊ ဆရာမအဖြစ်အစိုးရအမှုကိုထမ်းစေလျက် ဒီမိုရှင်မ ကောင်း သား ကောင်း မိခင်တဦး ဖြစ်စေရန် မိဘတို့ဝတ္တရားအတိုင်း ပြုရ ဆောင်ရွက် ပေး ခြင်း ဖြင့်သာအမွေအဖြစ် ပေး လိုက် လေသည်။ ထိုသို့အား ဖြင့် ၊ ဆည်ပေါက်ရွာ နေသူများတွင် ခေတ်စနစ်အရ အမွေဆက်ခံမှုပုံစံမှာ လည်း ဆိုရှယ်လစ်လမ်း စဉ်နှင့်အ ညီ ပုံမှန်စနစ်မှန်သို့ ပြောင်းလဲ ရောက်ရှိ လာပြီး၊ မိမိတို့၏သားသမီးများအား၊ ပညာတတ်လူ တော်လူ ကောင်းများ အဖြစ်သာပြုစုပျိုးထောင် ပေး လျက်တိုင်း ပြည်အတွက်အမွေအဖြစ် ပေး အပ် လျက် ရှိ ပေသည်။

<u>အိမ်ထောင်ရေး</u> ။ ။ ဆည်ပေါက်ရွာနေသူတို့တွင်၊ အများအားဖြင့် ယောကျ်ား ကလေးများသည်အသက်၁၇ နှစ် ၁၈ နှစ်ခန့်တွင်၄င်း ၊ မိန်းကလေး များသည် အသက် ၁၄ နှစ် ၁၅ နှစ်ခန့်တွင်၄င်း ၊ အိမ်ထောင်ပြုလေ့ရှိပေသည်။ တရွာလုံး တွင်တနှစ်လျှင်မင်္ဂလာဆောင် ၄-၅ ခုခန့်ရှိပြီး၊ မိဘသဘောတူ စေ့စပ်လက်ထပ်ပေး သူ ၄ ဦး ခန့် နှင့် မိမိတို့လူငယ်ဘာဝ ချစ်ကြိုက်မက်၍လက်ထပ်သူ ၁ ဦး ခန့်ရှိတတ်

လေသည်။ ထိုတဦး မှာလည်း၊ အများ အား ဖြင့်၊ မိဘ များ လက်ခံ နိုင် မည့်အိမ်ထောင်ဘက် များ ကိုသာ ရွေး ချယ်လက်ခံ ခဲ့ကြခြင်း ဖြစ်ပြီး ၊ မိဘ များ အနေနှင့်လည်း၊ အထူး ငြင်း ဆန် လေ့ မရှိဘဲသဘောတူလက်ထပ် ပေး လိုက်သည်က များပေသည်။ လူငယ်ဘာဝအလို့၊ လူမှု ဘဝတွင်လည်း၊ သင့် လျော် သောလွတ်လပ် မှုနားလည်မှုများ ရှိ၏။ သား သမီး နှင့်မိဘနားလည်ယုံကြည်ကြခြင်း ကြောင့် မိဘများ အနေနှင့်လည်း ၊ ၎င်း တို့၏သား သမီး များ အား များ စွာ ချုပ်ချယ်ကြပ်မတ် လေ့မရှိ ပေ။ သား သမီး များ အနေနှင့်လည်း၊ လိမ္မာ မှု၊ နားလည်မှုများ ရှိကြ ပေသည်။ ရပ်ရွာသွင်တဦး နှင့်တဦး ဆွေမျိုး များ ပမာ ခင်မင်ရင်း နှီး နေကြသည့်အလျောက်တဦး ၏အိမ်သို့တဦး က ဝင်ထွက်လည်ပတ် လေ့ရှိ၏။ အထူး သဖြင့် ယောကျ်ား က လေး များ ကသာ မိန်း က လေး များ ၏အိမ်သို့သွား ရောက်လည်ပတ် လေ့ရှိကြ ပေသည်။ မိန်း က လေး များ အနေနှင့်တီးတိုးတိုး ငယ်အကြောင်း ရှိမှသာ ယောကျ်ား က လေး ၏မိဘများ အိမ်သို့ သွားရောက်တတ် လေသည်။ မိန်း က လေး များ ၏ မိဘများ အနေနှင့်လည်း၊ မိကောင်းဖခင်သား သမီး ယောကျ်ား က လေး များ အား မိမိတို့အိမ်သို့ ဖိုး ဖိုးသားသား ဖြင့်လာရောက်လည်ပတ်စကား ပြောနိုင်ခွင့်ပြုထား ၏။ ထိုသို့လည် ပတ်နေထိုင်ရင်း ဖြင့်ပင် ယောကျ်ား က လေး သည် မိန်း က လေး အား ချစ်ခင်နှစ်သက်ပါက၊ ယောကျ်ား က လေး က၎င်း ၏ မိဘ သို့မဟုတ် ဆွေမျိုး များ အား မိန်း က လေး ၏မိဘ ဆွေမျိုး များ ထံ၊ ကြား လူတဆင့်မှဖြစ်စေ၊ တိုက်ရိုက်ဖြစ်စေ၊သွား ရောက် ရေ့စပ်နိုင်း လေ့ရှိ၏။ သို့ဖြင့်၊ မိန်း က လေး ၏ မိဘဆွေမျိုး များ က (အချို့အယူ အဆရှိသူများ က၊ယောကျ်ား က လေး နှင့် မိန်းက လေး အိမ် ထောင်ဖက်ရန်၊ နေ့နံ သင့် မသင့် ၊ ဗေဒင် မေး ကြည့်ပြီး လိုအပ်လျှင် ယတြာ ချေ ပေး ၍) သဘောတူလက်ခံလျှင်လက်ထပ် နိုင်ခွင့်ရှိ၏။ မိ ဘ များ က

လည်း၊ အများအားဖြင့်လက်ခံလေ့ရှိပြီး၊ ငြင်းပယ်မှုနည်းပါးလှပေသည်။ အဘယ့်ကြောင့်ဆိုသော်၊ တရွာလုံးမှာ ရပ်ဆွေရပ်မျိုး ဆွေမျိုးများ သဖွယ် ခင်မင်ရင်းနှီးနေကြပြီး၊ တဦးကိုတဦး စာနာစိတ်၊ ထောက်ထားစိတ် ငဲ့ညှာစိတ်များ ရှိလျက် အေးအတူပူအမျှ ခံယူလေ့ရှိကြခြင်းကြောင့်ဖြစ်ပေသည်။ အကျင့်စာရိတ္တပျက်ပြားသူ၊ နာမည်ပျက်ရှိသူများကိုမူ သဘောတူလက်ခံလေ့ မရှိပေ။ လူပျိုလှည့်ရာတွင်လည်း အခြားရွာများမှာကဲ့သို့ မိန်းကလေး များ ရေခပ်သွားစဉ် အနောက်မှလိုက်၍ စကားပြောကာ လူပျိုလှည့်ခြင်း နှင့် မိန်းကလေး၏ အိမ်အနီး၌ ညနေချိန် သို့မဟုတ် ညအခါများတွင် သွား ရောက်လျက် သီချင်းဆိုခြင်း၊ တူရိယာတီးမှုတ်ခြင်း၊ စသည့်လူပျိုလှည့်ခြင်းမျိုး များကား၊ ဆည်ပေါက်ရွာတွင် မရှိသလောက်နည်းပါး၏။ မိသားဘသား ပီသစွာဖြင့် မိန်းကလေး၏ မိဘများ အိမ်တွင် နေ့အခါသို့မဟုတ် ညအခါသင့် လျော်ချိန်အထိ လည်ပတ်စကားပြောနေနိုင်ခွင့်ရှိပေသည်။ မိန်းကလေး၏ မိဘများ အနေနှင့်လည်း၊ အထူးစောင့်ကြည့်နေခြင်းမျိုး မပြုဘဲ သာမန်ဧည့် သည် သူငယ်ချင်း စကားပြောနေသကဲ့သို့ သဘောထားလေ့ရှိ၏။ သို့သော် အကျင့်စာရိတ္တပျက်ပြားလျက် နာမည်ပျက်ရှိသူများကိုမူ မိဘများနှင့် မိန်းက လေးများကပါ၊ မလိုလားပေ။ အိမ်သို့လာရောက်လည်ပတ်ခွင့်မပြုလိုကြ ပေ။ လာရောက်ခွင့်လည်း မပေးပေ။ အခြားရွာမှဖြစ်စေ၊ ဆည်ပေါက် ရွာအနီးရှိ အစိုးရဌာနများမှဖြစ်စေ၊ တဦးဦးက ဆည်ပေါက်ရွာမှ မိန်းကလေး တဦးဦးကို နှစ်သက်စုံမက်ပါက ထိုသို့ပင် မိန်းကလေး၏ မိဘများထံ မိသားဘသား ပီသစွာဖြင့်၊ ခင်မင်ရင်းနှီးသူ၊ ရွာခံကြား လူမှတဆင့်သွားရောက် စေ့စပ်နိုင်၏။ လက်ခံသဘောတူပါက လက်ထပ်ခွင့်ပြု

လေသည်။ မိဘသဘောမထူဘဲ ခိုးရာလိုက်ပြေးခြင်းမျိုးများ အထူးနည်းပါးလှပေသည်။ အကယ်၍ခိုးရာလိုက်ပြေးပါက လူငယ်နှစ်ဦးကိုသက်ဆိုင်ရာမိဘများက ပြန်လည်ခေါ်ယူပြီး ထုံးစံအတိုင်း မင်္ဂလာအခမ်းအနားများပြုလုပ်ပေး၍လက်ထပ်ပေးလိုက်၏။ လူငယ်နှစ်ဦးအား ခွဲခွာပစ်ခြင်းမျိုးကား မရှိပေ။ မိန်းကလေးအား မင်္ဂလာကြေး သို့မဟုတ်ထွမ်းဘိုး အထူးတင်တောင်းရခြင်းမျိုး မရှိပေ။ လက်ထပ်ပွဲအတွက် ကုန်ကျစရိတ်ကိုသာ အများအားဖြင့်ယောက်ျားကလေး တကျခံလေ့ရှိ၏။ အကယ်၍ ယောက်ျားကလေးက စီးပွားရေးအားနည်းနေပါကလည်း မိန်းကလေးဘက်က ဝေမျှအကုန်ခံလေ့ရှိပေသည်။ လက်ထပ်ပွဲကိုမူ မိန်းကလေး၏အိမ်၌သာပြုလုပ်လေ့ရှိပေသည်။ လက်ထပ်ပွဲကိုလည်း မိမိတို့၏စီးပွားရေးအင်အားအလျောက် အချို့က ၁၀၀ဝ/ ခန့်အကုန်ခံလျက် ကော်ဖီ၊ လက်ဘက်ရည်၊ မုန့်တို့ဖြင့်ဧည့်ခံကျွေးမွေးပြီး၊ အချို့မှာ သာမာန်ကန်တော့ပွဲ အုံး၊ ငှက်ပျော၊ ပွဲများဖြင့်သာ ရပ်ရွာလူကြီးရှေ့တွင် အသိအမှတ်ပြုလက်ထပ်လိုက်၏။ ရပ်ရွာလူကြီးများက အသိအမှတ်ပြုဩဝါဒပေးပြီး လက်ထပ်ပေးလေသည်။ အထူး ကတိခံဝန်ချက်များပေးရခြင်းဟူ၍မရှိပေ။ အချို့မှာလည်း ခေတ်အလိုက်ရုံးသို့တက်၍လက်မှတ်ထိုးလက်ထပ်လိုက်လေသည်။ အိမ်ထောင်ဘက်ကိုရွေးချယ်လက်ခံရာ၌လည်း ယခင်ကကဲ့သို့ ကိုယ့်ရွာသား၊ ဆွေကြီးမျိုးကြီး၊ ငွေကြေးဥစ္စာစီးပွားရေးစသည်တို့ကိုအဓိကမကြည့်တော့ဘဲ ၁၉၆၂ ခုနှစ်နောက်ပိုင်းတွင်မူ ခေတ်စနစ်နှင့်အညီ လူ၏ကိုယ်၊ ဥာဏ်၊ စွမ်းအား လုပ်အားနှင့်အကျင့်စာရိတ္တတို့ကိုသာအဓိကကြည့်၍ရွေးချယ်လျက် လက်ထပ်ပေးလေ့ရှိကြပေသည်။ အယူသီးမှု၊ စွန့်ပစ်မှု၊ အမွေဖြတ်မှုများလည်း မရှိသလောက်နည်းပါးလာ၏ ။

ဆည်ပေါက်ရွာအနီး အဝိုး ရဋ္ဌာနစီမံကိန်းများ၌ လာရောက်အမှုထမ်းကြသောသူများအထဲမှ လူတော်၊ လူကောင်းများကိုလည်း၊ ဆည်ပေါက်ရွာ အမျိုးသမီးများနှင့်နှစ်သက်ပါက လက်ထပ်ပေးစားပြီး၊ သမီးကိုခေါ်သွားလိုကလည်းလိုက် လေ့ရှိပေသည်။ ဆည်ပေါက်ရွာတွင်လက်ထပ်ပြီးသူ ၆၀% ခန့်သည် မိန်းကလေး၏ နေအိမ်သို့လိုက်နေလျှက်၊ ၄၀% သည် ယောကျာ်းကလေး၏ နေအိမ်သို့လိုက်ပါနေထိုင်လေ့ရှိ၏။ ဤတွင်အခြားရွာများနှင့်စာလျှင်ဆည်ပေါက်ရွာတွင်မှု ငွေကြေး စနစ်ကိုမှတည်ကြည့်လျှင် ပိုမိုနည်းပါး ကြောင်းနှင့် မိဘသဘောမတူနိုင်သည့် မသင့်လျော်သူများနှင့် ခိုးရာလိုက် ပြေးသွားခြင်း၊ စွန့်ပစ်ခံရခြင်းများ နည်းပါးကြောင်း လေ့လာတွေ့ရှိရပေသည်။

ပြတ်စဲခြင်း ။ ။ ၁၉၆၂ ခုနှစ် နောက်ပိုင်း မှစ၍ ဆည်ပေါက်ရွာနေသူတို့တွင် ဆိုရှယ်လစ်စီးပွားရေးစနစ် အရ၊ အရင်းရှင်စည်းစိမ်ခံလူတန်းစား ဟူ၍မရှိတော့ဘဲ ၎င်းတို့၏ယခုလက်ရှိစီးပွားရေး အတိုင်း ယောကျာ်း၊ မိန်းမ၊ ကလေး၊ လူကြီး၊ မရွေး ကိုယ်စီ ကိုယ်ငှ စီးပွားရှာ လုပ်ကိုင်ကြရလျှက် စည်းလုံးညွတ်စွာ နေကြရသောကြောင့် လင်နှင့်မယား ကွဲကွာမှုမှာလည်း အထူးနည်းပါးလာခဲ့ပေသည်။ အလုပ်လုပ်ကိုင်လိုခြင်း မရှိဘဲ ပေါ့လျော့စွာနေလိုခြင်း ကြောင့်သာ ကွဲကွာပြတ်စဲရမှုမျိုး ကိုမကြာခဏ တွေ့ရှိရပေသည်။ ၎င်းမှာ (၁) ဆည်ပေါက်ရွာသား မောင်တင်ဋ္ဌိန်နှင့် ဒေါ်ခင်း လည်ရွာသူ တဦးသည်လက်ထပ်ခဲ့ရာ၊ အမျိုးသမီးသည် ပေါ့လျော့စွာနေလိုပြီး ငွေရလွယ်သောလုပ်ငန်းမျိုးကိုသာ လုပ်ကိုင်လိုခြင်း၊ မြှုပြင်မရခြင်းတို့ကြောင့် မောင်တင်ဋ္ဌိန် ကာ၊ရပ်ရွာလူကြီးများ ရှေ့တွင် ၂ ဦး သဘောတူ

ဖွာဖွင်း လိုက် လေသည်။ ရပ်ရွာလူကြီး များ အနေနှင့် အကြိမ်ကြိမ်သတိ ပေး ရေ့စပ် သော်လည်း မရခဲ့ပေ။ (၂) ဆည် ပေါက်ရွာသူ၊ မပိုက်စိ နှင့် လက်ထပ် သော ယောကျ်ား ကလေး သည်လည်း အလုပ်မလုပ်ချင်ဘဲ၊ ပေါ့လျော့ ရွာ နေလိုရာ အကြိမ်ကြိမ် ပြော သော်လည်း မရသဖြင့် ဇနီး ကလေး က၊ ရပ်ရွာလူကြီး များ ရှေ့တွင် ယောကျ်ား ကလေး အား ငွေ ၃၅ိ/ လျော်ကြေး ပေး၍ပြတ်စဲခဲ့လေသည်။ ယင်း တို့တွင်သား သမီး များ လည်း မရှိကြ ပေ။ အကယ်၍ သား သမီး များ ရှိ သောအိမ် ထောင်ဖြစ်ပါက ကလေး များ ကို ငဲ့ညှာ လျှက် ရပ်ရွာလူကြီး များ က အကြိမ်ကြိမ်ပြန်လည် ပေါင်း နိုင်း လေ့ရှိ ပေသည်။ ထိုသို့၊ အကြိမ်ကြိမ်ပြန်လည်း ပေါင်း နိုင်း၍ မရ တော့ဘဲ ကွဲကွာပြတ်စဲ ပေး လိုက် ရပါက၊ သား သမီး များ ကို အဘ သို့မဟုတ် အမိ၊ ကြိုက်နှစ်သက်ရာဘက် သို့ လိုက်ပါနေနိုင်ခွင့် ပေး၏။ ၎င်းတွင် သား သမီး များ ကိုတာဝန်ယူထား ရသော ဘက်အား အိမ်ထောင်ပစ္စည်း များ ပေး အပ်ခဲ့ရပြီး၊ တာဝန်မယူရသူအား၊ ၎င်း၏ ကိုယ်ပိုင်သုံး ပစ္စည်း များ လောက်သာယူခွင့်ပေး လေသည်။ သို့သော်၍ ကိစ္စမျိုး မှာ ဆည် ပေါက်ရွာနေသူတို့တွင် မရှိခဲ့သူး သေး ချေ။ ပြတ်စဲကွဲကွာပြီး အမျိုး သမီး များ ကိုလည်း အကျင့်စာရိတ္တ မကောင်း၍ပြတ်စဲခံရသည့်အမျိုး သမီး ကိုသာ၊ ရပ်ရွာမှ ဖယ်ကြဉ်ပြီး၊ စီး ပွား ရေးအဆင်မပြေမှုအရ ၎င်း၊ တဦးနှင့် တဦး သဘော ချင်း မတိုက်ဆိုင်၍ ၎င်း၊ ကွဲကွာခဲ့လျှင် ထိုအမျိုး သမီး ကိုခွင့်လွှတ် လျှက် နောက်ထပ်အိမ် ထောင်ပြုနိုင်ခွင့် ပေး လေ့ရှိ၏။ ရှုံ့ချခြင်း မပြုကြ ပေ။

**(ခ) ဆွေမျိုး၊ ရပ်ရွာ ဆက်ဆံမှုနှင့် လူမှုကိစ္စတာဝန်ဝတ္တရား များ။ ။**

ဆည် ပေါက်ရွာနေသူတို့သည်၊ အနည်း နှင့်အများ ဆွေး သိ တော်စပ်သော ဆွေမျိုး သား ချင်း များ နှင့်ဘိုး ဘွား စဉ်ဆက်၊ တရေတည်း

သောက်၊ တရွာတည်း နေ ရဝ်ဆွေရဝ်မျိုး များ သာဖြစ်ပြီး ၊ ၁၉၆၂ခု နှစ်နောက်ပိုင်း မှစ၍၊ အရင်း ရှင်စီး ပွါး ရေး မာန်ဝင့်မှုများ၊တစ တစ နည်း ပါး ပပျောက်လာ ပြီး၊ တရွာလုံး မှာအချင်း ချင်း ပို၍ချစ်ခင် လေး စား စွာဖြင့် ပြောဆိုဆက်ဆံလာကြ ပေသည်။ ``သူ ၊` ငါ` ဟု သော ခွဲ ခြား မှုအထူး နည်း ပါး လါသည် ။ လမ်း စဉ်သ ဘောတရား နှင့်အညီ၊ မိမိ၏အ ရေး သည် ရဝ်ရွာ၏အ ရေး ဖြစ်သကဲ့သို့၊ ရဝ်ရွာ နိုင်ငံ၏အ ရေး သည် မိမိ ၏အ ရေး ဟု နား လည်သ ဘော ပေါက်လာပြီး ၊ အသိတရား ရှိစွာဖြင့် ၊ တ ဦး တိုတ ဦး ယိုင်း ပင်း ကူညီခြင်း၊ ပိုမို ရှိလာကြ ပေသည်။ ထို့ကြောင့် ၊ ရဝ်ရွာ၏ သာ ရေး နာ ရေး ကိစ္စများ ၊ ဖွံ့ဖြိုး ရေး ကိစ္စများ တွင် ၊ လူ မှုဝန်ထမ်း စိတ်ရှိစွာဖြင့် ပိုင်း ဝန်း ကူညီဆောင်ရွက် လေ့ရှိ ပေသည် ။ ဤတွင်၊ အခြား ရွာများ နှင့်ထူး ခြား ချက်တရပ်မှာ၊ ဆည် ပေါက်ရွာ နေ သူများ သည် ရွာတွင်း ၌သာ ရေး ဆိုင်ရာအလှုအတန်း ကိစ္စများ တွင် ဖိတ် ခေါ်ခြင်း မရှိခဲ့ပါက၊ အနှောက်အယှက်မဖြစ် စေရန် သွား ရောက်ခြင်း မရှိဘဲ ၊ နာ ရေး ကိစ္စတွင်မူ ဖိတ် ခေါ် သည်ဖြစ် စေ၊ မ ခေါ် သည်ဖြစ် စေ၊ ဂရုဏာ စေတနာ ထား ၍နား လည် မှုအပြည့်အဝဖြင့်သွား ရောက်ကူညီ မေး မြန်း လေ့ရှိ ပေ သည်။ ထို့ကြောင့် ရဝ်ရွာ၀ လူအရ၊ နာ ရေးကိစ္စ ကိုဦး စား ပေး ဖေါ်ပြ ရ သော်၊ ရဝ်ရွာအတွင်း တဦး တ ယောက် နေထိုင် မ ကောင်း ဖြစ် နေသည်ဟုကြား သိပါက ၊ ဂရုတစိုက်သွား ရောက် မေးမြန်း လျှက် ၊နှုတ် ဖြင့်ငှင်း ၊ လက်ဖြင့်ငှင်း ၊ တတ်အား သ ရွေ့ကြိုး စား ကူညီအား ပေး လေ့ရှိ ပေသည်။ ဥပမာ - လူနာတဦး သည် ငွေ ကြေး ချို့တဲ့ပါကတတ် နိုင်သ ရွေ့၊ ငွေ ကြေး ဖြစ် စေ၊ စား သောက်ဖွယ် ဆေး များ ကိုဖြစ် စေ ပေး

ကမ်း ကူညီ လေ့ရှိ၏။ အကယ်၍ ရပ်ရွာအတွင်း တဦး တယောက် သေဆုံး ခဲ့ပါက၊ ထိုသူကိုသိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ၊ ခေါ်သည်ဖြစ်စေ၊ မခေါ်သည်ဖြစ်စေ၊ သွား ရောက် မေး မြန်း၊ လျှက် လုပ်အား ငွေအား ဖြင့် ကြိုး စား ကူညီ လေ့ရှိ ပေသည်။ ဆင်း ရဲ ချို့တဲ့ ရွာ သေဆုံး သွား သူများ ကို လည်း ရွာမှ ရပ်ပေါင်း၍ သင့် လျော် အောင် သင်္ဂြိုဟ် ပေး လေ့ရှိ၏။ အသုဘ ချ စဉ်တွင်လည်း အခြား ရပ်ရွာ များ မှာကဲ့သို့ မည်သည့်လမ်း က ဆောင် ယူ၍ ချရမည် ဟု တ ရား သေ သတ်မှတ်ထား ခြင်း မပြုဘဲ နီး စပ်ရာလမ်း က သင့် လျော် သလို ဆောင်ယူ ချသွား နိုင် ခွင့်ပြုထား လေသည်။ ရှေး ယ ခင်အခါ ခေတ် ဟောင်း က မူ သတ် မှတ်ထား သော လမ်း က သာ ချသွား ခွင့်ပြု လေသည်။ ဤသည်ကိုကြည့်ခြင်း ဖြင့်လည်း ဆည် ပေါက်ရွာ နေသူများ သည် ရှေးရိုးစွဲ များ နှင့် ဆောင်ရွက်မှု များ တွင် မလိုလား အပ် သော အယူသည်း မှု သတ်မှတ်မှု များ ကို ခေတ် ပြောင်း တော်လှန် ရေး နှင့်အညီ တိုး တက် ပြောင်း လဲ လျှက် ၊ လူတို့အတွက်အဆင် ပြေ ကောင်း မွန်သည့် အပြုအမူ မှန်သမျှကို လိုလား စွာ လက်ခံကျင့်သုံး ပြုပြင် လေ့ရှိကြ ကြောင်း၊ ကို အခြား ရွာ များ ထက် ပိုမို တွေ့ရှိ ရ ပေ သည်။

ရပ်ရွာ၏ သာ ရေး အ လှူ မင်္ဂလာ ဆောင်ကိစ္စ များ တွင်ကား အလှူရှင် သည်ရပ်ရွာကို အား ကိုး လျှက် ပြုလုပ်လိုပါက ရွာမှ လူကြီး များ ကိုယ်တိုင်ဦး စီး ပြီး စနစ်တကျ ကူညီ ပေး လေ့ရှိ ပေသည်။ ဥပမာ-အလှူရှင်က ၎င်း မှာ ငွေ-၁၀၀၀ိ/ကျပ်သာရှိ၍ ၁၅၀၀ိ ခန့် အကုန် အကျ ခံ၍လှူချင်သည်ဟု ပြောလာပါက၊ လူကြီး များ က သင့် လျော် အောင်စဉ်း စား ၍အဖြစ်နိုင်ဆုံး ပိုင်း ဝန်း ကူညီ ပေး လျှက်ထ

မြောက် အောင်မြင်စေလေသည်။ ဤအခါတွင် အလှူခံ ရပ်ရွာလူကြီးများ ကိုယ်တိုင် အလှူငွေလက်ခံသည့် ငွေတိုင်နေရာ၌ ကြီးကြပ်ပြီး ထိုင် ပေးလျက်၊ အလှူလာသူများအား ငင်း ထိုက်စီးပွား ရေး အင်အား ကို ကြည့်၍ ငင်း၊ ဆွေမျိုးသားချင်း နီး စပ်မှုကိုကြည့်၍ ငင်း၊ အလှူငွေ နည်း နေပါက သင့်လျော်သလောက်ထပ်၍ထည့်နိုင်း ပေး၏။ အလှူတွင်အတတ် နိုင်ဆုံး အလေ အလွင့် အဖိတ်အစင်များ ကိုလည်း မရှိစေရဘဲ၊ လှူရှင်သော ဆန္ဒ အတိုင်း ပြည့်ဝပြီး မြောက်သွား အောင် စနစ်တကျ ဝိုင်း ဝန်း ကူညီ စောင့်ရှောက်ကြပ်မတ် ပေး လေ့ရှိပေသည်။ အလှူတွင် မဏ္ဍပ် ဆောက် သည်မှ စ၍ ရွာမှ ကူညီ ဆောက်လုပ် ပေး ပြီး၊ လိုအပ် သည့် ရေအိုး၊ ထင်း အိုး တို့ကို မကုန်ရစေဘဲ ရပ်ရွာကို ၂ ပိုင်း ပိုင်း လျက်၊ တပိုင်း အား ရေခပ်တာဝန်ယူ နိုင်း ပြီး၊ ကျန်တပိုင်း အား ထင်း ရှာ၍ ပေးရန် တာဝန်၊ စသည့်လုပ်အား များ ကို စနစ်တကျခွဲဝေချ ပေး လျက် အလှူပွဲအား ကူညီ စေ လေသည်။ အလှူတွင် ညှိခံ ဝေယျာဝစ္စကိစ္စ များ ကို ဆောင်ရွက်ရန်အတွက်လည်း ရပ်ရွာ၌ လူကြီး လူရွယ် လူငယ်အမျိုး သား၊ အမျိုး သမီး စေတနာအဖွဲ့ များ တလိုလေ သေး မရှိ စရိတ်အကျဉ်း ဆုံး ဖြင့် ပြည့်စုံသွား အောင်ပါဝင်ကူညီ ပေး ကြလေသည်။ ထို့ပြင်၊ အကယ်၍ သည် ပေါက်ရွာအနီး ၌ အစိုး ရဌာနစခန်း များ မှ အ မှု ထမ်း သူစိမ်း များ အ နေဖြင့်သည် ပေါက်ရွာတွင်အလှူပြုလုပ်လို၍ အကူအညီ တောင်း ခံလာပါကလည်း၊ ထိုနည်းတူပင် စနစ်တကျ ဝိုင်း ဝန်း ကူညီကြိုး စား ပေး လေ့ရှိပေသည်။ ထိုသို့ ရပ်ရွာ၏ သာရေး၊ နာရေး ကိစ္စ များ နှင့် ဖွံ့ဖြိုး ရေး လုပ်ငန်း များတွင် လူအား၊ ငွေအား၊ ၂ ရပ်စလုံး ဖြင့် ကြိုး စား ကူညီ ပေး လေ့ရှိ

ကြရာ၊ စီးပွား ရေး အထူး ကြပ်တည်း သူများ အတွက်မူ၊ ငွေကြေး အလှူအ နေ ဖြင့် ထွက်ငြိမ်း နှင့်ရမြဲ၊ လုပ်ကိုင်စား အနေဖြင့် တတ်စွမ်းသ၍ ပံ့ပိုးကူရ လေသည်။ ဥပမာ–ထင်း ၊ ရေ သယ် ပေး ရန်၊ မြေဖို့ လမ်းပြင် ရန်အ ရှိက်ကျုံး သန့်ရှင်း ရန် စသည့်ကိစ္စများအတွက်၊ လူညီး ငွေကြေး ဖြင့်တိုက်ရိုက်ပေး ရ လေသည်။ ထို့ကြောင့် ရပ်ရွာ၏သာရေး နာရေး ကိစ္စများ နှင့်ဖွံ့ဖြိုး ရေး လုပ်ငန်း များ တွင် ၁၉၆၂ ခုနှစ် မတိုင်မီ ကမူ၊ မိမိတို့၏ မျိုး ရိုး၊ စီးပွား ဂုဏ်များ မာန်ဝင့်မောက်မာ လျက်၊ မိမိတို့သာ ဘောတရ ဖြင့် ငွေ ပေး၍ စီစဉ်ပြုလုပ်သွား မှုများ ရှိခဲ့ပြီး၊ ၁၉၆၂ ခုနှစ်နောက် ပိုင်း မှစ၍ ယခုထိမူ၊ ထိုသို့မတွေ့ ရတော့ပေ။ ဥပမာ-အလှူငွေများအ နေ ဖြင့် ယခင်က ငွေရှင်၊ အရင်း ရှင်၊ တကိုယ် ကောင်း ဝါဒ အမြုပ်မှုများ ကို ဖယ်ရှား လျက်အလှူကိုလည်း တဦး တ ယောက်တည်း ရက်ရှည်ဂုဏ်ယူ မလှူတော့ ဘဲ၊ အများ အား ဖြင့် မိမိတို့ ဆွေမျိုး သား ချင်းများ ဖြစ်စေ၊ နီး စပ်ရာ နှစ်ဦး သို့ မ ဟုတ် ထိုထက်ပို၍ ဖြစ်စေ၊ စုပေါင်း ညှိ နှိုင်း လျက်၊ နေ့ဝက် သို့မ ဟုတ် နေ့ချင်း ပြီး ဘုံ အလှူ အ ဖြစ် စည် ကား သိုက် မြိုက်စွာပြုလုပ် လေ့ရှိကြ လေသည်။ ( ဥပမာ–ကိုတင်ဦး +ကိုတင်ထွန်း + မရင်နု+ မခင်စန်း ရို တို့၏ စုပေါင်း အလှူပွဲ )။

ရပ်ရွာလုံခြုံရေး နှင့်သာယာဖွံ့ဖြိုး ရေး ကိစ္စ များ ။ ။ ရပ်ရွာလုံခြုံရေးနှင့် သာယာဖွံ့ဖြိုး ရေး ကိစ္စ များ အတွက်မူ၊ ရွာ ထိပ် တွင် မီး ကင်း နှင့်လုံခြုံရေး ကင်း များ ချထား လျက်၊ ထိုကင်း များ တွ င် ရွာနေသူများ တလှည့်စီကျဖြင့် ညစဉ်အ လှည့်ကျတာဝန်ယူ ကင်း စောင့်ရ လေသည်။ ရ.လ.က လူကြီး များ ကလည်း၊

တင်းများကို စီမံလျက်လှည့်လည်ကြီးကြပ်ပေးလေသည်။ အကယ်၍ အကြောင်းကိစ္စတခုခုကြောင့် မိမိ၏တာဝန်တင်းညှက်ကို မစောင့်နိုင်ပါက ကိုယ်စားစေလွှတ်စောင့်ရလေသည်။ ရပ်ရွာလုံခြုံရေးအတွက် ရွာဘေးရှိရွာပတ်လမ်းနှင့်တစ်လျှောက်ရှိသော နေအိမ်များမှခြံဝင်းများကို ရွာစည်းရိုးသဖွယ်နိုင်ခဲ့ရာဖြင့် တခြံနှင့်တခြံဆက်မိအောင် တာဝန်ယူကာရံပေးထားရလေသည်။ ထို့ကြောင့် ရွာပတ်ခြံစည်းရိုးအထူးပြုလုပ်ထားရန်မလိုတော့ပေ။ ထိုခြံပိုင်ရှင်များအနေနှင့်လည်း ညအိပ်ညဉ့်နေများတွင်သတိထားနားစွန့်အိပ်စက်လျက် မိမိတို့အိမ်ခြံအပိုင်းမှ လုံခြုံရေးအတွက်ကိုယ်စီ၊ ကိုယ်ငှတတတ်တအား တာဝန်ယူကူညီပေးကြရလေသည်။ မီးဘေးကင်းဝေးရေးနှင့်ကျန်းမာရေး သန့်ရှင်းရေးအတွက်လည်း အများအားဖြင့် နေအိမ်နှင့်မီးဖိုများကိုခွဲဆောက်ထားပြီး၊ မီးရှုတ်တရက်မကူးလောင်နိုင်ရန်အကာအကွယ်များပြုလုပ်ထားလျက် မီးကိုဂရုတစိုက်အသုံးပြုကြရလေသည်။ ထို့ပြင်လည်းအိမ်ထွင်း အိမ်ပြင်နှင့်မိမိတို့အိမ်ရှေ့ရွာလမ်းများ တွင်အမှိုက်သရိုက်များ မရှိစေရန် အိမ်တိုင်းကတာဝန်ယူရှင်းလင်းကြရ၏။ ထို့ကြောင့် ဆည်ပေါက်ရွာ တွင်ယနေ့အထိ မီးလောင်းဘူးခြင်းမရှိသေးပေ။ ရပ်ရွာသိယါသန့်ရှင်းရေးနှင့် အစိုးရ၏စီမံကိန်းဆိုင်ရာ လုပ်အားပေးလုပ်ငန်းများအတွက်လည်း တရွာလုံး စုပေါင်းညီညာစွာဖြင့် လိုအပ်သလိုတာဝန်ယူဆောင်ရွက်ပေးလေ့ရှိပေသည်။ ထို့ကြောင့် ရွာလယ်တွင်ခရီးသွားရဟန်းရှင်လူအများ နားနိုင်ရန် ဇရပ်တခုဆောက်လုပ်ထားလျက် ထိုဇရပ်တွင်သောက်ရေထားရှိရာ ထိုသောက်ရေများကိုမပြတ်လတ်ရအောင် ရွာမှမိန်းကလေးများက မိမိတို့၏ဆန္ဒစေတနာအရ နေ့စဉ် ဆေးကြောသုတ်သင်လျက် ရေကောင်း

ရေသန့်သောက်ရေများကို မိမိတို့အချင်းချင်း နားလည်မှုဖြင့် အလှည့်ကျထည့်ထားပေး လျှက်ရှိလေသည်။ ဘာသာရေးအားဖြင့် ရပ်ရွာတခုလုံးဘေးအန္တရာယ်ကင်းရှင်းရေး အတွက်လည်း၊ ရပ်ရွာမှ အသက် ၅၀ ကျော် အဘိုးကြီး၊ အဖွားကြီးများ ၃၀ ခန့်သည်၊ ညစဉ် ၇ နာရီမှ ၈ နာရီခန့်အထိ၊ ရွာလည်ဝတ်ကျောင်း၌ အန္တရာယ်ကင်း ပရိတ်ရွတ်ဝတ်တက်ပေး လျှက်ရှိပေသည်။ ထိုအဝတ်အသင်းအား ဦးဝ(၇၀ နှစ်) ဦးအင်းကြီး (၇၀ နှစ်) ဦးချမ်းငြိမ်း ( ၇၀ နှစ်) စသည်တို့ခေါင်းဆောင်လျှက်ရှိ၏။ ထိုဝတ်ရွတ်ပုဂ္ဂိုလ်များအား ရွာမှစေတနာရှင်များက မိမိတို့တတ်အားသရွေ့၊ ထွမ်း၊ ဆေး၊ လဘက် တို့နှင့် အခြားစားသောက်ဖွယ်ရာများကိုပြုလုပ်ကျွေးမွေး လျှက်ကုသိုလ်ယူ လျှက်ရှိပေသည်။ အစိုးရစီမံကိန်း လုပ်ငန်းများဖြစ်သော အသုံးလုံး ပညာရေး စီမံကိန်းတွင်၊ ရလက အဖွဲ့မှ ဦးဆောင်လျှက် ပညာတတ်လူငယ်ပေါင်း ၃၀ ခန့်ပါဝင်သင်ကြားလုပ်အား ပေးကြပြီး၊ လျှပ်စစ်မီး ရှိသောဆီမီးများမှ လျှပ်စစ်မီးတိုက်ညှိကြ၏။ သန်း ခေါင် စာရင်း ကောက်ယူရေး စီမံကိန်း လုပ်ငန်း တွင်လည်း၊ ရွာနေ လူပေါင်း ၂၀ ခန့်တာဝန်ယူပါဝင်လုပ်အား ပေး ခဲ့၏။ စီးပွားရေး စစ်တမ်း ကောက်ယူရာတွင်လည်း၊ ရ-လ-က-မှစ၍ ကျောင်းသား လူငယ်အဆုံး တရွာလုံး ဝိုင်း ဝန်းကူညီ ပေး ခဲ့ကြလေသည်။ ထို့ပြင် ရပ်ရွာသာယာရေး ကိစ္စနှင့် အစိုးရ၏စီမံကိန်းဆိုင်ရာလုပ်ငန်း လုပ်အားပေး ကိစ္စများ အတွက် လူကိုယ်တိုင်တာဝန်ယူပါဝင်စည်းလုံး လျက်၊ အစွမ်းကုန်လုပ်အား ပေး ရသကဲ့သို့၊ ငွေကြေး ဖြင့်လည်း၊ မိမိတို့စီးပွား ရေး ဝင်ငွေအင်အား အလိုက်ထည့်ဝင် ကူညီ လျှက်ရှိကြပေသည်။ ဥပမာ-ဘုရားပွဲ၊ ကထိန်

ပွဲများ၊ သင်္ကြန်တွင်း၊ သီတင်းကျွတ်စသည့် အခါကြီး ရက်ကြီး ပွဲတော်များ အတွက် တအိမ်လျှင် ၁၀ ပြား စီမှ စ၍ နည်းများ မဆိုထည့် လှူဖါဝင် ကြရ၏။ ထို့ပြင်၊ သန်း ခေါင်း စာရင်း ကိစ္စ အတွက် တအိမ်လျှင် ၃/၊ အသုံး လိုး အတွက် ၁/ ၅ ပဲ ခန့်၊ ကျေး ရွာရုံပုံငွေသို့ စံစရိတ်ကိစ္စများ အ တွက်တနှစ်လျှင် ၂/ မှ ၅/ ခန့်အထိ မိမိတို့တတ်အား သရွေ့ ပေး လှူ ကြလေသည်။ ထိုသို့ရပ်ရွာလူမှုအကျိုး ရေး၊ သာ ရေး၊ နာ ရေး များအ တွက် ထည့်လှူရ ငွေ ရရပေါင်း မှာ တနှစ်လျှင် ဖျမ်း မျှအ နေဖြင့်စီးပွား ရေး ချောင်လည်သူများ က ၇၀/ ခန့် ထည့်ရပြီး၊ သာမန်စား သောက်နိုင်ရုံလူများ အနေဖြင့် ၂၅/ ခန့်ငင်း၊ ထည့်လှူကြပြီး၊ ထိုထက် ပို၍ စီး ပွား ရေး နိမ့်သူများ မှာအလှူငွေအစား၊ လူ၏ လုပ်အား ဖြင့်ဝိုင်း ကူညီ ပေး လေ့ရှိ ပေ သည်။ ထိုသို့ဖြင့် ဆည် ပေါက်ရွာ နေသူများ သည်ရပ် ရွာ၏သာ ရေး၊ နာ ရေး ကိစ္စများ၊ လုံခြုံ ရေး နှင့်သာယာဖွံ့ဖြိုး ရေး ကိစ္စ များ၊ ကျန်း မာ ရေး၊ ပညာ ရေး၊ စီး ပွား ရေး စသည့်အကျိုး ရ၏ ဖွံ့ဖြိုး ရေး စီမံကိန်း လုပ်ငန်း ရပ်များ တွင် ကိုယ်စီကိုယ်ငှ၊ နည်း များ မဆို ပါဝင် စည်း လုံး ကူညီ ဆောင်ရွက် လေ့ရှိကြ၏။ စနစ်တကျပိုမိုကူညီ နိုင်ရန်လည်း ဆည် ပေါက် ကျေး ရွာအုပ်ချုပ်မှု ရေး အဖွဲ့ဟူ၍ ၄င်း၊ ဆည် ပေါက်ရွာတွင်ပင် လူငယ်အမျိုး သား အဖွဲ့၊ အမျိုး သမီး အဖွဲ့၊ ကြက်ခြေနီ အဖွဲ့ ဟူ၍ ၄င်း၊ စေတနာ့ဝန်ထမ်း လူမှု ရေး အဖွဲ့ငယ်များ ကိုထပ်ဆင့်ဖွဲ့ စည်း ထား လျက်အဘက်ဘက် မှအစွမ်း ကုန်ကူညီ ဆောင်ရွက် လေ့ရှိ ပေသည်။

ထိုသို့အား ဖြင့်၊ ဆည် ပေါက်ရွာ နေသူများ ၏လူမှုအကျိုး သံ ရေး နှင့် ဆောင်ရွက်မှုအခြေအနေများ တွင်၊ ၁၉၆၂ နောက်ပိုင်း၊

မှစ၍ ဆိုရှယ်လစ်ခေတ် ပြောင်း တော်လှန်ရေး နှင့်အညီ အတွေး အခေါ် အပြုအမူများ ပါ ပြောင်းလဲလာလျက် ဆိုရှယ်လစ်ဒီမိုကရေစီ အခြေခံကျင့် စဉ်များ နှင့်အညီ သာတူညီမျှရေး ပေါင်း စိတ်ဓါတ်များ ဖြင့် စည်းလုံး ညီညွတ် စွာ ညှိနှိုင်း ဆောင်ရွက် လေ့ရှိလာ ပေသည်။ ထို့ပြင် အနီး ပတ်ဝန်း ကျင် ရှိ အခြား ရွာများ ထက်ပို၍ လမ်း စဉ်သဘောတရား အတွေး အခေါ် ခံယူချက်များ နှင့်အညီ လူမှုဆက်ဆံရေး နှင့် ဆောင်ရွက်မှုများ ကိုလုပ်ဆောင် နိုင်ပြီး ၊ ပို၍ထိရောက် အောင်မြင် ကြောင်း လေ့လာ တွေ့ရှိရ ပေသည် ။

## (၂) ကျန်းမာရေး နှင့်အားကစား ကဏ္ဍ။

အပူပိုင်း ဒေသ၏ ကျန်းမာရေး တွင် အဓိကဖြစ်သော 'ရေ' အကြောင်း ကိုပထမ ဦးစွာ အနည်း ငယ် ဖော်ပြလိုပါသည်။ မိုးခေါင် ရေရှား ရပ်ဝန်း မြို့ရွာများ၌ နေထိုင်သူများ တွင် အများ အား ဖြင့် ရာသီဥတုပြင်း ထန် ခြင်း ၊ ရေရှား ပါး ခြင်း ၊ ရေချိုမှု နည်း ပါးခြင်း တို့ကြောင့် အပူပိုင်း ဆိုင်ရာ ရောဂါများ ဖြစ်ပွား လေ့ရှိ ပေသည်။ ထို့ ကြောင့် အစိုး ရ၏ ရေရရှိရေး နှင့် ဖွံ့ဖြိုး ရေး စီမံကိန်း အရ၊ ၁၉၅၈ ခုနှစ်တွင် သည်ပေါက်ရွာ၌ အစိုး ရစပြစ်ခြိုက်ခင်း ကိုအဓိကပြု၍၊ ပုပ္ပါး မှ ရေများ ကိုပိုက်လိုင်း ဖြင့် သွယ်ယူလျက် ကျောက်ပန်း တောင်း မြို့နယ် တ ခုလုံး ၌ ဖြန့်ဝေ ပေး ခဲ့ရာ၊ သည်ပေါက်ရွာတွင်လည်း ရွာလယ်၌ အုတ်ကန် တခုပြုလုပ်လျက် ရေထည့် ပေး ထား လေသည်။ ထိုအုတ်ကန်မှ ရေများ ကို ရွာသူ ရွာသား များ အနေဖြင့် ရေထမ်း ဖြင့်ထမ်း ယူကာ မိမိတို့အိမ်အတွက် သောက်သုံး ရေ ၊ ချိုးရေများ နှင့်အိုး ခွံပင်များ လောင်း ရန်အတွက်

အသုံး ပြုရ လေသည်။ တခါစ်လျှင် နံက် ၁၀ထမ်း၊ ညနေ ၁၀ထမ်း အ ဖြစ် တနေ့လျှင်အနည်းဆုံး အထမ်း ၂၀ မျှထမ်း ယူအသုံး ပြုကြောင်း လေ့လာ တွေ့ရှိရ ပေသည်။ ဤကျွင် ဆည် ပေါက်ရွာ နေသူတို့သည် ပျင်းရိ ပေါ့ လျော့မနေဘဲ မိမိတို့ကိုယ်ပိုင် ရေကိုအထမ်း ၂၀ မျှထမ်း ယူလျက် မိမိ တို့တကိုယ် ရေ ကျန်း မာ ရေး၊ မိသား စုကျန်း မာ ရေး များ အတွက်လျော် ဖွတ် ဆေး ကြောသန့်ရှင်း ရေး ဖွတ် မည်မျှအား ထုတ်အသုံး ပြုကြောင်း ထင်ရှား နေ ပေသည်။ တော်လှန် ရေး ကောင်စီအစိုး ရ၏ ကျေး လက် ကျန်း မာ ရေး စီမံကိန်း အရလည်း ဆည် ပေါက်ရွာတွင်၊ဆည် ပေါက် ကျေး ရွာ ကျန်း မာ ရေး ဌာနခွဲအဖြစ် သီး ခြား ဖွင့်လှစ်လျက် ဆေး ခန်း၊ အမှုထမ်း၊ ဆေး ဝါး များ ကို စုံလင်စွာ ထား ရှိ ပေး ထား လေသည်။ ယင်း ဆေး ခန်း တွင် ကျန်း မာ ရေး ဆရာ မတဦး ကို တာဝန်ချထားပေး ထား၊ မိခင်နှင့်က လေး စောင့်ရှောက် ရေး အတွက် သား ဖွား ဆရာ မတ ဦး ကိုရွာတွင်အမြဲ နေထိုင် စေလျက် တာဝန် ပေး ထား ပြီး၊ ဆေး ဝါး၊ နှင့် ပစ္စည်း စသည်တို့လည်း ပြည့်စုံစွာ ပေး ထား လေသည်။ ကျန်း မာ ရေး အမှုထမ်း များ အနေဖြင့်လည်း ၁၉၆၂ ခုနှစ် နောက်ပိုင်း မှစ ၍ နိုင်ငံအတွက်အသိတရား ရှိစွာဖြင့်တာဝန် များ ကိုထိုထိုထမ်း ဆောင်ခဲ့ သည့်အလျောက် ဆည် ပေါက်ရွာ၏တကိုယ် ရေ ကျန်း မာ ရေး၊ မိခင်က လေး ကျန်း မာ ရေး၊ မိသား စုရပ်ရွာကျန်း မာ ရေး တို့အတွက် အဓိအား လျော်စွာ ဂရုပြုစိုက်မတ် ဆောင်ရွက် ပေး ပြီး၊ ကျန်း မာ ရေး ပညာ ပေး ရန် လိုအပ်သူ များ ကို တွေ့ရှိပါကလည်း စံနစ်တကျပညာ ပေး စည်း ရုံး လျက် တရွာလုံး ၏ကျန်း မာ ရေး အား ပိုမို ကောင်း မွန် စေရန်၊

ဆောင်ရွက် ပေး လျက်ရှိ ပေသည်။ တော်လှန် ရေး ကောင်စီအစိုးရက အား ပေး ကူညီသည့်နည်းတူ ရပ်ရွာလူထု၏ပါဝင် ဆောင်ရွက်မှု၊ ကျန်းမာရေး အခြေအနေများ ကိုလည်း အောက်ပါအတိုင်း တွေ့ရှိရ ပေသည်။

(က) တကိုယ်ရေ ကျန်းမာရေး နှင့်အားကစား ။ ။ဆည် ပေါက်ရွာ နေ သူတို့သည်အများ အားဖြင့် တကိုယ်ရေ သန့်ရှင်း သပ်ယပ်စွာဝတ်စား ဆင်ယင် နေထိုင် လေ့ရှိပြီး၊ စော စောအိပ်၊ စော စောထ လေ့ရှိ ပေသည်။ နေ့စဉ် ရေချိုး ပြီး၊ သွား ၊ ခြေ သည်း ၊ လက်သည်း စသည်များ ကိုသန့်ရှင်း အောင် ဂရုစိုက်ပြုပြင် လေ့ရှိပေ သည်။ အကျီ၊ လုံချည်၊ အဝတ်အထည်များ ကို လည်း အလုပ်လုပ်သွား စဉ်ဝတ် သောဝတ်စုံ၊ အိမ်တွင်း နေစဉ်ဝတ် သောဝတ်စုံဟူ၍ စံနစ်တကျခွဲခြား ဝတ် ဆင် လေ့ရှိပြီး၊ အကျီ လုံချည် များ ကိုတစုံလျှင် ၂ ရက် ၃ ရက် ခန့်ဝတ် ဆင်ပြီး လျှော်ဖွပ်လဲလှယ် လေ့ရှိ ပေသည် ။ အဝတ်အထည်များ မှာ အများအား ဖြင့် ပြည်တွင်းဖြစ်၊ ရပ်ရွာဖြစ် မြန်မာယက်အထည်များ သာဖြစ် ပေသည်။

စား သောက်ရာတွင်လည်း ၊ ထူးထွေဆန်းပြား သော အစား အသောက်များ ကို စား သောက်ခြင်း နည်း ပါး ပြီး ၊ ဝိဓိတို့ ဓါတ်ရှိ ဖလာ အစားအစာ များ နှင့်ထမင်း ဟင်း များ ကိုသာအဓိကထား ၍၊ အချိန်မှန်စား သောက် လေ့ရှိ ပေသည်။ ပြင်ပဈေး ဆိုင်များ မှ အစားအစာသွား ရေစာများ ကို ဝယ်ယူစား သောက်မှု အလွန် နည်း ပါး လှ၏။ ကလေး သူငယ်များ အနေနှင့်လည်း သွား ရေစာအဖြစ် ငှက်ပျောသီး ၊ မာလကာ သီး ၊ ဇီး သီး ၊ ဇေါင်း လျား သီး စသည့် အိမ်ခြံထွက် သီး နှံများ ကိုသာစား သောက် လေ့ရှိ ပေသည်။ ကျောင်း သွား စဉ် သွား ရေစာအဖြစ် ငင်း

တို့ကို အိမ်မှတခါတည်း ထည့်ပေး လေ့ရှိပေသည်။ ကလေး များ ကိုမုန့်ဘိုး ပေး ခြင်း၊ ကြိုက်ရာဝယ်စား စေခြင်း စသည့်စည်းကမ်း မဲ့စနစ်မျိုး တို့အား မပေး ကြပေ။ ဥပမာ- ချူရှိုဝ်သည်ဦး မောင်ကြီး ဆိုသူ၏အိမ်၌ သုတေသနပြုရန် ရောက်ရှိနေစဉ်တွင်၊ ယင်း ဦး မောင်ကြီးက အိမ်မှထွက် သော ဖေါင်းလျှား သီး များ ကို လပ်လပ်ဆပ်ဆပ်ဆွတ်လျက် ကလေး များ အတွက်၊ သွား ရေစါ အဖြစ် ရောင်း နေရာ၊ ကျောင်း သား ကလေး များ လာ ရောက်ဝယ်ယူ စား သောက်ကြ လေသည်။ ဤသို့ လေ့လာကြည့်ရာဆည် ပေါက်ရွာမူလတန်း ကျောင်း၌ ဆည် ပေါက်၊ အင် ချောင်း၊ ညောင်ကံ စသည့် ရွာများ မှ ကျောင်း သား ပေါင်း စုံရှိရာ၊ ဦး မောင်ကြီး ထံ ဖောင်း လျှား သီးလာ ရောက်ဝယ်ယူစား သူများ တွင်၊ အား လုံး ၁၀ ယောက်ရှိမှ၊ ဆည် ပေါက် ရွာမှ ၁ဦး မျှသာပါဝင် လေသည်။ ယင်း ကို လေ့လာကြည့်ခြင်း ဖြင့် ဆည် ပေါက်ရွာမှ ကလေး များ၏ အလေ့အကျင့် စည်း ကမ်း စနစ်၊ မိဘ၏ သွန် သင်မှု၊စီး ပွါး ရေး အခြေအနေ၊ နေထိုင်ဝတ်စား ပုံအား လုံး ကို လေ့ လာ သိရှိခဲ့ရ လေသည်။

ဆည် ပေါက်ရွာ နေသူများ သည် ၄င်း တို့မိသား စု၏စား ဝတ် နေ ရေး အတွက် ကိုယ်စီကိုယ်ငှ၊ အထူး ကြိုး စား ၍ လုပ်ကိုင် နေရ ခြင်း ကြောင့်၊ ၄င်း တို့၏ကိုယ်လက်လှုပ်ရှားအား ကစား အတွက်၊နေ့စဉ် အ ထူး အချိန် ပေး လေ့ကျင့်နေရန် အချိန်အား ၊ ငွေအား၊မ ပေး နိုင် ကြ ပေ။ ထို့ ကြောင့် သက်ကြီး ရွယ်အိုများ အ နေဖြင့် မိမိတို့၏သက်ဆိုင်ရာ အိမ်တွင်း ၊ အိမ်ပြင်လုပ်ငန်း အ ထွေ ထွေကို မိမိတို့တတ်စွမ်း သ ရွေ့ လုပ်ကိုင် ခြင်း ဖြင့်သာ တကိုယ် ရေ ကျန်း မာ ရေး ၊ ကိုယ်လက်လှုပ်ရှား မှု များ ကို

ရယူနေကြရပေသည်။ သက်ကြီးရွယ်အိုများမှာအခါအားလျော်စွာလမ်း လျှောက်ခြင်း နှင့်အိမ်တွင်းဗါဟိရ အလုပ်များ ဥပမာ–အမှိုက်လှဲ၊ သစ်ပင်ရေလောင်း စသည်များကိုလုပ်ဆောင်လေ့ရှိခြင်းဖြင့် ကိုယ်လက် လှုပ်ရှားမှု၊ ကျန်းမာရေး လေ့ကျင့်မှုများကိုရရှိနေကြပေသည်။ ၎င်းသည် မှာ အိမ်ထောင်စုကိုလည်း တတပ်တအား အကူအညီရစေ၏။ အိမ်ရှင် ယောကျာ်းများအနေနှင့်ကား၊ အများအားဖြင့် မိမိတို့၏စီးပွားရေး လုပ်ငန်းဆိုင်ရာတွင် ကါယလုပ်သား အဖြစ်လုပ်ကိုင် ရခြင်း၊ အိမ်တွင်း စိုက်ပျိုးရေး များပြုလုပ်ထားရှိခြင်း၊ ထင်းခေါက်၊ အမှိုက်ရှင်းခြင်းစ သည့်လုပ်ငန်းများကို လုပ်ကိုင်ရခြင်းတို့ဖြင့်၊ ဈေးထွက်၊ အညောင်းဖြေ လျှက် ကိုယ်လက်လှုပ်ရှားမှု ကျန်းမာရေးကိုရရှိနေကြ၏။ အိမ်ရှင်မများ အနေနှင့်လည်း၊ ရေထမ်း၊ အဝတ်လျှော်၊ အိမ်သန့်ရှင်းရေး စသည့် လုပ်ငန်းများကိုလုပ်ကိုင်ခြင်းဖြင့်၊ ကျန်းမာရေး ကိုယ်လက်လှုပ်ရှားမှု များကိုရရှိနေပေသည်။ လမ်းလျှောက် ရန်လိုအပ်ပါက လျှောက်လေ့ရှိ၏။ ယောကျာ်း၊ မိန်းမအရွယ်ရောက်များ နှင့်ကျောင်းသား သူငယ်များမှာ မိဘများ၏လုပ်ငန်းများ ကိုကူညီခြင်း၊ ရေထမ်းခြင်း၊ ထင်းခေါက် ထင်းရှာခြင်း စသည့်လုပ်ငန်းများ ကိုကူညီလုပ်ကိုင်ပေးရင်းဖြင့်၊ တကိုယ် ရေကျန်းမာရေး၊ ကိုယ်လက်လှုပ်ရှားမှုများကိုရရှိနေကြပေသည်။ အား ကစားသက်သက်အနေဖြင့်မူ ၊ မိန်ကလေးများ ထုပ်စည်းတိုး၊ ကြိုး ခုန် စသည့်ရိုးရာအားကစား နည်း များကိုကစားလှုပ်ရှားလျက်၊ အချို့ ယောကျာ်းကလေးများသည် ဘော်လုံးကန်၊ ဘော်လီဘော်ပုတ်ခြင်း၊ စ သည့်အားကစားလှုပ်ရှားမှုများကိုပြုလုပ်လေ့ရှိပေသည်။

(ခ) အိမ်ထောင်စုအတွင်း ကျန်းမာရေး ။ ။ ဆည်ပေါက်ရွာ နေသူများသည် အများအားဖြင့်တ အိမ်သားလုံး၊ သန့်ရှင်း သပ်ယပ်စွာ ဝတ်စား နေထိုင်လေ့ရှိပေသည်။ မိသို့ ရသုံး သောအိပ်ယာ၊ ခြင်ထောင်၊ စောင် စသည်တို့ကိုလည်း သင့်လျော်သော ချိန်တိုင်း လျော်ဖွပ်သန့်စင်လေ့ရှိပေသည်။ မီးသား ရိက္ခာစား အစာများကိုလည်း သန့်ရှင်း လတ်ဆတ်စေရန် အိမ်ရှင်မမိခင်ဖြစ်သူကဂရုပြု ထားသိုသိမ်းဆည်းလျက်၊ ချက်ပြုတ်ကျွေးမွေး လေ့ရှိပေသည်။ အိမ်တွင်း အိမ်ပြင်တွင်လည်း အမှိုက် သရိုက် အညစ်အကြေးများကိုအမြဲစင်ကြယ်စေ လျက် သန့်ရှင်းစွာ နေထိုင်လေ့ရှိပေသည်။ အချို့အိမ်များတွင် အမှိုက်ကို စနစ်တကျ ကျင်းတူးမြှုပ်လေ့ရှိ၏။ နေအိမ်နှင့်တိရိစ္ဆာန် ထား သော နေရာတို့ကိုလည်း စနစ်တကျခွဲခြား ဆောက်ထားလေ့ရှိပေသည်။ နေရာ ထိုင်ခင်းများကိုလည်း သန့်ရှင်း သပ်ယပ်နေအောင်တတ်အားသရွေ့ကြိုး စားပြုလုပ်လေ့ရှိကြလေသည်။ ထန်းလက်မိုး၊ ထန်းလက်ကာ အိမ်ပင် ဖြစ်စေ၊ စံနစ်တကျသပ်ယပ်စွာမိုး ကာလျက်၊ နေ့ချင့်စသွယ်အတုယူသွယ် ဖြစ်အောင် ဆောက်လုပ်နေထိုင်လေ့ရှိကြပေသည်။( ဥပမာ- ဦးခင်မောင် ၏နေအိမ် )။ အိမ်သာကိုလည်း တအိမ်လျှင် တလုံးကျဖြင့် အိမ်တိုင်း စေ့နီး ပါး ဆောက်လုပ်ထားကြပြီး၊ အချို့အိမ်များတွင် အိမ်သာ၌အဖုံး ကိုပင် ပြုလုပ်လျှက် အိမ်သာကို စနစ်တကျသင့်လျော်အောင်တည် ဆောက်အသုံးပြုလေ့ ရှိကြကြောင်း လေ့လာတွေ့ရှိရပေသည်။

အထက်ဖော်ပြချက်များကို ထောက်ရှုခြင်းအားဖြင့်၊ အခြားရွာများနှင့်နှိုင်းယှဉ်ကြည့်ပါက၊ ဆည်ပေါက်ရွာနေသူများသည်

ကျန်း မာ ရေး ၊ လူမှုရေး ၊ အသိတရား အထူး ရှိစွာဖြင့်၊ အခြား ရွာ များ ထက်များ စွာပိုမို၍ အိမ်သာ များ ကို စနစ်တကျ တည်ဆောက်အသုံး ပြုကြကြောင်း တွေ့ရှိရပေသည်။ ဆည်ပေါက်ရွာ၏ ၉၀%ခန့်သော အိမ် များ ရှင်အိမ်သာကိုအသုံး ပြုပြီး၊ အခြား ရွာများ ရှင်အများ အား ဖြင့် ၁၀% ခန့်သာ အိမ်သာကိုအသုံး ပြုကြ လေသည်။ ဤ ရှင်မြန်မာ ပြည်၌ ကျေး လက်ကျန်း မာ ရေး ကိုမ္မဗိပံ့ကိန်း များ ကိုဆောင်ရွက်ပညာ ပေး ရာတွင် နေအိမ်တိုင်း၌ အိမ်သာ ဆောက်၍အသုံး ပြုရန် အထူး တလည်စက်စဲစွာပေါ် ပြောပညာ ပေး နေရသဖြစ်ပြီး ၊ မြန်မာပြည်၏ ကျေး လက်အများ ရှ သည် ယခုထိအိမ်သာတည်ဆောက် သုံး ခြင်း အထူး နည်း ပါး လျက်ရှိနေ သေး ရာအယင်း ကိစ္စတွင်လည်း ဆည် ပေါက်ရွာမှာ နမူနာယူ စံပြထား လောက် အောင်ရှိပြီး ၊ ကျန်း မာ ရေး အသိတရား ပိုမိုရှိကြ ကြောင်း လေ့လာ တွေ့ ရှိရပေသည်။

(ဂ) ရပ်ရွာပတ်ဝန်း ကျင်ကျန်းမာရေးနှင့်အား ကစား ။ ။ ရပ်ရွာပတ်ဝန်း ကျင်ကျန်း မာ ရေး အဖြစ်အမြဲမ်တိုင်း မှ ဝိဝိဆို အိမ်တွင်း အိမ်ပြင် များ ရှင်အမှိုက်သရိုက် အညစ် အကြေးများ မရှိရန် အမြဲဂရုပြုသန့်ရှင်း လေ့ရှိကြ၏။ ထို့ပြင်၊ဝိဝင် ဝိတွက်၌ တရွာလုံး အထူး သန့်ရှင်း ရေး ကိုရှ ပေါင်း ပြုလုပ်ကြရ၏။ ရွာလမ်း လမ်း များ နှင့်ရွာပါတ်လမ်း တိုလည်း အမြဲအား လျော်ရွာရ ပေါင်းသန့်ရှင်း ခြင်း ၊ ခွက်တို့ခြင်း ၊ ရေ မြောင်း ဖေါက်ခြင်း များ ပြုလုပ် လေ့ရှိ ပေသည်။ ရွာလယ်၌ရှိ ရေကန်ကိုလည်း ၊ မကြာခဏရ ပေါင်း ဆေး ကြော လေ့ရှိ၏ ။ အထူး သဖြင့် ရွာသူရွာသားများ ၊ ကြက် ခြေနီများ နှင့် ရွာ ရှိကျန်း

မာရေး ဌာနခွဲအမှုထမ်း တို့ပူး ပေါင်း လျက်၊ မိုး ဦး အခါများ တွင်ဝမ်း ရောဂါမဖြစ်စေရန် ရေကန်တွင်းသန့်ရှင်း ခြင်း ၊ ဆေး များ ခတ်ခြင်း၊ ယင်နားစားများ ရှောင်ကြဉ်ရန်စသည့်ကျန်း မာ ရေး ပညာ ပေး မှုများ ပြုလုပ် ပေး လျက်ရှိ ပေသည်။ ဆောင်း ရာသီအခါများ တွင် ပုလိပ် ရောဂါ မဖြစ်ပွား ရန်ကြိုတင် ကာကွယ် ဆေး များ ထိုး ပြီး ၊ တရွာ လုံး မှအိမ်တိုင်း ပါ ဝင် သော ကြွက်ပိုက်ပွဲ၊ ကြွက်နှိမ်နင်း သုတ်သင်ပွဲများ စု ပေါင်း ပြုလုပ် လျက် ရှိ ပေသည်။ ရွာထဲတွင်အကယ်၍အိမ်သာမရှိ သေး သော အိမ်များ ရှိ ပါကလည်း ပညာ ပေး လျက် အိမ်သာပြုလုပ် နိုင်း လျက်ရှိ ပေသည်။

ရပ်ရွာအား ကစား အနေဖြင့်ကား ၊ ဒိဇာဘာအား တစား လအခါများ တွင်၊ ရွာအလိုက်စု ပေါင်း အား တစိုက် လှုပ်ရှား မှုများ ပါ ဝင်လုပ် ဆောင်ကြ၏။ အမျိုး သား လူလတ်ပိုင်း များ အနေနှင့်ဘောလုံးကန် ခြင်း ၊ ဘော်ဘီ ဘောပုတ်ခြင်း များ ပြုလုပ် လေသည်။ တခါတရံအခြားရွာ နှင့်ချိန်း လျက်၊ အပြိုင်အဆိုင်ကစား လေ့ရှိ ပေသည်။

တရွာ လုံး ၏ကျန်း မာ ရေး အား ခြုံ၍ အခြား ရွာများ နှင့်နှိုင်း ယှဉ် လေ့လာ သုံး သပ် သော်၊ ဆည် ပေါက်ရွာတွင်အများ အား ဖြင့် ၊ ကျန်း မာ ရေး အသိပညာ များ ပိုမိုမြင့်မား လျက် ပိုမိုသန့်ရှင်း သပ်ယပ်စွာ နေထိုင်တတ်ခြင်း တို့ကြောင့် ကျန်း မာ ရေး ပိုမို ကောင်း မွန်လျှက် ရောဂါ ဘယနည်း ပါး ပြီး သေဆုံး မှု မှာလည်း အထူး နည်း ပါး လှ ပေသည်။ တနှစ်လျှင် တရွာလုံး တွင် ၁ဦး ၂ဦး ခန့်သာ သေဆုံး ပြီး၊ သေဆုံး သူများ မှာအများ အား ဖြင့် သက်ကြီး ရွယ်အိုများ နှင့် ၁နှစ်အထက်ကလေး များ သာဖြစ် ပါ သည်။ သက်ကြီး ရွယ်အိုများ သည် လူကြီး နာတာရှည် ရောဂါ၊ အဟာရချို့တဲ့ ၍

ဖြစ်သော ကိုယ်ဆောင်ရောဂါ စသည်တို့ဖြင့် သေဆုံးလျက် ၁ နှစ်အထက်ကလေး များမှာ အဆုတ်အအေးမိရောဂါဖြစ်၍ သေဆုံးမှု လျော့ကျသွားပေသည်၊ ယခင်က ရှိခဲ့သော ငှက်ဖျား၊ ပုလိပ်၊ ဝမ်း၊ မျက်ခမ်းစပ် စသည့်ရောဂါများမှာ ယခုအခါတွင် အစိုးရ ကျန်းမာရေးဌာန စီမံကိန်း လုပ်ငန်းများကြောင့် မရှိတော့သလောက် နည်းပါးသွား၏။ ဆည်ပေါက်ရွာ ကျန်းမာရေးဌာနအနေဖြင့်၊ ရွာနေများ အတွက်အများသုံး ပေးသုံးရသော ဆေးများမှာ၊ ထရစ်ပယ်ဆာလ်ဖာ( **TRIPLE SULPHUR** )၊ အေ၊ ပီ၊ စီ( **APC** )၊ ကိုဒါနင်(**CODANIN** )၊ အအေးပျောက်ဆေးပြား ( **COLD TABLET** ) ဘားပလက်( **BURPLEX** )၊ ဖါးကြီးဆီ၊ ဝမ်းပိတ်ဆေး၊ ဝမ်းကိုက်ပျောက်ဆေး၊ သံကျဆေးများဖြစ်၏။ သာမန်ဖြစ်တတ်သော ရောဂါများမှာ၊ လူကြီးများတွင် အစာရချို့တဲ့၍၊ သွေးအားနည်းခြင်း၊ အအေးမိခြင်းများဖြစ်ပြီး၊ ကလေးငယ်များတွင် ဝမ်းပျက်၊ ဝမ်းကိုက်ရောဂါများ တခါတရံဖြစ်တတ်လေသည်။

ယခုနှစ်အတွင်း သေဆုံးသူများအနက် ကိုစံစင်(အသက် ၄၀နှစ်)သို့သူ သစ်တောအမှုထမ်းသည် အစာအိမ်ရောဂါဖြင့်၄င်း၊ ကိုလှထိန် (အသက်၄၀ နှစ်)လက်သမားသည် စီးပ်ဆောက်ရင်း လိမ့်ကျပြီး ခါးကျိုး၍၄င်း၊ ဒေါ်သက်ရှိုင်သို့သူ အမှို ရိုတဦးသည် လူကြီးရောဂါဖြင့်၄င်း၊ သေဆုံးသည်ကို တွေ့ရ၏၊ ဤတွင်အခြားရွာများနှင့်စာလျှင် လူအသေအပျောက်နည်းပါးမှုကြောင်း ဆည်ပေါက်ရွာတွင် တွေ့ရှိရပေသည်။

ကိုယ်ဝန်ဆောင်မိခင်များ အနေနှင့်လည်း၊ ကျန်းမာရေး အသိတရား ရှိရာဖြင့်၊ သန္ဓေတည်စတင်ကတည်းကပင်၊ ရွာရှိအစိုးရသား

ဖွား ဆရာမအား မြသအစ်နှံလျက် မွေး ဖွား ပြီး သည့်တိုင် အောင်ဆရာမ နှင့်တိုင်ပင် မွေး နေ့ ဂရုပြုလေ့ရှိပေသည်။ တခါတရံဆရာမ ခရီးဝေး သွား နေ ထိုင်နှင့်ကြုံလျှင် ရွာ ရှိလက်သယ်ဖြင့် မွေး ဖွား သည်။ ရွာထွင်လက်သယ် ၂ ဦး ခန့်ရှိရာတခါတရံ မှသာလိုက်လံ မွေး ဖွား ပေး ရ၏။ ထို ကြောင့် သော ကြောပျက်စီး မှုမရှိသ လောက်ဖြစ်၏၊ သည့် ပေါက်ရွာထွင်တနှစ်လျှင်တ လေး ပေါင်း ၄၀ ခန့် မွေး ဖွား ရာ၊ အမွှာပူး ၃ -၄- ဦး ခန့်နှစ်တိုင်း ပါပြီး ၊ သား ဦး ၆ ယောက်ခန့်အမြဲပါလေသည်။ သည့် ပေါက်ကျန်း မာ ရေး ဌာနမှ ထိုက်ဝန် ဆောင်မီစင်များ နှင့် မွေး ဖွား ပြီး ၁ နှစ်အ တက်က လေး များ အတွက်၊ တ နေ့လျှင် ၁ အောင်စ နို့ဖြင့်၊ နို့ မှုန့်၊ ဓါ တြူး ဆီ၊ ဆေး များ နှင့်ကျန်း မာ ရေး ပညာ များ ကိုလည်း ပေး လျှက် ရှိ ပေသည်။

ကျန်း မာ ရေး တွင်၊ ရွာရှိမြန်မာ ဆေး ဆရာ များ ဖြစ် သော ဦး သာ ရှင်( မီး ယပ် ရော ဂါ အထူး ကု )၊ဦး တံ ဝ ( သူငယ် နာအထူး ကု)၊ ဒေါ်တင်မြ ( သူငယ်နာ အနာ ပေါက်အထူး ကု ) ဝ သည့် ၃ ဦး တို့ကိုလည်း ၊ အခါအား လျော်စွာသုံး စွဲကြ ကြောင်း လေ့လာ တွေ့ရှိ ရ လေသည်။ သည့် ပေါက်ရွာ နေသူ များ အ နေနှင့်၊ ၄င်း တို့၏ကျန်း မာ ရေး အတွက် အ ထိုး ရ ဆေး ခန်း ၊ ကျန်း မာ ရေး အမှုထမ်း များ နှင့် ဆေး ဝါး များ ကိုအထူး သဖြင့် ၁၉၆၂ ခုနှစ် နောက်ပိုင်း မှ စ၍ ပိုမိုယုံ ကြည် အား ကိုး လာကြခြင်း ကြောင်း။ ကျန်း မာ ရေး အခြေအ နေ များ အထူးကောင်း မွန်လာ ကြောင်း လေ့လာ တွေ့ရှိရ ပေသည်။

## (၃) ပညာရေး

ဆည်ပေါက်ရွာ နေသူများသည် ယခင်ရွာဟောင်းတွင်နေစဉ်နှင့် ၁၉၆၂ ခုနှစ်မတိုင်မီက ငွေရှင် အရင်းရှင်များ၏အယူအဆအရ ပစ္စည်းဥစ္စာချမ်းသာရေး သာအဓိကထားယူဆလျက် ငွေရရေး အတွက်သာ ၊ အားခဲကြိုးစားခဲ့ရာ ပညာသင်ရန်အတွက် လိုလားမှု အားထားယုံကြည်မှုမရှိခဲ့ပေ။ အချို့မှာလည်း ဈေးတောင်းစားအယူအဆအရ လောဘတူမှုရှာ ပညာကိုသာ သင်ယူလေ့ရှိပေသည်။ အချို့ အသိအမြင်ရှိ၍ အခြားမြို့ရှိ ခေတ်ပညာသင်ကြားရာ ကျောင်းများသို့ သွားရောက်သင်ကြားခြင်းဖြင့် 'ရ'တန်း အထိ လောက်သာအောင်ပြီး ဆက်လက်သင်ယူသူမရှိခဲ့ပေ။ 'ရ'တန်းအောင်သူမှာလည်း ရှား ပါး ပြီး တရွာလုံးတွင် ၁၀ ဦး ခန့် ရှိသာရှိ၏။ 'ရ'တန်းအောင်ပြီး သူများ မှာလည်း မြေတိုင်း စာရေး ၊ ကျောင်းဆရာစသည့် အလုပ်များကို ဝင်ရောက်လုပ်ကိုင်လေ့ရှိကြ၏။ ဤသို့ဖြင့်ပညာသင်ကြားရာ တွင်လည်း အစိုးရအလုပ်လုပ်နိုင်ရန်နှင့်ငွေရ ရန်အတွက် လောက်သာဦး တည်ခံယူခဲ့ကြပေသည်။ သို့သော် ၁၉၆၂ ခုနှစ် နောက်ပိုင်းတွင်ကား ဆိုရှယ်လစ်စနစ်နှင့်အညီလုပ်ကိုင်း လုပ်ကိုင်း ကိုင်း မြည်အတွက် ကြိုးစား အလုပ်လုပ်ရမည်၊ မိမိတို့ကာယဉာဏစွမ်းအား လုပ်အား အရအကျိုး ခံစားနိုင်ခွင့် ရှိသည်၊ ငွေရှင်အရင်းရှင်စနစ်၊ ခေါင်းပုံဖြတ်စနစ်မရှိစေရ၊ စသည့် သဘောတရားများကိုမြင်တွေ့လာခဲ့ပေသည်။ ကာယဉာဏစွမ်းအားများ ကိုပိုမိုအားကိုး ယုံကြည်လာခဲ့ပေသည်။ သို့အပြင် ကျောက်ဉာဏစွမ်းအား အသိတရား ပိုများလာရန်ပညာရေး ကိုပိုမိုလိုက်စား လာ မိဘများ အနေနှင့်လည်း အတတ်နိုင်ဆုံး ကြိုး စား ပြီး မိမိတို့သား သမီး မြေး မြင်း များ အား ခေတ်

ပညာများကိုအားတက်သရော ပိုမိုကြီးစွာ သင်ယူစေခဲ့ပေသည်။ ထို့ကြောင့် ယခုလက်ရှိတရွာလုံး၏ပညာရေး အခြေအနေကိုသိရှိနိုင်ရန်၊ ယေဘုယျအားဖြင့် အောက်ပါဇယားတိုင်း ၂ ချိုး ခွဲခြား ဖော်ပြလိုပါသည်။

<u>(က) လောကုတ္တရာပညာ။</u> ။ဆည်ပေါက်ရွာနေသူများသည် ဆည်ပေါက်ရွာဟောင်း၌ နေစဉ်ကနှင့်ရွာသစ်ရောက်ပြီး ၁၉၆၀ ခုနှစ်ခန့်အထိ တွင်ပညာသင်ယူသူများမှာ၊ လောကုတ္တရာပညာကိုသာ အများအားဖြင့်သင်ယူခဲ့ကြလေသည်။ ထို့ကြောင့် ယခုရွာသစ်တွင် ရှိ လူကြီးပိုင်းနှင့်လူလတ်ပိုင်း အသက် ၄၅ နှစ်အထက်များသည် အများအားဖြင့် လောကုတ္တရာစာကို အနည်းနှင့်အများ တတ်ကျွမ်းနားလည်ကြလေသည်။ လောကုတ္တရာစာကိုရွာ၌ရှိ ဘုန်းတော်ကြီးကျောင်းများတွင် ငယ်စဉ်က ကိုရင်ဝတ် ရဟန်းဝတ်ဖြင့်သင်ကြားခဲ့၍၎င်း၊ အချို့မှာ၊ မြင်းခြံ၊ မန္တလေး၊ စသည့်မြို့များ၌ ဘုန်းတော်ကြီးကျောင်း၊ စာသင်တိုက်များသို့ ကိုရင်ဝတ် ရဟန်းဝတ်အဖြစ်ဖြင့် သွားရောက်နေထိုင်သင်ကြားခဲ့၍၎င်း၊ တတ်မြောက်ခဲ့ကြလေသည်။ ထို့ကြောင့် ဦးတံမင်း၊ ဦးရွှေထင် စသည့်ပုဂ္ဂိုလ်အချို့မှာ တား၊ ဓမ္မာစရိယဘွဲ့ရများအထိပင် တတ်ကျွမ်းပြီး၊ ရဟန်းဘဝမှလူထွက်လာသောအခါ ရွာ၌ အမျိုးသား၊ အမျိုးသမီးများကို ဗုဒ္ဓဘာသာ လောကုတ္တရာစာပေများကိုသင်ကြားပေးနိုင်ခဲ့လေသည်။ ထို့ကြောင့်ရွာ၌အမျိုးသမီးများမှာလည်း၊ ပရိတ်ကြီး၊ နမက္ကာရ စသည့်လောကုတ္တရာစာများကို အသင့်အတင့်တတ်ကျွမ်းကြပြီး၊ အချို့မှာ လောကုတ္တရာ မင်္ဂလာစာမေးပွဲများကိုပင်ဝင်ရောက်ဖြေဆိုအောင်မြင်ခဲ့လေသည်။ ဥပမာ-ဦး၊ ခင်မောင်၏သမီး မချမ်း ဆိုသူနှင့် ပခင်စန်း ရိ ဆိုသူတို့သည် ကျောက်ပန်းတောင်း

မြို့နယ်တခုလုံး မင်္ဂလာစာပြန်ပွဲတွင် ပထမရခဲ့သူ လေသည်။ အမျိုးသမီးများ တွင် သီလရှင်ဝတ်၍ လောကုတ္တရာ စာကိုသင်ယူခဲ့သူများ တွေ့မြင်ခဲ့ပေ။ ထို့စဉ်က လောကုတ္တရာစာပေသင်ကြား ခဲ့၍အနည်း နှင့်အများ တတ်မြောက်ခဲ့သောလူကြီး ပိုင်း (အသက် ၇၀ ခန့်) ယောကျာ်း ၊ မိန်းမများ မှာ ယခုအခါ၊ ရွာထဲဓမ္မာရုံ၌ ညစဉ်ဝတ်ရွတ်၊ ဝတ်တက် လေ့ရှိပေသည်။ လူငယ် အမျိုး သမီး များ ကား ၊ ဝတ်ရွတ်၊ ဝတ်တက်သူ အထူး နည်း ပါး နေသေး၏။ ဤတွင် ညောင်တံရွာ၌ကား ၊ အမျိုး သမီး ဝတ်ရွတ်အသင်း ၊ ဓမ္မ စကြာအသင်း တွေ့ ထား ရှိလျှက်ဘာသာ ရေး ဆိုင်ရာဗုဒ္ဓဘာသာ ၊ မင်္ဂလာ နေ့ထူး နေ့မြတ်အခါများ တွင် ဓမ္မစကြာကိုရွတ်ဘတ် ပေး လေ့ရှိပေသည်။ ဆည်ပေါက်ရွာ နေသူများ တွင်လူကြီး ပိုင်း သည် လောကီပညာတွင်လည်း ၊ ဗေဒင်၊ ယတြာ၊ ဆေး ကုမ်း စသည့်တို့ကိုအနည်း နှင့်အများ နား လည်ကြ ပေသည်။ ယခု အသက် ၄၀ ပတ်ဝန်း ကျင်ရှိအမျိုး သား၊အမျိုး သမီး ၉၀ ခန့်မှာကား ရွာ ဟောင်း တွင် နေ့စဉ်စီး ပွါး ရေး ကိုပါဝင်ကူညီ နေရ၍၎င်း ၊ သား သမီး အကြီး ဆုံး သို့မဟုတ် အငယ်ဆုံး ဖြစ်၍ မိဘကိုကူညီ နေရခြင်း ကြောင့် ၎င်း ၊ လောကုတ္တရာစာပေကိုမှ မသင်ကြား ဖြစ်ခဲ့ဘဲ၊စာလုံး ဝမတတ်ကြ ပေ။ (၎င်း တို့အား ၁၉၇၁ ခုနှစ်တွင်အစိုး ရ၏ "အ" သုံး လုံး ပညာ ရေး စီမံကိန်း ဖြင့် သင်ကြား ပေး မှု ကြောင့် အား လုံး စာတတ် မြောက်သွား ကြလျှက်၊ ယခုတိုင် ဆက်လက်ဘတ်ရှု လေ့လာလျှက်ရှိကြ ပေသည်)။

(ခ) ခေတ်ပညာ။ ။ ဆည်ပေါက်ရွာ နေသူတို့သည်၊ အထူး သဖြင့် ၁၉၆၂ ခုနှစ် နောက်ပိုင်း မှစ၍ ခေတ်ပညာကိုအထူး အရေး ထား သင်ကြား လာကြ ပေသည်။ မိဘများ အနေနှင့်လည်း မိမိတို့၏

သားသမီး များ အား ၊ အထူး အား ပေး လုပ်သင်ကြား စေ၏။ ထို့ကြောင့်
ရွာရှိ ၉၁% မှ သော ကလေး များ သည် ကျောင်း နေနိုင်ကြပြီး ၊ ၁% မှ
သော စီးပွား ရေး ချို့တဲ့မှုများ လောက်သာ ကျောင်း မ နေနိုင်ကြ ပေ။ ကျောင်း
သား များ မှာလည်း ၊ စာ ပေကိုလိုလား၍ ရွာအထူး ကြိုး စား သင်ကြား ကြ လေ
သည်။ ဤရွာရှိ မူလတန်း ကျောင်း မှ အောင်မြင်ပြီး သောအခါ အလယ်တန်း
ပညာ နှင့်အထက်တန်း ပညာ များ ကိုအနီး ပါတ်ဝန်း ကျင်ရှိ၊ အနီး ဆုံး ၃-၄
မိုင်ဝန်းဝေး သော ကျောက်ပန်း တောင်း မြို့၊ လက်ပံပင်ရွာ၊ အနော်ရထာ
တပ်စခန်း စသည့်တို့ရှိအထက်တန်း ကျောင်း ၊ အလယ်တန်း ကျောင်း များ သို့
အသွား အပြန် ခြေလျင်သွား ရောက်လျှက်သင်ကြား ကြရ လေသည်။ ခြေလျင်သွား
ရာတွင်အသွား အပြန် မော်တော်ကား ခရီး ၁၀ ခန့်ကို ငှား စီးဘို့ စီး
ပွား ရေး အခြေအ နေများ အရ၊ နေ့စဉ်အကုန်မခံနိုင် ပေ။ ထို့ကြောင့်တလ
လျှင် ၁၀ ရက်ခန့်ကား စီးပြီး ၊ ကျန် ရက် ၂၀ ခန့်မှာ ခြေလျင်သွား ရ
လျှက် ပညာ သင်ရ လေသည်။ ရွာရှိအစိုးရ မူလတန်း ကျောင်း ၌လည်း ၊ ဆရာ
ဆရာမ များ က ကြိုး စား သင်ကြား ပြသမှုနှင့် ကျောင်း သား များ က ကြိုးစား
သင်ယူမှုတို့ ကြောင့် မူလတန်း တွင်၊ ဂုဏ်ထူး များ ဖြင့်ထူး ချွန်စွာ အောင်မြင်ကြ
သည့်ပြင် ကျောက်ပန်း တောင်း မြို့နယ်တခုလုံး တွင်၊ မူလတန်း စာ မေး ပွဲ အောင်
ချက်စာရင်း အ ကောင်း ဆုံး ဆုကို ၁၉၇၀-၇၁- ခုနှစ်တရရှိခဲ့ဘူး လေသည်။
ဤရွာ သည် ပေါက်ရွာ မူလတန်း ကျောင်း ၏ မူလတန်း အောင်ချက်ရှုံး များ ကို
မကြာ မှီ နှစ်များ အတွက် ဖော်ပြရပါမူ၊ အောက်ပါအတိုင်း တွေ့ရှိရ၏။

၁၉၆၉-၇၀ တွင် ၁၃ ယောက်ရှိရာ၊ ၁၁ ယောက် အောင် ။

၁၉၇၀-၇၁ တွင် ၁၂ ယောက်ရှိရာအားလုံး အောင် ။

၁၉၇၁-၇၂ တွင် ၁၅ ယောက်ရှိရာအားလုံး အောင် ။

(မသိန်းမြမြန်မာစာဂုဏ်ထူး ၇)

၁၉၇၂-၇၃ တွင် ၁၂ ယောက်ရှိရာ၊ ၁၀ ယောက် အောင်။

---

တရွာလုံးတွင်ယခုလက်ရှိ ၁၉၇၃ ခုနှစ်တွင် ကျောင်းတက် ပညာသင်နေသူဦးရေစာရင်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

---

| | ကျောက်ပန်းတောင်း အထက ။ | အနော်ရထာ အထက ။ | လက်ပံပင် အထက |
|---|---|---|---|
| ၁၀တန်း ။ | ၅ ဦး ။ | - | - |
| ၉တန်း ။ | ၁၅ ဦး ။ | - | - |
| ၈တန်း ။ | ၅ ဦး ။ | - | ၅-ဦး |
| ၇တန်း ။ | ၁၀ ဦး ။ | ၆ ဦး | ၄-ဦး |
| ၆တန်း ။ | ၇ ဦး ။ | ၅ ဦး | ၃-ဦး |
| ၅တန်း ။ | ၁၅ ဦး ။ | ၅ ဦး | ၃-ဦး |

သည့်ပေါက်ရွာမူလတန်းကျောင်းတွင်-

၄တန်း - ၁၃ ဦး ။ ၁ တန်း -၃၄ဦး

၃တန်း - ၂၇ ဦး ။ သူငယ်တန်း -၇၈ဦး

၂တန်း - ၄၂ ဦး ။

ဆည်ပေါက်ရွာ၏ ဘုန်းတော်ကြီးကျောင်း ၂ ကျောင်း (ဦးဇနိန္ဒ ကျောင်း၊ ဦးတိက္ခ ကျောင်း) တွင်လည်း၊ ဘုန်းတော်ကြီးအား အလုပ်အကျွေး ပြုရန်ထားသော ရွာမှ ကလေး ၁၀ ဦး ခန့်စီရှိရာ၊ ၎င်းတို့အား ကျောင်းချိန်တွင်အစိုးရ ကျောင်းများ၌ ကျောင်းတက်စေပြီး၊ ကျန်အချိန်တွင်မူ၊ ဘုန်းတော်ကြီး ကိုယ်တိုင်နှင့် ဘုန်းတော်ကြီးထံ နေသော ၇တန်း၊ ၈တန်း ကျောင်းတက်နေသော အတန်းကြီး သားများက မူလတန်း ပညာ၊ သင်္ချာ၊ မြန်မာစာ နှင့် လောကုတ္တရာစာပေ များကိုတွဲဖက်သင်ကြား ပေး လျှက်ရှိပေသည်။

ဆည်ပေါက်ရွာမှလူငယ်များသည်၊ အထူးသဖြင့် ၁၉၆၂ ခုနှစ်၊ နောက်ပိုင်း မှစ၍ပညာကိုလိုလားစွာ ခက်ခက်ခဲခဲကြိုးစား သင်ယူလာကြရာ၊ အဆင့်ဆင့်အောင်မြင်ပြီး၊ အစိုးရတာဝန်အသီးသီး ကိုပင် ထမ်းဆောင်လျှက်ရှိပေသည်။ ၎င်းတို့မှာ -

(၁) ကိုသန်း (ဝိဇ္ဇာဘွဲ့ရ) မန်နေဂျာ၊ သစ်လုပ်ငန်း ဌာန။

(၂) ကိုတင်ထူး (ဝိဇ္ဇာဘွဲ့ရ) ဗိုလ်ကြီး ။

(၃) မမြမြ (ဝိဇ္ဇာဘွဲ့ရ) အလယ်တန်းပြဆရာမ။

(၄) ကိုကံထွန်း (ဝိဇ္ဇာဘွဲ့ရ) ကျောင်းဆရာ ။

(၅) ကိုမြသန်း (ဝိဇ္ဇာဘွဲ့ရ) ကျောင်းဆရာ ။

(၆) ကိုထွန်းရွှေ (စက်မှုဒီပလိုမာဘွဲ့ရ) အင်ဂျင်နီယာ။

(၇) ကိုတင်ဦး (၁၀တန်း အောင်) လူဝင်မှုအရာရှိ။

(၈) ကိုမောင်ကို (၁၀ တန်း အောင်) စက်မှုလယ်ယာအမှုထမ်း စသည်တို့ဖြစ်ပေသည်။

သည် ပေါက်ရွာ နေလူငယ်များ ထွန်းမှုလတန်း ပညာမှအလယ် တန်း ပညာအထိတက် ရောက်အောင်မြင်ပြီး ၊ ၄င်း တို့ဝိဘက်စီး ပွါး ရေး အမြဲအနေအရ၊ ကျောင်း ဆက်မ နေနိုင် တော့ဘဲ၊ ကျောင်း ထွက်၍ ဝိဘက်စီး ပွါး ရေး တိုပါဝင်လုပ် ဆောင် နေရသူများ လည်း ရှိပေသည်။ ဥပမာ- ကျဘန်း လုပ်ကိုင်စား ရသူ ဦး တံရင် ၏သူ့သား မောင်မြင့်သိန်း (၁၀ တန်း ကျောင်း သား ) သည် ပညာ တော် သော်လည်း ၊ စီး ပွါးရေး အရ ကျောင်း ဆက်မ နေနိုင် တော့ဘဲ၊ ၉တန်း အောင်ပြီး ၁၀တန်း ထွင် ကျောင်း ထွက် နေရ၏။ အခြား ၄-၅- ယောက်မှာလည်း ၇တန်း ၊ ၈တန်း အသီး သီး မှထွက် နေကြရ၏။ ၄တန်း အောင်ပြီး ကျောင်း ဆက်မ နေနိုင်သူ တနှစ်လျှင် ၂ ဦး ခန့်ရှိ၏။ ကျောင်း စရိတ်မ ပေး နိုင်သဖြင့်၊ ရွာ၌မူ လတန်း ကျောင်း တိုပင်မတက်ဘဲ နိုင်သောမိသား စုများ ရှိပေသည်။ ၄င်း တို့မှာ (၁) ဦး ဘသိန်း ၊(၂) ဦး လေး တင်၊ (၃) ဒေါ်မတလေး (၄) ဒေါ်စင်ရွှေ တို့ဖြစ်၏။ ၄င်း တို့သည် ရွာ မူလ တန်း ကျောင်း စရိတ် အ ဖြစ်-

| | | | | |
|---|---|---|---|---|
| တနှစ် | ထွက်သတန်း | ကျောင်း | သား အတွက်- | ၅/ ခန့်။ |
| - | ၂ | - | - | -၁၀/ ခန့်။ |
| - | ၃ | - | - | -၁၅/ ခန့်။ |
| - | ၄ | - | - | ၂၀/ ခန့်။ |

ထိုပင်ကျခံ၍သား ၊ သမီး များ အား ကျောင်း ထား ပေး နိုင်ခြင်း မရှိ ပေ။ သည် ပေါက်ရွာ နေသူများ အညှိပညာ ရေး ထွန်းသား နိူမတုက်သမီး တို့၌ခြား နား ခြင်း မရှိဘဲ၊ ဥာဏ်ရည်သာ သူတိုးသာ သလိုဆက်လက်ကြိုး စား သင်ကြားပေး

လှူ၍ ပေးသည်။ ဆည်ပေါက်ရွာတွင်စာမတတ်သူလူကြီး ပေါင်း ၁၉၇၁ ခု နှစ်မတိုင်မီက ၉၀ ခန့်ရှိရာ၊ ၎င်းတို့မှာ အများ အား ဖြင့်အသက်၄၀ ခန့်ပါတ်ဝန်း ကျင်ရှိပြီး ၊ ရွာ ကျောင်း အမွေခံစာမတတ်သူများ ဖြစ်၍၊ အစိုးရက ယခုမှ `အ` သုံး လုံး စီမံကိန်း ဖြင့်သင်ကြား ပေး ရာ၊ အား လုံး တတ် မြောက်သွား ကြပြီး ၊ ယခုတိုင်အောင် လိုလား ရွာဆက်လက် ဖတ် ရှုလေ့ လာ နေကြ ပေ သည်။ အစိုး ရ၏ `အ` သုံး လုံး ပညာ ရေး စီမံကိန်း တွင်၊ လုပ်အား ပေး ရောက်ရှိလာကြ သော၊ အခြား ရပ်ရွာမှတက္ကသိုလ်လုပ်အား ပေး များ အား ၊ ရွာမှ ပြုစုကူညီသည့်ပြင်၊ ရွာမိ၊ ရွာဖ များ နှင့်ရွာ ခံ၊ ၈တန်း ၉တန်း ၁၀တန်း ကျောင်း သား ၃၀ ခန့်နှင့်အမြဲတန်း ဆရာတဦး ပါဝင်ရ ပေါင်း ကူညီလုပ်အား ပေး လျက်၊ အောင်မြင် စေရန်အား စိုက် ကူညီခဲ့၏။ ရွာလျှင်လျှပ်စစ်မီး ရှိသော ၁၂ အိမ်ခန့် ကလည်း၊ လျှပ်စစ်မီး ကူညီထွန်း ပေး ကြ၏။ အား လုံး ညှိ့ခံကုန်ကျစရိတ် များ ကို လည်း ၊ အိမ်တိုင်း အလှူ ကျ ပေး ကြ လေသည်။ ၁၉၇၁ ခုနှစ်၊ နွေရာသီ `အ `သုံး လုံး ကြေငြာပွဲ ကျင်းပသို့ဖွင့်လှစ် ပေး ခဲ့သော ဆည် ပေါက် ရွာ မှ၊ မူလတန်း ကျောင်း အုပ် ဦး ထွန်း မောင် စပ်ဆိုထား သော၊ အောက်ဖော် ပြပါ အဖွင့်သီး ချင်း ကို လေ့လာ ကြည့်ပါက၊ ဆည် ပေါက်ရွာ နေသူများ ၏အာ ရည်အ ချင်း၊ သဘောတရား ခံယူ ချက်နှင့်ကူညီ ဆောင်ရွက်မှုအ လေ့အထ အသိ သဘာဝများ ကိုထင်ရှား စွာ တွေ့မြင် နိုင် ပေသည်။

## ၁၉၇၁ ခုနှစ် နွေရာသီ 'အ' သုံးလုံး ကျောင်းတန်း ဖွင့်ပွဲသီချင်း

နို့လှငယ် မောင်မယ်တွေ—ညီညာ စေ၊ ညီကြပါပေ၊ ညီသလေ့၊ ညီသလေ့၊
စာမတတ်ရင်လေ တိုင်းပြည်အထွက်၊ အနှုတ်လက္ခဏာပြ ပေ၊ စာတတ် ရင်လေ
တိုင်းပြည်အထွက်အ ပေါင်း လက္ခဏာအသွင် ဆောင် ပေ၊ အဲဒါကြောင့် ပြည်တွင်း
အင်အား နို့လယ်သမား တွေ၊ ပြည်ပွင့်း အင်အား နို့လုပ်သား တွေ၊
ညီညာ စေ၊ 'အ' သုံး ကျေစေခန်း ၊ မသွေတမ်း သင်တန်း တက်ကြ လေ။

ညောင်ကန်၊ ဆည် ပေါက်၊ အနေဝတ်ကအင် ချောင်း မကျန် ပေ၊
စပြစ် မြေတဝှမ်း ၊ ဓါဖတ်သံ တွေဟွမ်း ကြ စေ၊ ဝါဂွမ်း ၊ သစ် တောတ သော
သောညှိ စေ၊ နာရီဝှစ်ဆယ် စာတတ်ရမယ် လေ။

မ ကျိုး ထုရင်း ဖတ်နိုင် ပေ၊ ထန်း လျက်ချိုရင်း ရေး နိုင် ပေ၊
စပြစ်ခူး ရင်း တွက် နိုင် ပေ၊ ကျိုး စား ကြ လာ— ဟိုး ပွဲ ရမ လေ၊ အ
မျိုး သား ရေး ပေ၊ 'အ ' သုံး လုံး ကျေ။

အ ရေး၊ အ ဖတ်အတွက်၊ သွက်သွက်လက်လက်၊ ထက်ထက်မြက်မြက်
ဆက်ဆက် လေ့ကျင့်ကြပါ လေ၊ 'အ ' သုံး လုံး ကျေ။ မီး ပွိုတဲ့သူ တွေထုညီကြမယ်ပေ၊
စာတတ်တဲ့သူ တွေလုပ်အား ပေး ကြ ပေ၊ ကော်မတီ တွေကြီး ကြပ်ကြ ပေ၊ သင်တန်း
သား တွေကြိုး စား ကြ ပေ၊ သူ့ထက် ငါ့အရင် ဦး ဆုထူးရွှေနိုင် စေ၊ နာရီဝှစ်ဆယ်
စာတတ်ရမယ် လေ။

ဆည် ပေါက်ရွာထွင်စာကြည့်တိုက်အဖြစ်အဆောက်အဦး အတိအကျဖွင့်မြှုလှုပ်ထား ခြင်း မရှိသေး ပေ၊ သို့သော် ၁၉၅၀-ခုနှစ်ကစပြီး ၊ ရွာ၏မူလတန်း ကျောင်း အုပ် ဦး ထွန်း မောင် ကား တမ တထ ပြုလျက်၊ ရွှေ့သို့၊ လမ်း စဉ် ဂျာနယ်၊ ကူငယ်ဂျာနယ်၊ ရှစ်ရုံ မဂ္ဂဇင်း မှ စ၍ သတင်း စာ များ အထိ၊ ဘတ်နိုင်သ၍ ရွာ ရွှေ့ဝယ်ယူရ ဆောင်ပြီး ၊ ၎င်း ၏အိမ်တွင် စာကြည့်တိုက်သ ဘော ဖွင့်ထား၊ လျက်ရပ်ရွာလူ များ အား ၎င်း ၌ ဖတ်ရှုခွင့်ပြုထား ပေသည်။ ရွာထွင်သတင်း စာလစဉ် ပေး ယူကြည့်ရှု ၃ ဦး ခန့်ရှိပြီး ၊ ကျန်လူများ မှာ တဆင့်မှတဆင့်၎င်း ၌ကြည့်ရှု ကြရ၏။ အခြား ဂျာနယ်များ ဖြစ်သည့်၊ လမ်း စဉ် သတင်း ၊ ရွှေ့သို့ ၊ လုပ်သား ဂျာနယ်၊ ပါတီ ရေး ရာ၊ ပြည်ထွန်း ပြည်ပ ရေး ရာသတင်း လွှာတို့ကိုလည်း ၊ တဆင့်မှတဆင့်၎င်း ရမ်း ဘတ်ရှုနေကြရ ပေသည်။ ဤသည် မှာ ၎င်း တိုက်တီး ပြိုး ရေး အရ ဓိသား ရစား ဝတ် နေ ရေး အပြင်၊ အဖိုထွက် ငွေအဖြစ်ကိုယ်ပိုင် ဝယ်ယူ၍ ဖတ်ရှုနိုင်ခြင်း မရှိသဖြင့်၊ ဦးထွန်း မောင် ၏ စာကြည့်တိုက်မှ ၎င်း ၊ ရွာမှ အရေးလူများ ဝယ်လာ သော စာအုပ်များ ကို ၎င်း ၊ ကျောက်ပန်း တောင်း မြို့ရှိအသိမိတ် ဆွေ များ ထံမှ၎င်း ၊ ၎င်းရမ်း ၍ ကိုလား ရွာဘတ်ရှုလေ့လာ နေကြရ ပေသည်။

## (၄) နိုင်ငံရေး သဘောတရား တကွ။

**ပစ္စုပ္ပန် နိုင်ငံရေးနှင့် သဘောတရား ခံယူချက်။** ။ဆည်ပေါက်ရွာ နေသူများသည်၊ ၁၉၆၂ ခု နှစ် ရှေ့ပိုင်း အတိတ်ခေတ် နိုင်ငံရေး ဆူစ်ပြည်သူ့ရဲဘော်ပါတီ၊ ကွန်မြူနစ်ပါတီ၊ ဖ-ဆ-ပ-လ၊ တည်မြဲ၊ သန့်ရှင်း စသည့်ဖြင့် ပါတီအမျိုးမျိုး ခေတ်အမျိုးမျိုး တို့ကို ကိုယ်တိုင်ပါဝင်ခံစားလာကြရပြီး၊ မိမိတို့ တွေ့ကြုံသိ ချင်း ရွာသားများ ပင်၊ ထိုပါတီအသီးသီး ထဲသို့ဝင်ရောက်လျက် ခေါင်းဆောင်များ အဖြစ် (ဥပမာ-လက်နက်ချအလင်းဝင် ဦးခင်မောင်၊ ဦးသာမြည့်၊ ဦးနေဝင်း၊ ဦးလှမေ) ပါဝင်လှုပ်ရှားခဲ့ပေသည်။ သို့သော်၊ ၁၉၆၂ ခုနှစ်မတ်လ ၂ ရက်နေ့တွင်ကား တော်လှန်ရေးကောင်စီ တက်ရောက်လာပြီး မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ကို ကြေငြာလျက်၊ သာယာဝ ပြောသော ဆိုရှယ်လစ် လောကသစ်သို့ ချီတက်လာသော အခါတွင်၊ ထိုလက်နက်ချ အလင်းဝင် ခေါင်းဆောင်များ တပပင် ပါတီဝင်ပြီး၊ ပါတီကလပ်စည်းခေါင်း ဆောင်များ အဖြစ် ဦးဆောင်လျက်မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ အားလိုလားစွာ ထောက်ခံအားပေး စည်းရုံးလျက်ရှိကြပေသည်။ တရွာလုံး အနေဖြင့်လည်း၊ အနည်းနှင့်အများ ဆိုသကဲ့သို့ပါတီကို နှစ်သက်ယုံကြည်လိုသည့် အ လျောက်သာ သဘောတရားများကို လေ့လာလိုက်စား လာကြ ပေသည်။ ထို့ကြောင့်ပါတီ စာစောင်များ၊ လမ်းစဉ်သတင်း၊ လုပ်သား ဂျာနယ်၊ ရှေ့သို့၊ သတင်းစာ များ စသည်တို့ကိုဖတ်ရှုလျက် ပိုမိုနားလည်သဘောပေါက်ခံယူနိုင်ရန်ကြိုးစား နေကြကြောင်း လေ့လာ တွေ့ရှိရ ပေသည်။ ဆည်ပေါက်ရွာတွင် ၁၉၇၄ ခု နှစ်အထိ ပါတီဝင် ပေါင်း ၆၀ ဦး ခန့်ရှိပြီး၊ တင်းပြည့်ပါတီဝင်အဆင့်

အထိ ရှိပေသည်။ ပါတီ လျှောက်ထားသူများ လည်း ရှိ၏။ ပါတီ၏ စည်းရုံး လှုပ်ရှားရေး တာဝန်များကို ကျောက်ပန်းတောင်း မြို့ပါတီယူနစ်မှ ဦးစီးလျက် ရွာခံ ခေါင်းဆောင်များ နှင့်ပူးပေါင်း ဆောင်ရွက် လျက်ရှိပေသည်။ ပုပ္ပါး နော်ရထာတပ်စခန်း မှ လည်း တာဝန်ရှိပုဂ္ဂိုလ်များ တအားခါအား လျော်ရွာ လာရောက်စည်းရုံး လှုပ်ဆောင်ပေး လျက်ရှိ၏။ ရွာခံပါတီစည်းရုံး ရေး၊ တာဝန်ခံအဖြစ်ဆည် ပေါက်ရွာ ကျောင်းဆရာ ဦးကြစ်ဆိုသူအား တာဝန်ပေး ထားလျက်၊ ၎င်းအား ရပ်ရွာပါတီကလပ်စည်း ခေါင်းဆောင်နှင့်ပါတီဝင် ရွာသူရွာသား အားလုံး တို့က၊ ဝိုင်းဝန်း ကူညီကြ၏။ ထို့ကြောင့်ပါတီ၏ စည်းရုံး မှု၊ လှုံ့ဆော်လှုပ်ရှား မှုများ အဖြစ်မြှုလှုပ် ဆောပါတီဦး ဆောင်ချီတက်ပွဲများ၊ ဥပမာ– တောင်သူလယ်သမား နေ့၊ အလုပ်သမားနေ့၊ ပြည်ထောင်စုနေ့စသည့်အခမ်းအနားများ ကျင်း၊ ကျောက်ပန်း တောင်း ပါတီယူနစ်၏ ဦး ဆောင်မှုအောက်မှ တက်ကြွရွာပါဝင် ချီတက်လှုပ် ဆောင်လျက်ရှိပေသည်။ ငွေကြေး လိုအပ်ပါကလည်း၊ လိုအပ်သမျှရ ဆောင်း ထည့်ဝင် လျက်ရှိပေသည်။ ကျေး ရွာအုပ်ချုပ်ရေးဆိုက် ပါတီ၏ ထောက်ခံပွဲ၊ စည်း ဝေး ပွဲ၊ ဆွေး နွေး ပွဲများ ကိုလည်း ဆည်ပေါက်ရွာကျောင်းမင်၊ တာဝန်ခံကျောင်း ပမြှုလုပ် ပေး လျက်ရှိ၏။ နိုင်ငံ ရေးစည်း ပုံအခြေခံစည်း မျဉ်း မူကြမ်း ကိုပြည်လုံး ကျွတ်ဆန္ဒခံယူ ထောက်ခံရေး နှင့်ရွေး ကောက်ပွဲများ အောင်မြင်ဆင်မှုများ အဖြစ်လည်း၊ တရွာလုံး အား စည်း ရုံး လှုပ်ရှား ပေး လျက်ရှိပေသည်။ ဤကျင်းအရ ပါတီဝင်တဦး လျှင်လူ ၃၀၀ နှင့်ပါတီ လျှောက်ထား ပြီးသူတဦး လျှင် ကျန်လူ ၁၀ ဦး ခန့်အား တာဝန်ယူ ရှင်းလင်း ပြောပြလျက်၊ စည်းရုံး လှုပ်ရှား နေပေသည်။

ထိုသို့အားဖြင့်၊ ဆည်ပေါက်ရွာနေသူများ မှာတရိန်တာ ရင်းရှင်စံနစ်ကိုအားပေးသော နိုင်ငံရေးပါတီအဖွဲ့ ဖွဲ့တွင်၊ တရွာလုံး အနည်းနှင့်အများ မိမိတို့နှစ်သက်ရာ ပါတီသို့ကိုယ်တိုင်ကိုယ်ကျပါဝင်ကြတ်၊ အရွေ့ရွေ့အပြားပြား လုပ်ဆောင်ခဲ့ကြသော်လည်း၊ ၁၉၆၂ ခုနှစ်မှစ၍ ယနေ့ထိ ဆိုရှယ်လစ်စီးပွါးရေး စနစ်ကိုအကောင်အထည်ဖေါ် ပေးနေသော မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်အား ဦးလည်မသုန် ထောက်ခံယုံကြည်ပြီး၊ ကိုယ်တိုင်ကိုယ်ကျပါဝင်စည်းရုံးလျက်၊ သာယာဝပြောသော ဆိုရှယ်လစ်လောကသစ်သို့၊ အမြန်ဆုံး ရောက်အောင်ချီတက်လျက်ရှိပေသည်။ ချီတက်ရင်းဖြင့်၊ လောလောဆယ် ခေတ်ပြောင်းတော်လှန်ရေး၏ စပါးမက်ထူးကာလ၌ တွေ့ကြုံနေရသော စီးပွါးရေး၊ လူမှုရေး အခက်အခဲများ ကိုကြိုးစား အား ခံလျက် လျင်မြန်စွာ တော်လှန်နိုင်ရန် (၁) နိုင်ငံအပေါ် သစ္စာရှိခြင်း။ (၂) မိမိတို့ ကိုယ်စွမ်း ဥာဏ်စွမ်း ရှိသမျှ အလုပ်ကိုကြိုးစား လုပ်ဆောင်ခြင်း (၃) လူဆိုးမနည်းများ ကိုအတတ်နိုင်ဆုံး ကြိုးပြု နေ့တာခြင်း၊ စသည့်အဓိက လိုအပ်ချက်များ ကို ကြိုးစား ချင့်ချိန်ဖြည့်စွမ်း ပေး လျက်ရှိနေကြောင်း လေ့လာ တွေ့ရှိရပေသည်။

## (၅) ဘာသာရေး နှင့်ရိုးရာ ဓလေ့ယုံကြည်မှုများ။

(က) ဘာသာရေး ကိုးကွယ်ယုံကြည်မှုနှင့် ဆောင်ရွက်ချက်များ။ ။ ဆည်ပေါက် ရွာနေသူများ သည် ဘိုးဘွား စဉ်ဆက်တတည်းကပင်၊ ဗုဒ္ဓဘာသာမြန်မာလူမျိုး များဖြစ်သည့်အလျောက်၊ ဗုဒ္ဓဘာသာကိုသက်ဝင်ယုံကြည်ကြ လေသည်။ လူမှုရေး ဆိုင်ရာ၊ သာရေး၊ နာရေး များကိုလည်း၊ ဗုဒ္ဓဘာသာဓလေ့ထုံးစံအရ သာဆောင်

ရွက် လေ့ရှိ ပေသည်။ ဆိတ်များ တွင် ဗုဒ္ဓရုပ်ပွား ကိုဆိတ်ဦး ခန်း ဌထား လျက်ကိုး ကွယ်ပူဇော် လေ့ရှိပြီး ၊ ဘုရား ရှိခိုး ခြင်း၊ ပုတီးစိပ်ခြင်း ၊ ပရိတ်ရွတ်ခြင်း နှင့် အန္တရာယ်ကင်း ဂါထာ များ ကိုရွတ်ဘတ်သရဇ္ဈာယ်ခြင်း၊ ပြုလုပ် လေ့ရှိပါသည်။ ရွာလယ်တွင်ဓမ္မာရုံတခုတည် ဆောက်ထား ပြီး ၊ ဘုရား ထား၍လျက်နှစ်စဉ်ဘုရား ပွဲ ( ရိုး ရာပွဲ များ တွင် ဖေါ်ပြထား ၏ ) ကျင်း ပကာ၊ ပူဇော်ပြီး ၊ ထိုဓမ္မာရုံတွင်ညစဉ်ရွာလူကြီး များ တဝတ်တက် လေ့ရှိ ပေသည်။ ရွာ၏ဘုရား စေတီအဖြစ်သည့် ပေါက်ရွာအ ဟောင်း အနီး ၌ ၊ တမ္ဘာ့အေး စေတီ ခေါ်သိတဂူဘုရား အား ပူဇော်ပသ လေ့ရှိပြီး ၊ နှစ်စဉ် ဝါဆိုလပြည့်ကျော် ၈ ရက် နေ့နှင့်သီတင်း ကျွတ်လပြည့်ကျော် ၈ ရက် နေ့တို့တွင်ဝါဝင် - ဝါကျွတ် ပွဲအဖြစ်ဖြင့်ဘုရား ပွဲ ( ရိုး ရာပွဲများ တွင် ဖေါ်ပြထား ၏ ) ကျင်း ပ လေ့ရှိ ပေသည်။ ရွာဦး ဘုန်း တော်ကြီး များ အဖြစ်ရွာ၏ တောင်ဘက်တစ်လျက်၌ သောစိဋ္ဌသုခ ကျောင်း ဆရာ တော်ဦး ဇနိန္ဒ နှင့်၊ သည့် ပေါက်ရွာ ဟောင်း ကျောင်း ဆရာ တော် - ဦးတိက္ခ တို့ကိုလည်း ၊ သည်း ကစ်ကိုး ကွယ်ကြ လေသည်။ ယင်း ဘုန်း တော်ကြီး များ အား ရပ်ရွာ၏ဦး ဆောင်သဘွယ်ထား လျက်ကိုး ကွယ်ဆည်း ကပ်ပြီး မိမိတို့ကိစ္စ နှင့်ရပ်ရွာကိစ္စ များ ကိုတိုင်ပင် ဆွေး နွေးလေ့ရှိ ပေသည်။ ဘုန်း တော်ကြီး များ အနေနှင့် လည်း ၊ ခေတ်၏သဘောတရား များ ကို ခံယူလျက်၊ အစစအရာရာတတ် စွမ်း သ၍ အကြံ ပေး ကူညီ လေ့ရှိ ပေသည်။ ရပ်ရွာ မှဆင်း ရဲနွမ်း ပါး သောက လေး များ ကိုလည်း ၊ ဘုန်း တော်ကြီး များ က တ ကျောင်း လျှင် ၁၀ ယောက်ခန့် မှ ကို ခေါ်ယူ ကျွေး မွေး ထား ပြီး ၊ လောကီ လောကုတ္တရာ၏ပေများ ၊ လူမှုရေး ရာ များ ကိုစံနစ်တကျသင်ကြား ပေး ခြင်း ဖြင့်၊ ရပ်ရွာကိုကူညီ

လေ့ရှိ ပေသည်။ ရွာသူရွာသား များ နေထိုင်မ ကောင်း၍၊ မြန်မာ ဆေး များ စား သုံး လိုပါကလည်း ၊ ဆရာ တော်ဘုန်း ကြီး များ က ဆေး များ ရှႅ ကြွလျက်ကုသ ပေး လေသည်။ ရွာ နေများ အ နေနှင့်လည်း ၊ မိမိတို့စီး ပွား ရေး အ ခြေအ နေအရ၊ တတ် နိုင်း သ၍ကြီး ထီး လျက် အလှူငွေအမြတ်ပေး ဦး ထိ များ၊ဆွမ်း ခဲဖွယ်၊ လှူဖွယ်ပစ္စည်း များ ကိုဘုန်း တော်ကြီး များ အား လှူဒါန်း လေ့ရှိ၏။ ဘုန်း တော်ကြီး များ ၏အာ ရုံဆွမ်း ၊ ဆွမ်း ဘုဉ်းပေးဖြစ်ပ ကျောင်း လျှင် ၁၀ နှစ်လို ရွာ မှတ ဘိုက်ဖွင်များ ကတော ဝန်ထုဆွမ်း ပို့လျက်ရှိ၏။ ဘုန်း တော်ကြီး များ အ နေနှင့်လည်း အ ခါ ား လျော် ရွာ ရ ရှိသည့်ဆွမ်း တွမ်း ဖြင့်၊ တင်း တိမ်း ရောင့်ရဲလျက်၊ ခြိုး ခြံ စွာသီတင်း သုံး လျက် ရှိ ပေ သည်။ ရွာ မှ ဆွမ်း ကြီး လောင်း အလှူတော်န်း များ မှရ ရှိသည့်လှူဖွယ်ပစ္စည်း များ ကိုလည်း၊ ဘုန်း ကြီး ကျောင်း ၂ ကျောင်း ဝေမျှယူ လေ့ရှိ၏။ တခါတရံအခြား အ နီးအ နား ရွာ မှသံဃာ များ ကိုပင် ဝေငှ ပေး လေ့ရှိ ပေ သည်။ ဤသည်တို့ကို ထောက်ခြင်း ဖြင့်အညီ ပေါက်ရွာ နေသူများ တွင်ဘုန်း တော်ကြီး များ ကပင်လျှင်၊ ယ နေ့ထိ တက် နေ သောဆိုရှယ်လစ်စံ နစ်၊စပ်ကူး မတ်ကူး ကါလကို၊ လက် တွေ့ကျင့်သုံး အ ကောင်အထည် ဖော်လျက်၊ စဝ်ကူး မတ်ကူး ကါလအာ ခက်အ ခဲတို့ကြုံ စား ပါဝင် ကူညီ နေ ကြောင်း နှင့်ဆိုရှယ်လ စ်အ ခြေခံသ ဘောတရား များ ခံယူထား ၍ ကြောင်း လေ့လာ တွေ့ရှိနိုင် ပေသည်။ ရွာ မှသက်ကြီး ရွယ်အိုများ သည်ဥပုသ် သီတင်း အ ခါ နေ့များ တွင်၊ ထိုဘုန်း ကြီး များ ကျောင်း ၌ဥပုသ်သီတင်း သောက်တည် လေ့ရှိကြ ပေ သည်။ ဓိတွင်း အ ခါများ ၌ သီတင်း နေ့များ တွင် တ ကျောင်း လျှင်ဥပုသ်သယ် ၅၀-၁၀၀ ခန့်ရှိ ပေသည်။ လှူဖွယ်အဖြစ် ငွေး တို့စီး ပွား ရေး အ ခြေအ နေအရ၊ ဆ ား ၊ ကြက်သွန်၊ လ ဘက် ခြောက်၊ ဝဲလျှော်၊

ထန်း လျက်စသည်တို့ကိုသာအများအားဖြင့်လှူဒါန်း နိုင်ပြီး၊ အသိုး ကြီး သောပစ္စည်း များ ဖြစ်သည့်၊ ဝါး ခြောက်၊ သကြား ၊ ဆွမ်း ဆန်စသည်တို့ကိုမူ ကြိုးစား ရှာ ဆောင်း ကာ၊ တခါတရံ မျှသာလှူဒါန်း နိုင်ကြလေသည်။ အသုဘ၊ ပရိတ်နာစသည်တို့တွင် ဘုန်း တော်ကြီး များ အား အခြား ရွာများ မှ ပင့်သို့၊ သင်္ကန်း ကိုအထည်လိုက်ဝယ်၍မ လှူနိုင်ဘဲ၊ သင်္ကန်း ဘိုး ၃-၄ စသည်ဖြင့်သာလှူဒါန်း လေ့ရှိပေသည်။ အကယ်၍ ကန် တော့ပွဲများ တွင်သင်္ကန်း များ၊ လိုအပ်ပါက ဘုန်း တော်ကြီး ကျောင်းမှပင်၊ ခေတ္တငှါးယူပြုလုပ် လေ့ရှိ ပေသည်။ ဆရာ တော်များ ကလည်း သဒ္ဓါကြည်ဖြူစွာ ငှါး ရမ်း ထည့် လေ့ရှိ ပေသည်။ ဆည် ပေါက်ရွာ နေသူတို့တွင် ၎င်း တို့၏ လက်ရှိစီးပွါးရေး အခြေအနေများ အရ၊ ဘာသာ ရေး နှင့်လူမှုရေး ဆိုင်ရာအလှူအတန်း၊ ရှင်ပြု မင်္ဂလာပွဲများ ကိုမိမိတို့၏ စိုက်ပျိုး ရေး ဝင်ငွေအသင့် ပြေ ကောင်း မွန် သောအ ခါမှသာပြုလုပ် နိုင်ကြလေသည်။ ထို့ကြောင့်တရွာလုံး တွင်တနှစ်လျှင် ရှင်ပြုမင်္ဂလာအ လှူပွဲတခုခန့်သာ ရှိပေသည်။ ရှင်ပြုမင်္ဂလာပွဲကိုလည်း သွေးနီး အချင်း ချင်းဖြစ်စေ နီး စပ်ရာဖြစ်စေ၊ စု ပေါင်း လျက် နေ့ဝက်သို့မဟုတ် နေ့ချင်း ပြီး ပြုလုပ်လှူဒါန်း လေ့ရှိ ပေသည်။ ကလေး ကင်ပွန်း တပ်ခြင်း၊ ဝ လေ့ကိုမူ အနီး ပတ်ဝန်း ကျင်ရှိရွာ များ နည်း တူပြုလုပ် လေ့မရှိ ပေ။

ယခင်၊ ၁၉၅၈ ခုနှစ်ဥယျာဉ်ခြံများ လုံး ဝမဖျက်သိမ်း မီ ကမူ၊ ရှင်ပြုနားသမင်္ဂလာအလှူပြုလုပ်ရာတွင်တဦး ချင်း စီဖြင့်၊ အပြိုင်အဆိုင် ငွေကုန်ခံ၍အနည်းဆုံး ၂ ရက်ဖြစ်စေ၊ ထို့ထက်ကြာ၍ရက်ဆွဲ၍ဖြစ်စေ လှူဒါန်းလေ့ ရှိပေသည်။ အများ အား ဖြင့်မူ၊ ၂ ရက်ကြာပြုလုပ် လေ့ရှိ၏။ ဤတွင် အလှူ မပြုလုပ်မီ နေ့ ကောင်း ရက်သာ ရွေး ၍ ရှင်လောင်း အား၊ ကိုရင်ကျင့်ဝတ် နှင့်ဆိုင် သော ပုတီး စိတ်၊ သီလယူ ဓါများ ကိုကျက်မှတ် စေ၏။ ထို့နောက်အလှူပထမ

နေ့တွင်အ လျှုဝင် နေ့အဖြစ်သာ နေ့ခင်း တစ်ရှ်၊ စတင်ဆင့်ခံ လေသည်။ ထို နေ့ တွင်ဘုရား မင်ခြင်း ၊ သက်နိုး တောင်း ခြင်း ၊ နှတ်ပြုခြင်း များ ပြုလုပ် ပြီး ရှင်း လောင်း များ နှင့်နဂါး တွင်းမည့် မိန်း ကလေး များ အား ဝတ် စုံ ဝတ်ဆင်လျက်၊ မြင်ဆင်ပြသထား ပြီး ၊ ညနေပိုင်း တွင် ရှင် လောင်းလှည့် လေသည်။ ဤရှင်ရှင် လောင်း များ ကိုမြင်း ပေါ်တွင်ငင်း ၊ နွား တွင်း မည့်မိန်း ကလေး များ အား လှည်းယဉ် ပေါ်တွင်ငင်း တင်လှည့်ရှိလူများ က လမ်း လျှောက်လိုက်လျက် ရှာဖွေင်း ဦးလှည့်ပတ်မြဲ လေသည်။ ဤတွင် ရှာ မှအတီး အမှတ်အသ များ ၊ ဆိုင်း များ ၊ မီး ကြာ များ ဖြင့်ကျညီကျညီပြ လေ့ရှိ ပေသည်။ အလှည့်မှအပြန်တွင် မဏ္ဍပ်၌ ပရိတ်သတ်အား ထမင်း များ ကျွေး မွေး ဆည့်ခံ လေသည်။ ဤတွင် ရှာလုံး ကျွတ်လာသမျှလူများ အား ကျွေး မွေး လေ့ရှိ ပေ သည်။ ထို့ကြောင့်၊ ရှာတွင်အလှူခ ငွေ ပါကာဒိဗ် များ တွင်ကိုည နေထမင်း ကျွေး တော့တဲ့၊ မီးသား ရှာသား လုံး အလှူမ ဖွစ်သို့လာ ရောက်စား လေ့ရှိကြ ပေ သည်။ ထို့အတူအလှူငွေလည်း ပါဝင်ကြ လေသည်။ နောက် နေ့နံက်တွင်ဘုရား နှင့်သံဃာ တော် များ အား ၊ နံက်ဆွမ်း ကပ်ပြီး အလှူမင်္ဂလာပရိတ်တရား နာရ လေသည်။ ရှင်လောင်း များ အား မဏ္ဍပ်တွင်ထိုင် နေ စေပြီး၊ လာ သောပရိတ်သတ်များ အား နံက်စာထမင်း ကျွေး မွေး ဧည့်ခံပြန်၏ ။ အတူ ငွေများ ကိုလက်ခံ၏။ နေ့ခင်း တွင်ရှင် လောင်း များ အား ဘိတ် သိတ်မြှောက် ပေး လျက်နားထွင်း များ အား နား ထွင်း ပေး ၏။ ပွဲလာဧည့်ပရိတ်သတ်အား၊ကွမ်း ဆေး ၊ လဘက်၊ ဖြင့် ဧည့်ခံ၏၊ ဘိတ် သိတ်တွင် အက၊ အဆို၊ ဆိုင်း များ ပါ ပါဝင် လေသည်။ ထို နောက် ညနေ ၄ နာရီခန့်တွင်၊ ရှင် လောင်း များ အား ဆံချလျက်လူဝတ်မှကိုရင်ဝတ်

ဘို့လဲလှယ်ပေးပြီး ၊ ဘုန်းကြီးကျောင်းသို့လိုက်ပို့အပ်နှံလိုက်လေသည်။ ဤတွင် ကိုရင်သည် ၄ ရက်သို့မဟုတ် ၅ ရက်၊ ၇ ရက် ၊ စသည်ဖြင့် နှစ်သက်သလောက်ကိုရင်ဝတ်လျက်၊ ဘုန်းတော်ကြီး ကျောင်း၌ နေစေပြီး၊ အလှူမင်္ဂလာပြီးဆုံးခြင်းသို့ ရောက်လေသည်။

(ခ) မိရိုး ဖလာယုံကြည်မှုနှင့် ဆောင်ရွက်ချက်များ ။ ။ ဆည်ပေါက်ရွာနေသူများ သည်မိရိုး ဖလာဓလေ့ထုံး စံအရ အိမ်တွင်း မင်း မဟာဂီရိနတ် ခေါ် ပုပ္ပါး တောင်ကြီး အရှင်၊ မောင်တော် နှမ တော်နတ် ( မောင်တင့်တယ်၊ မမြတ်လေး ) ကိုပူဇော်ပသလေ့ရှိသည်။ ထိုနတ်မင်း သည်၎င်း တို့အား စောင့်ရှောက် ကူညီသည်ဟုယူဆလျက် အလုပ်အကိုင်အကြီးအစည်ပြုလုပ် ဆောင်ရွက်ဖွယ် ရာများ ရှိပါကထိုနတ်မင်း အား မုန့်နှီး၊ မုန့်ဖြူ၊ လက်ဖက်၊ ငါး ခြောက်ကြော်တို့ဖြင့် ပူဇော်ပသလေ့ ရှိပေသည်။ ၎င်း ကိုမိရိုး ဖလာ ထုံးစံတခုကိုထိမ်း သိမ်းသည့်အနေဖြင့်သာ ဆက်လက်ပြုလုပ်ခြင်း ဖြစ်ပြီး ၊ ထိုမိရိုး ဖလာပူဇော်မှုကိုသား၊ စဉ်မြေး ဆက် မပြုလုပ် မိ၍ ပျက်ကွက်ခဲ့ပါက၊ ဘေးအန္တရာယ်ကျရောက်မည်ဟုယူဆထားခြင်း မျိုး ကား မရှိပေ။ ဤတွင်ထူး ခြား ချက်တရပ်မှာ ဆည် ပေါက်ရွာ နေသူတို့သည် ၎င်း တို့၏ နေအိမ်၌ထိုနတ်မင်း အတွက်အခြား ရွာများ တွင်ကိုး ကွယ်သူများ ကဲ့သို့အိမ်တွင်း နတ်အုန်း ဆွဲရန်မလိုဟုယူဆ သော ကြောင့်နတ်အုန်း သီး ဆွဲ လေ့မရှိကြ ပေ။ ပုပ္ပါး နယ် တဝိုက် ကျောက် ပန်း တောင်း မြို့နယ်တဝိုက်တွင်တော့၊ အိမ်တွင်း နတ်အဖြစ် နတ်အုန်း သီး ဆွဲလျက်ပူဇော်ပသလေ့ရှိကြ ပေသည်။ ဤဓလေ့ထုံး စံရှိခဲ့ပုံကိုသက်ကြီး

စတား သက်ငယ်ကြား အဖြစ် အောက်မေ့တိုင်း လေ့လာသိရှိခဲ့ရပါသည်။ ၎င်းမှာ ပုဂံပြည်ထွင်ကျန်စစ်သား မင်း အတွင်းအတိပ် ရောက်စဉ်အခါက၊ ပုပ္ပါးတောင်နေ ထိုနတ်မင်းက၊ ကျန်စစ်သား မင်း အား၎င်း က ကူညီ စောင့်ရှောက်ခဲ့ဖူး သည်ဟု ပြောကြား ရာ၊ မည်သို့သို့ကူညီခဲ့ဖူး ကြောင်း ကျန်စစ်မင်း က မေး ခဲ့၏။ ဤတွင် ထိုနတ်မင်း က—

(၁) ကျန်စစ်မင်း အား အနော်ရထာက၊ လှံနှင့်ထိုး ရာတွင် နှောင်ကြိုးကိုဖြတ် ပေး ခဲ့သည်။

(၂) ကျန်စစ်မင်း နှင့် ခေါလူးမင်း၊ ရေမန်တန်း အား သွား ရောက်နှိမ် နင်း စဉ်၊ စစ်ရှုံး ၍အပြန်၌ မျက် စေ့လည်လမ်း မှား နေရာလမ်း ပြခဲ့၏ ။

(၃) ခေါလူး မင်း ကိုတစ်ခွင်မှ ၍ ထုတ်၍ ပြေး လာ ရာမြစ်ထွင်း ၌ထူး နေ စဉ်တက်ပါသည်ဆိုး အဖ ယောင် ဆောင်ပြီး၊ လှေနှင့်ကယ်တင် ခဲ့ဖူး သည်။ ဟု ပြောပြရာမှ ကျန်း ခစ်မင်း ကယုံကြည်ပြီး၊ ပုပ္ပါး ကျောက်ပန်း တောင်း မြို့ နတ်တပိုက် ထိုနတ်မင်း ကို ပိုင်း ရာ နယ်တွင် အိမ်တိုင်း၌ နတ်အုန်း ဆွဲလျက် ထိုနတ်အား အိမ်စောင့်နတ်အဖြစ်ပူဇော်ပသကြရမည်ဟုအမိန့်ထုတ် ပေး ခဲ့ရာ မှစတင် ဆောင်ရွက် ခဲ့ပြီး၊ ဓလေ့ထုံး စံအဖြစ် ရရှိခဲ့ လေသည်။ ထို့ကြောင့်၊ ဆည် ပေါက်ရွာ နေသူများ သည်လည်း ၊ ထိုမင်း မဟာဂီရိနတ်မင်း အား ပူဇော် ခြင်း အဖြစ်၊ နှစ်စဉ်နတ် တော်လတွင်အခွင့်ကြီး ကြီး—ရှိ ပွဲကိုပြုလုပ် လေ့ရှိ ပေ သည်။ ထို့အပြင်၊ ပုန်းမကြည် နတ်အား လည်း ပူဇော် လေ့ရှိ၏။ (ယင်း ပွဲ များ အကြောင်း ကို ရိုး ရာပွဲ များ တွင် ဖော်ပြထား ပါသည်။)

ဆည် ပေါက်ရွာ နေသူများ သည်၊ မိရိုး ဖလာယုံကြည်မှုအရ ဗေဒင် ယကြာ များ ကိုလည်း အထိုက်အ လျောက်ယုံကြည်လျက် အခါအား လျော်စွာ ဗေဒင်

မေး ၍ယကြာ ချေခြင်း များ ပြုလုပ်ကြပါသည်။ အထူး သဖြင့် ရောဂါဝေဒ နာဖြစ်သောအခါ၊ အင်္ဂလိပ် ဆေး ဖြင့်၎င်း၊ မြန်မာ ဆေး ဖြင့်၎င်း ကု သ၍ အခြေအနေထူး ခြား မှု၌ မလာလျှင် ၎င်း ရာဇ လေ့အရလူနာ ၏ ကံကြမ္မာအခြေအနေကို ဗေဒင် မေး ကြည့်၏။ ဗေဒင်ကိုရှာဦး ဆရာ တော် ဘုန်းတော်ကြီး များ ထံတွင်၎င်း၊ ရွာ၌မြန်မာဆေး ဆရာ ဗေ ဒင်ဆရာများ ထံတွင်၎င်း၊ မေး ၍ ကံကြမ္မာ ကောင်း လာ စေရန် ယကြာ ချေပေး ၏ ။

ဗေဒင်ကိန်း ခန်း အရ၊ လူနာတွင်ခန္ဓာပြတ်သည် ဟုဆိုလျှင် ခန္ဓာဆက် ပေး ရ၏။ ၎င်း နည်း မှာ လူနာသည်တနင်္ဂနွေ သား သမီး ဖြစ်လျှင် ဒန်း လက်ဖြင့်၎င်း သောကြာ သား သမီး ဖြစ် လျှင် သန်း သား သို့မဟုတ် သီး သား စသည်ဖြင့်၊ နေ့နံအလိုက်လူနာ ကိုယ်အရပ်နှင့်ကိုက်တိုင်း မြီး ဖြတ်ယူလျက် ၎င်း သစ်သား ပြတ်ကို လူ နာ၏သက်ရှေ့အပ်ချည် ဖြင့်ရစ်ပတ်ရ၏။ ထို့နောက်လူနာ၏ဆံပင်နှင့် ဆန်ကို ပေါင်း ၍တ ထုပ်၊ လူနာ၏လက်သည်း နှင့်ဆန်ကို တထုပ်၊ လူနာ၏ ခြေ သည်း နှင့်ဆန်ကိုတထုပ်၊ အား လုံး စုစု ပေါင်း ၃ထုပ် ကိုယခင်အပ် ချည်ပတ်ထား သော ကိုယ်တိုင်သစ်သား တွင်၊ အထက်၊ အ လယ်၊ အောက်စသည့် ၃ နေရာတွင် တထုပ်စီကြိုး ဖြင့် ချီထား ရ ၏။ ဤသည်မှာလူနာ၏ကိုယ် စား ခန္ဓာကိုယ်အဖြစ်ပြုလုပ်ထား ခြင်း ဖြစ် ၏။ ၎င်း ကိုညတွင် လူနာအနီး ၌ဖျဉ်သိပ်ထား လျက် နံက်လင်း အား ကြီး အချိန်တွင်၊ အပေါ်ဆုံး အထုပ် ၂ ထုပ်ကိုချန်ထား ခဲ့လျက် ကျန် အထုပ် တစ်ခုနှင့်၎င်း ခန္ဓာကိုယ် အတုကိုလူနာ၏ဖြတ်ဆိုး ကျရာအရပ်

ရွာပြင်၌သွား၍ ရှိပစ်ထား ခဲ့ရ၏။ ဤလူနှင့်အတူပါလာ သောသာနံ ၁ ထုတ်ကိုအပါယ် ငသုံသား အား လုံး ကိုဒါနပြုပါသည်ဟုဆိုပြီးလျှင် မြှ နံ့ နှံ့ပစ်ထား ခဲ့ရ၏။ ဤသို့ပြု လုပ်ခြင်း မှာလူနာ၏ကိုယ် စန္ဒာ အတူကိုသဂြိုဟ်သည့်သဘော ပေါ်ဖြစ်၏။ ဤလူ အိမ်၌ ချန်ထား ခဲ့ရ သော အပေါ်ပိုင်း မှာသန် ၂ ထုပ်ကိုသွပ်း ချက်ပြီး၊ သွမ်း တော်တင်၊ သက်ကြီး ဝါကြီး များ အား ကျွေး မွေး လှုတ်လှုနာ နေထိုင် ကောင်း ရန်ဆု တောင်း ရ လေသည်။ ဤသို့ထမင်းပြုလုပ် ပေး ခြင်း မှာလူနာ၏ မကောင်း သောကံကြမ္မာကိုခန္ဓာကိုယ်အတူနှင့်အတူလိုက်ပါသွား စေလျက် ပြေ ပျောက် စေ ခြင်း ဖြစ် ပေသည်။

ဘုရား တူအဖြစ်နှင့်လည်း၊ လူနာအတွက်ဘုရား ထွင်ပန်း၊ ရေချမ်း ဆီမီး တို့ကိုပူ ဇော်ဆု တောင်း ပေး ခြင်း များ လည်း ရှိ ပေသည် ။ ထို့ပြင်လူနာတဦး ၏ ခေါင်း နှင့်ဆိုင် လေ ရော ဂါများ အတွက်ဘုရား ထွင်ယပ် တောင်ယပ်များ ရှု ဒါန်း ပေး ပြီး၊ ဘုရား ကို ရေသပ္ပါယ် ပေး ၏။ အား နည်း သော ရော ဂါဆိုပါကလွှ မ်း ချက်၌ ရှုက်။ ဝမ်း ပိုက်မ ကောင်း ဖြစ်လျှင် ထီး ပန်း ကြီး လှူ၏။ ထို့ပြင်လူနာတဦး အတွက်ထိုအစ်ပါကဘုရား ကိုး ဆူ သွ မ်း ကပ်ပူ ဇော်ခြင်း ကိုလည်း ရပ်ရွာ၌ဘုရား ကိုး ဆူ ဆရာကြီး ဆောင်လျက်ပြုလုပ် ပေး ၏။ သည့်ပေါ် ရွာထွင်တနှစ်လျှင်ဘုရား ကိုး ဆူပြန်ရစနိုပြုလုပ်၏။ ဘုရား ကိုး ဆူ သွမ်း ကပ်ပွဲတွင် ဘုရား ကိုး ဆူ နှင့်နတ်၊ ကြီးများ အား မင်္ဂလာ၌ဘုရား ဆ ရာဘူပြုလုပ်သွ မ်း ကပ်တင် သခြင်း၊ လူနာအတွက်အန္တရာယ်ကင်း ရန်ဆု တောင်း ပေး ခြင်း များ ကိုအနီး ပတ်ဝန်း ကျင်၌အခြား ရွာ များ နည်း တူပြုလုပ် လေ့ရှိ ပေသည်။

ရှိနီး ပြုစား ခံရသည်တွင်ပါက၊ ပယောဂဆရာ နှင့်ဘုန်း တော် ကြီး များ ထံပ ရိတ်ရွတ်၊ ရေမန်း တိုက် ပေး လျှက်ကုသ ပေး ၏။ ရွာ၏ပ ယော ဂ ကုဆရာများ မှာ ဦး ငွေဆိုင်၊ ဦး ဘအေး ၊ ဒေါ်တင်မြ တို့ဖြစ်၏။ ကလေးငယ

ဦး ငွေဆိုင်ထံသွား ပြရာ ဦး ငွေဆိုင်က ဂါထာ ရွတ်၊ ရေမန်း တိုက် ပေး လိုက်ခြင်း ဖြင့်၊ ကလေး အငိုတိတ်သွား လေ့ရှိခြင်း ကြောင့် ၎င်း ကိုအသုံးပြု သည်ဟု သိရ၏။ ၎င်းနောင် ယမန်နှစ်က ရွာမှ ဦး အယ် ဆိုသူသည် ကျန်း မာ စွာဖြင့်ရှိနေစဉ်၊ တညနေ၌ ထမင်း စား နေခိုက် ရုတ်တရက် ၎င်း ၏ ခေါင်း ငိုက်ဆိုက်ကျပြီး ၊ ရုတ်တိုး ကျသကဲ့သို့ဖြစ် နေရာ ဦး ငွေဆိုင် ထံသို့ ခေါ်သွား၍ ကုသနိုင်း ရာ ဦး ငွေဆိုင်က ဂါထာရွတ်၍ ရေမန်း တိုက် ပြီး ရုတ်ကိုလက်ဖြင့်ပွတ်သပ် ပေး လိုက်ခြင်း ဖြင့် ချက်ချင်း ပြန်လည် ကောင်း မွန်လာ ကြောင်း လက်တွေ့ သိရှိရ ပေသည်။ ဇနီး မများ ရုတ်တရက်စိတ် နေ မကောင်း ဖြစ်လာလျှင်လည်း ဆေး ကုသမှုအကြောင်း မထူး ပါက၊ အနောက် မယ်တော်နတ်ကို ထမင်း ဖြူ၊ အုန်း သီး ၊ ဆံရု၊ ဘီး ၊ မှန်၊ တဘီ များ ဆက်သ လျက်ဆု တောင်း လေ့ရှိ၏။ ရစ်ရွာနောင် ကလေး တဦး အနာတရမရှိဘဲ ရုတ် တရက်အချိန် ၂ နှင့်ငို နေပါက မာရီယာနတ်ကိုထမင်း ဖြူ ၃ ဆုပ်၊ ရ ဆုပ်စ သည်ဖြင့်ကလေး ၏ သက် ရေ့တင်လျက် ဆု တောင်း ပေး လေ့ရှိ ပေသည်။ ၎င်း ကိုအများ အား ဖြင့် ဒေါ်တင်ဖြူ ကာမိ ရိုး ဖလာ သင်ကြား ရရှိခဲ့သော မာရီ ယာ ဆေး ကျမ်း အရတွက် ချက်မြှုလုပ် ပေး လေ့ရှိ၏။ ထိုသို့ လူတဦး ဦး ရုတ် တရက် နေထိုင်မ ကောင်း ဖြစ်လာ၍၊ ဆေး ကုသရာ အကြောင်း မထူး ပါက အထက် ဖော်ပြပါ ပယောဂကုနည်း ဖြင့် ကုသရာ၌ ပယောဂကုနည်း ကို နား လည်သည့် မြန်မာ့ ဆေး ဆရာများ က လူနာ၏လက်ဖျား ကို ကိုင် စမ်း ကြည့်ခြင်း ဖြင့် လူနာတွင် ဓါတ်ဆိုင်ဘဆိုင် ခေါ်နတ် ရုပ်ကတိုး များ မကြေ နပ်ခြင်း ကြောင့်ဖြစ်သလော သို့မဟုတ် ရွာသူဘမ်း ထိ ခြင်း ခေါ် စုန်း ပြုစား ခြင်း ကြောင့်ဖြစ်သလော ၊ သို့မဟုတ် တောစိုးခြင်း ခေါ်တစ္ဆေ

သူရဲဗိုလ်ကတ်မြူစား ဖြင်း ကြောင့်ဖြစ်သလော ဆိုသည်ကိုခွဲခြား မြောမြတ်ပြီး၊ သတ်ဆိုင်ရာပယောဂကုနည်း၊ မြုလုပ် ပသနည်း များအရ၊ သတ်လက်မြူလုပ်ကုသပေး လေ့ရှိပေသည်။ ၎င်းတွင် ရုပ်တရိုးနတ်မကြောနဝ်၍ဖမ်း၊ ထိုးတ ရုပ်တရိုးနတ်ကို ထမင်းတင်းများတင်သလျက် တောင်းပန်ရ၏။ ရန်း နှင့်တစ္ဆေ သူရဲအပမှ ဖြင်း များကိုမူ ဓါးစာပစ်ကျွေး ခြင်း ဖြင့် မြူ ပျောက်စေရလေသည်။ ၎င်းရာတွင် ယင်း မယောဂါ ကု ကုသခြင်း များ မှာအများ အား ဖြင့်တလေး ဆေးများ အတွက်သသုံး များ လေသည်။ လူကြီး များ အတွက်မူ တစ်ခါတရံ မှုသာအသုံး ပြုရ လေ့ရှိပေသည်။ ၎င်းရာတွင် ထိုယုံကြည် ဆောင်ရွက်မှုများကို သည် ပေါက်ရွာ နေသူများ သည်အခါအားလျော်စွာအဆိုတ်အလျောက်သာမြုလုပ် လေ့ရှိပေသည်။ အထူး အယူဘီး စွဲလမ်း၍ မြူလုပ်ခြင်း မျိုး ကား မဟုတ် ပေ။

ဘည် ပေါက်ရွာ နေသူတို့တွင် စီး ပွား ရေး အနေဖြင့် များစွာပိုလျှံခြင်း မရှိ သော်လည်း ဘာသာ ရေး နှင့် မိရိုး ဖလာယုံကြည် မှုဆိုင်ရာ ပွဲ ရာပွဲ များ ကို ရာသီအလိုက်မိမိတို့အိုး အိမ် လေ့ထုံး စံများအရ တတ်စွမ်း သ ရွေကြိုး စား ဆောင်ရွက်ပြီး၊ မပျောက်ပျက်ရန် ထိန်း သိမ်း လျှက်ရှိကြ ပေသည်။ ထို့ကြောင့် တန်ခူး လဆွင် ရေကစားပွဲ၊ နှစ်စဉ် နှစ်သန်း တရက် နေ့တွင် တောထုတ်ပွဲ၊ ဝါဆိုလဆွင်ဘုရား ဆွမ်း တပ်ပွဲဆွမ်း ရေပွဲ၊ သီတင်း ကျွတ်လဆွင် မီး ထွန်း ပွဲ၊ တန်ဆောင်မုန်း လဆွင် ရွာ လယ် ဝတ်ကျောင်း ဘုရား ပွဲ၊ နတ်တော် လဆွင် မင်း မဟာဂီရိနတ် မင်း အရှင်ကြီး ပြီ ပွဲ၊ တပို့တွဲလဆွင်ထမနဲပွဲ၊ တပေါင်း လဆွင်ပုန်းမကြည် နတ်အား ပူဇော်ပသသော 'ပုန်းမကြည် ဝပ်ပွဲ'စသည် ဖြင့်၊

အခါက ရိုး ရာပွဲများ ကိုပြုလုပ်ဆင် နွှဲထိန်း သိမ်း လေ့ရှိ ပေသည်။ ၎င်းတို့ အား ပြုလုပ်ဆင်နွှဲပုံကိုအကျဉ်း အား ဖြင့် ဖော်ပြ ရ သော် –

တန်ခူး လ ရေကစား ပွဲတွင်၊ မြန်မာ့ ရိုး ရာဓ လေ့ထုံး စံအရ ရွာလယ်၌ မဏ္ဍပ်ထိုး လျက် ရေတောင်း ရေသန့် များ ဖြင့်ယဉ်ကျေး စွာ စနစ်တကျ ရေပက်ကစား လေ့ရှိ၏။ ဤတွင် ရပ်ရွာလူကြီး များ က ကွပ်ကဲထိန်း သိမ်း ပေး လေ့ရှိ ပေသည်။ ရပ်ရွာ၌သက်ကြီး ရွယ်အို ဆရာ သမား မိဘများ အား ခေါင်း လျှော် ပေး ခြင်း၊ ကန်တော့ခြင်း များပြု လုပ် လေ့ရှိ၏။ လူကြီး များ အနေဖြင့်ရွာဦး ဘုန်း ကြီး ကျောင်း များ ၌ ဥပုသ်သီတင်း ဆောက်တည် လေ့ရှိကြ၏။ ဘုရား ရေသပ္ပာယ်ခြင်း၊ အိမ်တွင်း အိမ်ပြင်၌ သန့်ရှင်း စင်ကြယ်ခြင်း များ ကိုလည်း ပြုလုပ် လေ့ရှိ၏။ ဤ တန်ခူး လအခါရက်တွင် စား သောက်ဖွယ်ရာအဖြစ် ကောက်ညှင်း မုန့်ဖက်ထုပ် များ ကို မိမိတို့တတ်နိုင်သရွေ့ အနည်း နှင့်အများ ပြုလုပ်ပြီး ဘုရား တစ်၊ ဘုန်း ကြီး ရှ၊ ရပ်ရွာသို့ ပေး ကမ်း ဝေမျှလျက် ကုသိုလ် ကောင်း မှု နှင့် ရပ်ရွာ၏ ခင်မင်ရင်း နှီး မှုများ ကို တိုး ပွါး စေရန်ရည်ရွယ်ပြုလုပ် လေ့ရှိ ကြ ပေသည်။

နှစ်ဆန်း ၁ ရက် နေ့တွင် တောထွက်ပွဲကျင်းပ၏၊ ဤပွဲပြုလုပ် ခြင်း မှာ အခြား ရွာများ တွင်မ တွေ့ရှိရ ပေ။ ထို တောထွက်ပွဲပြုလုပ်ရာ တွင်၊ ရွာမှ စု ပေါင်း လျက် ပရိတ်ရေအိုး များ၊ ပရိတ်ချည်ခင် များကို ရွာဦး ဘုန်း တော်ကြီး ကျောင်း သို့ နံက်ပိုင်း ကတည်း က သွား ရောက် ပို့ထား လျက်၊ ထိုပရိတ် ရေနှင့်ပရိတ်ချည်ခင် များ အား ဘုန်း တော်ကြီးက အန္တရာယ်ကင်း ပရိတ်ရွတ်ဖတ် ပေး လျက် သီဖွဲ့တင် ပေး ၏။ ညနေပိုင်းတွင်

ထိုပရိတ်ရေများ နှင့်ပရိတ်ချည်များ ကိုဘုန်း တော်ကြီး ထံမှ ပြန်ယူလာပြီး တောထုတ်ပွဲအဖြစ်တရွာလုံး အိမ်တိုင်း စေ့မှ သံပုံး၊ ဗိုး ခွက်နှင့်အသံ မြည်နိုင်သည့်ကိရိယာ ပေါင်း စုံတို့ တီး ခတ်လျက် ရွာသွင်ရှိမကောင်း ဆိုးဝါး ဝိညာဉ်များ ကို ချောက်လှန့်ထုတ်နှင်ပစ်လေ သည်။ ထိုသို့နာရီဝက်ခန့်တီးမှုတ် ထုတ်နှင်ပြီး ဘုန်းကြီး ကျောင်း မှပြန်ယူလာသော ပရိတ်ရေ မရိတ် ချည် များ ကို မိမိတို့ အိမ်နေရာများ တွင် ပက် ဖြန်း ရစ်ပတ်ထား ပြီး၊ မကောင်း သော ဝိညာဉ်အနှောင့်အယှက်များ မလာ နိုင်ရန် ရည်ရွယ် လျက်ကာ ကွယ်ထား လေ့ရှိ ပေသည်။

ကဆုန်လနှင့်နယုန်လတွင် အထူး ရိုး ရာပွဲတော် မရှိပေ။

ဝါဆိုလတွင်ကား၊ ဘုရား နှင့် ဘုန်းတော်ကြီး များ အား အထူး ဆွမ်း လောင်း လှူလေ့ရှိ၏။ ငှင်း မှာ ဝါတွင်း ဥပုသ်နေ့တိုင်း ၌ ရွာမှကုသိုလ်ရှင်များ အသီး သီး က ဆွမ်း တော်ဆွမ်း တင်း များ ကို ဘုရား နှင့်ဘုန်း တော်ကြီး များ အား အလှည့်ကျ ပေါင်း လှူဒါန်း ခြင်း ဖြစ်၏။ ဝါဆိုလဆန်း ၈ ရက်ဥပုသ် နေ့၌ သည် ပေါ်တော်ရွာသိမ် ကုန်းဘုရား တွင် စု ပေါင်း ဆွမ်း ကပ်ပြီး ရွာရှိ ဘုန်း တော်ကြီး များ အား လုံး အား ထိုဘုရား ၌ပင်ဆွမ်း တော်ကြီး၊ လောင်း လှူ၏။ ငှင်း တွင်ရဂ္ဂသ ရွေ့ ဆွမ်း ကွမ်း ပန်းညွှန်း များ ကိုဘုန်း တော်ကြီး များ ဝေမျှစေရ လေသည်။ ထိုနည်း အတိုင်း ပင်၊ ဝါဆိုလပြည့် ဥပုသ် နေ့၌ သည် ပေါ်တာရွေ ဦး တိက္ခ ကျောင်း ရှိ ဘုရား ၌ ငှင်း ၊ ဝါဆိုလပြည့်ကျော် ၈ ရက် ဥပုသ်နေ့တွင် ဆား ကျင်း သိဒ္ဓိဘုရား၌ ငှင်း၊ ဝါဆိုလကွယ်နေ့များ တွင် သည့် ပေါ်တော်ရွာ၏ မြောက် ကျောင်း ဘုရား တွင် ငှင်း၊ စသည်ဖြင့်အလှည့်ကျ ဝါတွင်း တတွင်း လုံး ဥပုသ်နေ့တိုင်း တွင်

ဆွမ်း လောင်း ပွဲ များ ပြုလုပ် လှူ၍ ပေ သည်။ မုန့်ဆီ ကြော် များ ကိုလည်း ပြု လုပ် လှူဒါန်း ပေး ဝေ လှူ၍၏။

ဝါတွင်း အခါ၌ ဆား ကျင်း အိတရှုဘုရား ပွဲကိုပြုလုပ်၏။ ထိုဘုရား ပွဲမှာ ဝါဆိုလပြည့်ကျော် ၈ ရက် နေ့တွင်ပွဲဝင်အဖြစ် ရွာ မှ ရ ပေါင်း၍ဘုရား သို့နံက်အာရုံတက်ဆွမ်းဆွမ်း တော်၊ သစ်သီး ဖျော်ရည် များသို့ ရောက်ကပ်လှူကြ၏။ ၎င်းအနီး ယခုဝန်း ကျင် ရှိရွာ များ ဖြစ် သော ညောင် တံရွာ၊ အင် ရောင်း ရွာ များ မှလည်း လာ ရောက်ကပ်လှူကြ၏။ ဘုရား အား ရေသပ္ပါယ်၍သန့်ရှင်း ရေး များအထူး ပြုလုပ် မွမ်း မံကြ လေသည်။ ထို သို့ပြုပြင်ကပ်လှူထား ပြီး သီတင်း ကျွတ် လပြည့်ကျော် ၈ ရက် နေ့တွင်ကား ပွဲပြီး နေ့ အဖြစ်ရွာမှအကာအရန်၊ မီး ပုံး မီး ကြာ များ ၊ ဆီမီး ၊သစ်သီး ဝလံဖျော်ရည်ဝတ္ထုများ ဖြင့် တ ပျော်တပါး သွား ရောက်ပူဇော် လေသည်။ ၎င်း တွင် တရွာ နှင့်တရွာ သူ့ထက်ငါအပြိုင်အဆိုင်လှူဒါန်း ခြင်း ၊ အကာအရန်များ ပြိုင်ဆိုင်ခြင်း များ ကိုပြုလုပ်လျက်၊ တ ပျော်တပါး ဆင်နွဲ လှူ၍ ပေ သည်။ ထိုဘု ရား ပွဲအတွက်ရပ် ရွာအလိုက်ရ ပေါင်း၍အလှူငွေများ ထည့်ဝင်လျက်ဘုရား ကိုနှစ်စဉ်ပြုပြင် မွမ်း မံ လှူ၍ ပေ သည်။ ဝါခေါင်လနှင့် တော်သလင်း လဆွင် ဇိုး ရ၁၀ လှူအထူး ပွဲ တော်ထု၍ မရှိ ပေ။

သီတင်း ကျွတ်လဆွင်ကား ၊ မီး ထွန်း ပွဲ တော် ၍၏ ၎င်းတွင်နေအိမ်များ၌ မီး ထွန်း ခြင်း ၊ ဇိုး ရ၁ နတ်အ စောင့်အ ရှောက်များ အား မီး ပူ ဇော်ခြင်း ၊ သက်ကြီး ရွယ်အိုများ အား ကန် တော့ခြင်း ၊ မုန့်ဆီ ကြော် များ ပြုလုပ်လှူဒါန်း ပေး ကမ်း ခြင်း များ ရှိ၏။ သီတင်း ကျွတ်လပြည့် ကျော် ၈ ရက်တွင် ၊ မီး ပုံး မီး ကြာ များ ပြုလုပ်၍ ဆား ကျင်း ဘုရား

အား သွား ရောက်ဆော်ဖျ လေ့ရှိပေသည်။

တန်ဆောင်မုန်း လဆွင်မှု၊ ရွာလယ်ဝတ် ကျောင်း ရှိ ဘုရား တို့၊ ဘုရား ပွဲပြုလုပ်မှု ဖော် လေ့ရှိ၏။ ၄င်း ဘုရား ပွဲကိုတန်ဆောင်မုန်း လပြည့် နေ့တွင်ပြုလုပ် လေ့ရှိ၏။ ဘုရား ပွဲအတွက် ရွာနေအား လုံး စီး ပွား ရေး အခြေအနေအရ၊ သင့်လျော်သလို၊ ၃၊ ၂၊ ၁၊ စသည်ဖြင့် ၃ စား ခွဲ၍ အလှူငွေထည့်ဝင်ကြရ၏။ ရရှိသောအလှူငွေများ ကို (၁) ဘုရား အတွက် (၂) သံဃာ တော်အတွက် (၃) ကထိန်ပွဲပြုလုပ်ရန်အတွက် (၄) ဖျော်ပွဲ၊ ရှင်ပွဲအတွက် ဟူ၍ ၄ မျိုး ခွဲပြီး စနစ်တကျသုံး စွဲကျင်း ပ လေသည်။ ဤဘုရား ပွဲတွင် (၁) ဘုရား အား ပြုပြင်သပ္ပါယ်ခြင်း၊ မွမ်း မံခြင်း၊ ဆွမ်း ကပ်ခြင်း (၂) သံဃာ တော် များ အား ဆွမ်း ကြီး လောင်း ခြင်း။ (၃) ကထိန်ပွဲပြုလုပ်လျက်ဘုန်း တော်ကြီး ကျောင်း များ တိုလှူဒါန်း ခြင်း (၄) ရွာသူရွာသား များ အတွက် ဖျော်ပွဲ၊ ရှင်ပွဲအဖြစ် ရွာမှတောင်ဆက် သောပြဇာတ်၊ အကပွဲ များ နှင့်အငြိမ့်ဇာတ် များ ကိုပွဲ ခင်း ပြုလုပ်ကျင်း ပ ပေး ခြင်း များ ပါဝင် လေသည်။

နတ် တော်လဆွင်ကား ၊ ဆည် မောက်ရွာတွင်သာ ရိုး ရာ အရပြုလုပ် လေ့ရှိ သော၊ မင်း မတာ ဂိရိနတ်မင်း အား ပူဇော်သည့် အခွင်ကြီး ကြို့ပွဲကိုပြုလုပ် လေသည်။ ၄င်း ပွဲပြုလုပ်ရခြင်း အ ကြောင်း မှာ၊ တနှစ်လျှင်တကြိမ် နတ် တော်လဆန်း ၆ ရက် နေ့တွင်၊ ထိုနတ်မင်း သည် နတ်သဘင်အစည်း အ ဝေး သို့သွား ရောက် လေ့ရှိပြီး ၊ ၁၄ ရက် နေ့တွင်ပြန်လာ လေ့ရှိခြင်း တို့၊ အထို - အကြိုအဖြစ်ပြုလုပ်ခြင်း ဖြစ် ပေသည်။ ထို့ကြောင့် နတ် တော်လဆန်း ၆ ရက် နေ့၌အိမ်တိုင်း တွင်၊

ဝါး ပိုကောင်း ၊ ဝါး မြောက်တို့ကိုအမြဲ ရုံ ၊ ခေါင်း ရုံ ကြော်၍ငင်း ၊ မုန့်ချိုး ရုံကိုမြှုလုပ်၍ငင်း ၊ တင်သလျှက်မင်း မဟာဂီရိနတ်မင်း အား ၊ နတ်သဘင် အသွား ကြိုဆို လေ့ရှိ၏။ လဆန်း ၁၄ ရက်နေ့ ပြန်အလာတွင်လည်း ၊ အဆိုပါ မုန့်ချိုး ရုံ ၊ သီထမင်း ၊ ဓိန်း ဥ ၊ မျောက်ဥ စသည်တို့ဖြင့် ပြန်ကြိုပြီး ၊ ပြန်ပို့ရ လေသည်။ ၎င်းအပြန်တွင် ၊ နတ်က တော်တဦး ဦး က နတ်ပူး ပြီး ၊ မင်း မဟာဂီရိနတ်မင်း အား အရှင်ကြီး ဘာ ရခဲ့လဲ ၊ ဘာ နိုင်ခဲ့လဲ ဟု မေး လေ့ရှိရာ ၊ နတ်မင်း က'နှမ်း' ရခဲ့သည် ၊ 'ပဲ'ရခဲ့သည်ဟု နတ်ပူး ၍ ဖြေဆိုလျှင် ၊ ထိုနှစ်တွင် ရွာ၌ နှမ်း ၊ ပဲ များ ပေါများ မည်ဟု၍ငင်း ၊ အကယ်၍ ၊ မြေ ရခဲ့သည်ဟုဆိုလျှင် ၊ ထိုနှစ်တွင်ရွာ၌ မြေ ပေါမည်ဟု၍ငင်း ၊ ယေဘုယျအား ဖြင့် ဟူဆ လေ့ရှိကြ ပေသည်။

ပြာသိုလတွင် ရိုး ရာပွဲအထူး မရှိ သော်လည်း ၊ တပို့တွဲလတွင်မူ ၊ ထမနဲပွဲ ရှိ လေသည်။ ၎င်း ပွဲကျင်း ပခြင်း အဖြစ်အဆိမ်များတွင် ထမနဲ ထိုး ကြ၏။ ပြီး လျှင် ဘုရား ၍ ဘုန်း ကြီး ကပ်ပြီး လူများ ဝေမျှစား သောက်ကြ လေ့ရှိ၏။ တခါတရံ၊ရပ် ရွာအလိုက် စု ပေါင်း ၍တ ပျော်တပါး ထိုပွဲကိုဆင်နွဲ ခြင်း လုပ် လေ့ရှိ ပေသည်။

တ ပေါင်း လတွင်မူ ၊ပုန်းမကြည် နတ်ကောင်း သပွဲ ရှိ၏။ ပုန်းမကြည်နတ် အရှင်မအား တင် မြောက်ပသပွဲမှာ ၊ စီး ပွါး ရေး နှင့်အထူး သက်ဆိုင်၏။ ပသရာတွင် ၊ ဆံစပါး ၊ ပဲ ၊ ပြောင်း ၊ သီး နှံ စသည့်တောင်ယာသီး နှံများ စိုက်ပျိုး သော ယာ မြေတွက်နှင့် ထိုသီး နှံများ ထည့်ထား သော တောင်း ၊ ပုတ် ၊ စပါး ကျီ ဂိုဒေါင် များ စွင့်ထိုအရှင်မအား ပူဇော်ပသခြင်း ပြုကြ၏။ ၎င်းသို့မူ ဇော်ပသခြင်း ဖြင့် ၊ တောင်ယာကောက်

ပဲသီး နှံများ ကောင်း မွန်တိုး ပွါး လာအောင်၊ ထိုအရှင်မတ စောင့် မကြည့်ရှုနိုင်သည်ဟု သော ရည်ရွယ်ချက်ဖြင့် ရိုး ရာဓ လေ့အရ ဤသို့တင်သခြင်း ဖြစ်ပေသည်။ ထို့ကြောင့် တပေါင်း လဆန်း ၃ ရက်နေ့တွင် မြန်မာ မုန့်မျိုး စုံတို့ပြုလုပ်လျက် ယာခင်း တွင်၎င်း၊ ပဲခြောင်း၊ နှမ်း၊ သို လှောင်ရာနေရာများ တွင်၎င်း၊ တင်သပြုလုပ် လေ့ရှိ ပေသည်။ ထိုသို့တင် သရာတွင်ပုန်းမကြည်နတ်အား 'ကျွန်ုပ်တို့၏ တောခုတ်ယာသီး နှံ၊ စီး ပွါး များ တိုးတက် ကြီး ပွါး အောင်၊ မစ ပါ' ဟု ဆုတောင်း လေ့ရှိ၏။ ထို့ကြောင့်၊ ၎င်း ရိုး ရာ ပွဲတို့ တောင် ယာ စိုက်ပျိုး သူများ နှင့် ဈေး သည်၊ ကုန်သည်၊စ သည့်စီး ပွါး ရေး သမား များ ပြုလုပ်တင်သ လေ့ရှိ ပေသည်။ မိုး ဖလာယုံကြည်သူအခြား သူများ လည်း ပြုလုပ် နိုင်ပါက ပြုလုပ်တင်သ လေ့ရှိ၏။ ထိုပွဲပြုလုပ် ခါနီး၊တပေါင်း လဆန်း ၁ ရက်နေ့တွင် တောင် လေတိုက်ပါက မိုး ဦး ကောင်း မည်၊ လ ဆန်း ၂ ရက်နေ့တွင် တောင် လေတိုက်ပါက မိုး လယ် ကောင်း မည်၊ လဆန်း ၃ ရက်နေ့တွင် တောင် လေတိုက်ပါက မိုး နှောင် ကောင်း မည်ဟူ၍လည်း အယူ အဆ ရှိကြ လေသည်။

မိုး ဖလာယုံကြည်မှုအရ၊ မိမိတို့၏ယာ ခင်း၊ ဥယျာဉ်ခြံ များ တွင် စတင်ဝင်ရောက်၍အလုပ်လုပ် သောနေ့၊ စတင်စိုက်ပျိုး သောနေ့ များ၌ ယာ စောင့်နတ်၊ ခြံစောင့်နတ်၊ မြေစောင့်နတ် များ အား၊ တင်သ လေ့ရှိကြ၏။ အကယ်၍၊ ထိုသို့တင်သခြင်း မပြုခဲ့ပါက၊ မြွေ၊ ကင်း၊ များ နှင့် တွေ့တတ်သည်ဟုယူဆ လေ့ရှိကြ ပေသည်။ သို့ရာတွင်အများ အား ဖြင့်၎င်း ယူ ဆထား ခြင်း မျိုး ကိုအယူသီး စွာဖြင့် လေး နက်စွာယူဆထား ခြင်း မဟုတ် ပေ။ အဘယ့် ကြောင့်ဆို သော် ဆည် ပေါက်ရွာ နေသူများ သည် ရိုး ရာဓ လေ့ထုံး စံ

များတွင်အထူး အယူဘီး မှုများကို ခေတ်နှင့်အညီတက်နိုင်သမျှပယ်ဖျောက်နေခြင်းကြောင့်ဖြစ်ပေသည်။ နာရေးကိစ္စနှင့်ပတ်သက်၍ မိရိုးဖလာ ဓလေ့ထုံးစံအရ ဆောင်ရွက်ပုံကိုလည်း၊ အောက်ပါအတိုင်း လေ့လာသိရှိရပါသည်။

အသုဘကိစ္စ ဆောင်ရွက်ပုံတွင်ကား၊ အခြားထူးခြားမှုများဟူ၍မရှိပါ၊ အခြားရပ်ရွာများမှာကဲ့သို့ပင်ဖြစ်ပါသည်။ ဤတွင်လူတဦး၊ သေဆုံးသောအခါချက်ချင်း ပင်နီးစပ်ရာတို့အား အသိပေးပြီး ၊ အသုဘကိစ္စအတွက် ဆွေးနွေး စီစဉ်ကြ၏။ ပထမဦးစွာအလောင်းကို ရေချိုးပေးပြီး အဝတ်သစ်များ လဲလှယ်ဝတ်ဆင်ပေး၏။ အလောင်းတွင်၊ခြေလက်များ ဘေးသို့ကားမသွားစေရန်၊ခြေမ ၂ ခုကိုပူးကပ်၍ ငင်း ၊ လက်မ ၂ ခုကိုပူးကပ်၍ ငင်းကြိုးဖြင့်ချိထား၏။ ထို့နောက်အလောင်းကိုအိမ်ရှေ့တွင်ငင်း ၊ အိမ်ခေါင်းရင်းတွင်ငင်း ၊ သင့်လျော်ရာတနေရာတွင် ကုတင်ပေါ်၌ဖြစ်စေ၊ ကြမ်းပြင်ပေါ်၌ဖြစ်စေပြင်ဆင်ထား၏။ ငင်းနောက်အလောင်း၏မျက်စိထဲသို့ ကတို့ခ အဖြစ် ၂၅ ပြား စေ့တခုကိုထည့်ထားပေးခြင်း ၊ အလောင်းအနီးတွင်ထမင်းထုပ်တထုပ်နှင့်လဘက်၊ ဆေးလိပ်အနည်းငယ်ကိုချထားပေးခြင်း ၊ အလောင်းအနီး သို့မဟုတ် အလောင်းထားသော ကုတင်အောက်တွင်၊ရေအပြည့်ထည့်ထားသော ရေအိုးငယ်တခုကိုထားပေးခြင်း၊ အိမ်၏လှေခါး သဖွယ်၊ ဝါးခြမ်းပြားကိုအိမ်လှေခါး အတုပြုလုပ်ပြီး၊ အိမ်လှေခါးထိပ်တွင်သို့မဟုတ် အိမ်အဝတွင် ချထားပေးခြင်း ၊ စသည့်များ ပြုလုပ်ပေးထား၏။ အသုဘချမည့်နေ့တွင်၊ရွာ၌ဘုန်းတော်ကြီးများအား၊ သေဆုံးသူအတွက် သရဏဂုံတင်ပေးရန် သုသာန်၌အသုဘချမည့်အချိန်ကို ပြောကြား လျှောက်ပင့်ဖိတ်ထား၏။ ထို့နောက်အသုဘချရန် ခေါင်းသွင်းသောအခါ၊ အိမ်သား

များ အား လုံး ကိုဦး ခေါင်း မှ ခြေ ဖျား အထိ၊ အဝ် ချည်နှင့်တိုင်းရှုပ်ဖြတ်လျှက် လိပ်ပြာ ခွဲသည့်အ နေဖြင့် ခေါင်း ထဲ သို့ထည့် ပေး လိုက်ရ၏။ ထား ၌ သေ ဘါထ မင်း ထုပ်ကိုလည်း ၊ ထည့် ပေး လိုက်၏။ ထို့နောက်အ လော င်း ကိုသယ်ထုတ် လာ သည်နှင့်တပြိုင် နက်၊ ယခင်ထား ၌ သေဘါ၊ရေလုံအိုး ကို၊ရေနှင့်အတူ ပေါက်ခွဲ လိုက် ရ၏။ (၎သည်မှာ မကောင်း သေဘက်ဖြမ္ဘာ များ ကိုတခါတည်း အေး ကြော မစ်လိုက်သည့်သ ဘော မင်ဖြစ်၏)။ ထို့အပြင်၊ဈေးခါး အထုတ်ပါယူ သော ဝ်လျှက်အ လောင်း ကို အသုဘထမ်း စင် ပေါ်သို့တင်၏။ ၎ထွင်အ လောင်း ကိုစင် ပေါ်မှ ချလာ စဉ် ကတည်း က မင်း၊ခြေ ထောက်ကို ရှေ့တထား လျှက်သယ် ဆောင်လာ ရ၏။ (ခြေ ဖြင့် သင်း ရသည့်သ ဘောဖြစ်၏)။ အသုဘချလာ စဉ်တွင် သုဿန်သို့သွား ရန်အလျှင်း သင့် သော အနီး ဆုံး လမ်း မှသွား နိုင်၏။ ၎င်း သွား လမ်း ကိုလည်း လမ်းပြ အဖြစ်လူတဦး ကဆန်တဆုပ် မှုတ်ထုပ်တိုင်လျှက်၊ အ လော င်း ၏ ရှေ့ကဦး သော ဝ် သွား ပေး ရသည်။ ထိုသူ၏ နောက်မှ အ လော င်း ဝစ်နှင့်အသုဘပို့သူ များ လိုက်ရ၏။ အသုဘချစဉ်၊ ဘုရား ၊ ရတနာ ၊ ကျောင်း တို့၏ ဒါယိကာ ၊ ဒါယိကာ မ များ ဖြစ်ပါက၊ အ လော င်း ဝင်အား ရွှေထီးမိုး လျှက် ရှု သွား ၏။ သုဿန်သို့ ရောက်ခါနီး တွင် သုဿန်တွင်အ သင့်စောင့်နေ သော လူတဦး နှစ်ဦး က၊အသုဘချလာသူ များ ကို ကျောက်ခဲ များ ဖြင့် တန် ဆော င် ပေါက်လျှက် ‘ နောက်လာအုံး မလား ’ ဟု မေး ရာ၊ ကျန်လူများ က ‘ နောက်မ လာ တော့ပါ၊’ ဟုပြန် ဖြေရ၏။ ထို့နောက် သုဿန်ဇရပ် တွင်အ လော င်းကို ချထား လျှက်၊ ယခင်မင့်ဖိတ်စိစဉ်ထား ၍အသင့်ရောက်၍နေ သော ဘုန်း တော်ကြီး များ က၊ အ လော င်း ကိုသရဏဂုံတင် ပေး ၏။ ပြီး လျှင်အ လော င်း ကို ထမင်း ထုပ်နှင့်အတူ အသင့်တူး ထား သော မြေကျင်း ထဲသို့ချလျှက်မြှုပ်နှံလိုက်

လေသည်။ လမ်းပြုလု ဆောင်လာ သောဒသန်ထုပ် မှသန်များ ကို၊ အပါယ် လေး ဘုံ သားများ အား အမှုပေး ဝေပါသည်ဟုဆိုလျှက် ကောင်းကင်သို့၎င်း၊ မြေ ကြီး သို့၎င်း ဖြန့်ကြဲပစ်လိုက်ရ၏။ သုဿန်မှအပြန်တွင် အိမ်ဝသို့ ရောက်၍ သော အခါ၌၊ အိမ်ထဲ၌ရှိသူတဦး ဦး က ရေကိုလက်ပြန်ပက်လျှက် `လွတ်ပြီလား၊ ကျွတ် ပြီ လား` ဟု မေး ရာ၊ `လွတ်ပြီ ၊ ကျွတ်ပြီ `ဟု၊ ပြန် ဖြေပြီး မှသာ အိမ် ဝိုင်း ထဲသို့ဝင်ရ လေ့ရှိ၏။ အသုဘလိုက်ပို့သူ အခြား သူများ လည်း ၎င်း တို့ ၏အိမ်အဝင်အဝ၌ထိုသို့ပြုလုပ်ရ လေ့ရှိ၏။ အသုဘချပြီး ၃ ရက် သို့မ ဟုတ် ၅ ရက်၊ ၇ ရက်စသည့်ဖြင့်၊ သင့်လျော်ရာ ရက်၌၊သေဆုံး သူအ တွက်၊ နောက်ဆုံး ကုသိုလ် ကောင်း မှုပြု ပေး ခြင်း အဖြစ်၊ ဘုန်း တော်ကြီး များ အား ရက်လည်ဆွမ်း ကပ်ပြီး၊တရား နာ အမှုပေး ဝေ လေ့ရှိ၏။

အသုဘကိစ္စတွင်၊ အစိမ်း သေများ နှင့်က လေး ငယ် ၊ ကိုယ်ဝန်သယ်များ သေဆုံး ပါက၊နေ့ချင်း ပြီး သဂြိုလ်လိုက် လေ့ရှိ၏။ ရက်ကြာထား လေ့မရှိပေ၊ ရက်ကြာထား လျှင် ရွာနာသည် ခိုက်တတ်သည်ဟုယူဆ သောကြောင့် ဖြစ်၏။ ထို့အပြင်၊ မိမိတို့ရွာပြင်ပ၌ကား မှောက်၍၎င်း၊ဓား ခုတ်ခံရ ၍ ၎င်း၊သစ်ပင် ပေါ်မှလိမ့်ကျ၍၎င်း ၊ စသည့်အစိမ်း သေများ ကိုရွာထဲ သို့၊ သို့မဟုတ် အိမ်သို့ယူ မလာရဘဲ ရွာပြင်၌ဖြစ် စေ ၊ သုဿန်၌ဖြစ် စေ၊ထားလျှက် အသုဘ ကိစ္စများ ဆောင်ရွက်သဂြိုလ်ရ လေသည်။

အသုဘကိစ္စတွင်၊ အလောင်း ကို ၁ ရက် ၊ ၃ ရက် ၅ ရက်စသည်ဖြင့်အလျှင်း သင့်သလိုထား ၍ သဂြိုလ် လေ့ရှိ၏။ ရပ်ဝေး ၌ ဆွေမျိုး သား ချင်း များ ကို စောင့်ဆိုင်း ရန်လိုအပ်ပါက၊ အများ အား ဖြင့် ၃ရက် ခန့်ထား လေ့ရှိ၏။ ၎င်းတွင် ၂ ရက်၊ ၄ ရက်၊ စသည့် `စုံ` ရက်မထား ရ

ထုအယူအဆ ရှိ လေသည်။

ရှာဒ့်ဘုန်း တော်ကြီး ပုံ ချွန်လျှင်လည်း ၊ ရစ်ရှာမှ ပိုင်း ဝန်းထုညီအလျှံချွဲမီးပြီး ဖလာထုံး စံအပိုင်း၊ ဘုန်း ကြီး ပုံပုံ ပြုလုပ်တဘ၊ သဖြင့် ပေး လေ့ ရှိ ပေသည်။ ဤတွင်၊ မီး သဂြိုဟ်၊ ဘုန်း တော်ကြီး ၏အရိုး ပြာ အိုး ကို ရှာ၏ တောင်ဘက်သို့ မတွက်အ ရှေ့ဘက်လျှင်အရိုး အိုး စေတီပြုလုပ်တည်ထား လိုက် လေ သည်။

အထက် ဖော်ပြ ပါအ ကြောင်း အရာ များ ကို ထောက်ရှုခြင်း ဖြင့်၊ ဆည် ပေါက်ရွာ နေသူများ သည်အိုး သွား စဉ်ဆက်ကိုး ကွယ်ယုံကြည်လာသော ဘာသာ ရေး နှင့်မီးပုံး ဖလာစ လေ့ထုံး စံတို့ကို ခေတ်နှင့်အညီပြုပြင် မွမ်း မံယုံ ကြည်လျက်ယင်း တို့နှင့်ဆက်ဆိုင် သော ဆောင်ရွက်ချက် များ ကိုလည်း ၊ ၄င်း တို့၏ စီး ပွါး ရေး ဝင် ငွေအခြေအ နေ၊ ခေတ်စနစ်သဘောတရား များ အလိုက် မတော်သနမဖက်ဘဲ၊လိုရင်း ကိုသာ ပြုလုပ်၊ထိမ်း သိမ်း လျက်ရှိကြ ပေသည်။

(၆) တရား ဥပဒေကဏ္ဍ။

(က) တရား စီရင်ခြင်း ။ ။ဆည် ပေါက်ရွာ နေသူများ တွင်၊ ၁၉၆၂ ခု နှစ်မတ်လ ၂ ရက်နေ့ တော်လှန် ရေး ကောင်စီ တက်ပြီး သည့်မှစ၍အရင်း ရှင်စီး ပွါး ရေး စနစ်လည်း ပျက်သုံး သွား လျှက် ၄င်း စံနစ်နှင့်အတူတရား ဥပဒေကို ငွေနှင့်အနိုင်ယူခဲ့သော ငွေများနှာ ဘက်လိုက်ပါခဲ့ သော၊တရား စီရင်ခြင်း မျိုး ၊ တရား ဥပဒေ မျိုး များ ပါ၊ချုပ် ငြိမ်း သွား ခဲ့လေသည်။ ထို့အတူ၊ ပဒေသရာဇ် တမင်နှိပ်စက်ဗာ သူကြီး တဦး တည်း ဖြင့်တရား ဥပဒေကိုလက်တလုံး ခြား ပြုလုပ်လျက် မိမိတို့ဆန္ဒရှိရာ ကို ရာသို့ချွဲယူစီရင်ခြင်း စနစ်များ ပါတ ဖြေး ဖြေး ပျောက်ကွယ်လာခဲ့ ၏။

တဆက်တည်း မှာပင်၊ ဆိုရှယ်လစ်တရား ဥပဒေနှင့်အညီ ခုံရုံး ရှိ၍ပြည်သူ့
တရား ကိုပြည်သူ့စီရင် သောစနစ်၊ ပြည်သူ့တရား ဥပဒေအဖြစ်သို့ တဖြည်း
ဖြည်း ပြောင်း လဲ၍အစား ထိုး လာခဲ့ပေသည်။ ထို့ကြောင့်ယနေ့တွင် ၊
ကျေး ရွာ ရပ်ကွက်အလိုက်၊ အဖွဲ့အစည်း နှ နယ်အသီး သီး မှ၊ ပြည်သူတို့ ရွေး ချယ်
ခန့် ထား သော ပြည်သူ့ကိုယ်စား လှယ် တရား သူကြီး များ ရုံးပေါင်း လျက်
တရား ရေး ကော်မီတီဟု ဖွဲ့စည်းထား၍ပြီး ပြည်သူ့တရား ကိုပြည်သူများ
ကိုယ်တိုင် `ဝိုင်း ကြီး ချုပ်စနစ်ဖြင့် စီရင်ဆုံး ဖြတ်လျက်ရှိ ပေသည်။ ရွာသူရွာ
သား များ က နေ နှင့်လည်း ဆိုရှယ်လစ်စနစ် ခေတ်နှင့်အညီ သဘော တ
ရား ခံယူ ချက်ရှိစွာ ဖြင့် အစစအရာရာ မှုတ ကြင်နာ သည်း ခံလျက်၊
ဆက်ဆံ နေထိုင်ခြင်း၊ ကြောင်းပြစ်မှု များ ထူး၍အကြီး အကျယ် မရှိလှ ပေ၊ သာ
မါန်အ သေး အဖွဲ့ပြုမှုမီသည့်အမှုတို့ စယ် လောက်သာ ရှိ ပေသည်။ ထို့ကြောင့်
တခါတရံဖြစ်ပွါး သော ဓား ပေါ် ချော့မှု၊ ကိလေသာ သွေးစည်း မှု၊ ဆဲ ရေး
မှုမျိုး ဖြစ်ခဲ့ပါက၊ ပြည်သူ့ဘို့ ဒါဏ်အဖြစ် ရွာထဲတွင်အမှိုက်ရှင်း၍ ပွတ်ဖို့ နိုင်း၏။
ရိုက်နှက်မှု ဖြစ်ပွါး ပါက၊ နာကျင်ကြေး အဖြစ် ဆေး ဖိုး ဘိုး ၄၀/၅၀ ခန့်
